# အစိမ်းရောင် ကန္တာရ



## တနင်္သာရီတိုင်းမှ ဒေသခံများ MSPP ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို ငြင်းဆန်အံတုမှု

2016

Inside front cover

# အစိမ်းရောင် ကန္တာရ

## တနင်္သာရီတိုင်းမှ ဒေသခံများ MSPP ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို ငြင်းဆန်အံတုမှု

2016

# အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ယခု အစီရင်ခံစာကို အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အချိန်၊ ဗဟုသုတနှင့် ကျွမ်းကျင်မှု အကူအညီ အထောက်အပံ့များမပါဘဲ ထုတ်ဝေရန် မဖြစ်နိုင်ပါ။ အစီရင်ခံစာကို ပူးတွဲရေးသားသောအဖွဲ့များအနေနှင့် Environmental Investigation Agency (EIA) နှင့် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (ALARM) တို့ကို ကျေးဇူးတင်ပါသည်။ ဤအစီရင်ခံစာကို UKaid ၏ ဘဏ္ဍာငွေ အထောက်အပံ့ဖြင့် ထုတ်ဝေပါသည်။

အထူးသဖြင့် 'ရင်းနှီးမြှုပ်နှံမှုများနောက် ခြေရာခံခြင်း' (Follow the Money) အစီရင်ခံစာပါ ရင်းနှီးမြှုပ်နှံမှု ကွင်းဆက် သုတေသနဖြင့် အ ထောက်အကူပေးခဲ့ပါသော နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့ကြီးဖြစ်သော (IDI) ကို ကျေးဇူးတင်စကား ဆိုအပ်ပါသည်။ ဥပဒေရေးရာ စစ်ဆေးပေးပြီး ဥပဒေဆိုင်ရာ အချက်အလက်များအား ဖြည့်စွက်ပေးပါသော Earth Rights International (ERI) ကိုလည်း ကျေးဇူးတင်စကား ဆိုအပ်ပါသည်။

အစီရင်ခံစာနှင့် အတူ ထုတ်ဝေသည့် "အစိမ်းရောင်ကန္တာရ" ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများကို ငြင်းဆန်အံတုနေကြသော တနင်္သာရီ ဒေသမှ လူထုများ" Green Desert: Tanintharyi Community Renounce the MSPP Oil Palm Concession အမည်ရ မှတ်တမ်းရုပ်ရှင်တိုကို စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေး အသင်း (ALARM) မှ တာဝန်ယူဦးစီးပြီး Wide Awake Productions ၏ ရိုက်ကူးချက်များဖြင့်လည်း ထပ်ပေါင်းဖြည့်စွက်ထားပြီး ထုတ်လုပ်ထားပါသည်။ မှတ်တမ်းရုပ်ရှင် စီဒီကို ယခုအစီရင်ခံစာနှင့် အတူ ပူးတွဲ ဖြန့်ဝေထားရှိပြီး www.flegt-alarm.org နှင့် https://www.youtube.com/channel/UCWW0H2J8_vEDHD71WU4SCkg တွင်လည်း ကြည့်ရှုနိုင်ပါသည်။

ယခုထုတ်ဝေချက်ပါ အကြောင်းအရာများအားလုံးသည် အစီရင်ခံစာကို စုပေါင်းပြီး ပူးတွဲရေးသားသော အဖွဲ့အစည်းများ၏ တာဝန်သာဖြစ်သည်။ ထိုအဖွဲ့အစည်းများကို တိုက်ရိုက်ဆက်သွယ်လိုပါက greendesert.tnty@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။ ပူးတွဲရေးသားကြသော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

တာကပေါ်၊တနင်္သာရီမြစ်မကြီးနှင့်ဌာနေတိုင်းရင်းသားများကွန်ယက်၊ တောင်ပိုင်းလူငယ်၊ ပနဲတာကပေါ်၊ ခိုင်မြဲသစ္စာ၊ မြိတ်ရှေ့နေကွန်ရက်နှင့် ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့။

TRIP NET
Tenasserim River & Indigenous People Networks

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသည်။

ယခုအစီရင်ခံစာကို မူပိုင်ခွင့်ထားရှိသော်လည်း စာသားများကို စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများနှင့် သုတေသနဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုလိုပါက ယခုစာစောင်မှ ရယူခြင်းကို အသိအမှတ်ပြုထည့်သွင်းပေးခြင်းဖြင့် အသုံးပြုနိုင်ပါသည်။

အခြားနည်းအမျိုးမျိုးဖြင့် ကူးယူလိုပါက (သို့မဟုတ်) အခြားစာအုပ်စာတမ်းများတွင် ပြန်လည်အသုံးပြုလိုပါက (သို့မဟုတ်) ဘာသာပြန်ခြင်းနှင့် ပြန်လည်ပြုပြင်ရေးသားလိုခြင်းတို့အတွက် ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကာ ငွေကြေးအဖိုးအခ တစ်စုံတစ်ရာ ပေးရမည်ဖြစ်သည်။

အချက်အလက်များသည် စာတမ်းကို ပုံနှိပ်သည့် အချိန်အထိ မှန်ကန်နေဆဲ ဖြစ်သည်။

## သုတေသန နည်းနာ

အစီရင်ခံစာအတွက် သုတေသနကို ကွဲပြားသော အဖွဲ့အစည်းများက ၁၈ လကြာ အချိန်ယူ ပြုစုထားခြင်းဖြစ်သည်။ ယင်း မတူခြားနားသော အဖွဲ့အစည်းများက အစီရင်ခံစာအတွက် သတင်းအချက်အလက် အမျိုးမျိုး ပူးပေါင်းထောက်ပံ့ခဲ့သည်။ ဆီအုန်းစိုက်ဧရိယာရှိ ကျေးရွာများ၏ အကြောင်းကို ကျေးရွာမှတ်တမ်းပြုလုပ်ထားသည်။ ယင်းတို့ကို ၂၀၁၆ ခုနှစ် မတ်လနှင့် ဧပြီလတို့တွင် ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဆွေးနွေးပွဲများ၊ တွေ့ဆုံမေးမြန်းမှုများမှတဆင့် ပြုစုထားခြင်းဖြစ်သည်။ အစီရင်ခံအတွက် ပြင်ဆင်သည့် အနေနှင့် ရှေ့နေများ၊ အငြိမ်းစား အစိုးရ ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ရပ်ရွာဒေသခံများ နှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ MSPP ကို တယ်လီဖုန်း၊ စာတို (Message) တို့ဖြင့် ဆက်သွယ်ပြီး တွေ့ဆုံမေးမြန်းခွင့်တောင်းခဲ့သော်လည်း ပြန်လည်တုံ့ပြန်ခြင်းမရှိပါ။ ကျေးရွာနယ်နိမိတ်နှင့် အခြားထူးခြားသော အချက်အလက်များကို ထိခိုက်ခံစားရသော ကျေးရွာများ၊ GIS ပညာရှင်များ၏ ဒစ်ဂျစ်တယ်နည်းပညာတို့မှတဆင့် စုဆောင်းရရှိပါသည်။

# List of Acronyms

| | |
|---|---|
| **ALARM** | Advancing Life and Regenerating Motherland |
| **CFS** | Committee on World Food Security |
| **CSO** | Civil Society Organisation |
| **DALMS** | Department of Land Management and Surveys |
| **EAO** | Ethnic Armed Organizations |
| **EIA** | Environmental Investigation Agency |
| **EIA** | Environmental Impact Assessment |
| **FAO** | Food and Agriculture Organization of the United Nations |
| **FPIC** | Free, Prior and Informed Consent |
| **HCV** | High Conservation Value |
| **IDI** | Inclusive Development International |
| **IDP** | Internally Displaced Person |
| **JBIC** | Japan Bank for International Cooperation |
| **JMC** | Joint Monitoring Committee |
| **KNU** | Karen National Union |
| **MIC** | Myanmar Investment Commission |
| **MOAI** | Ministry of Agriculture and Irrigation |
| **MONREC** | Ministry of Natural Resources and Environmental Conservation |
| **MSPP** | Myanmar Stark Prestige Plantation |
| **NBIM** | Norges Bank Investment Management |
| **NCA** | National Ceasefire Agreement |
| **RSPO** | Roundtable on Sustainable Palm Oil |
| **SIA** | Social Impact Assessment |
| **UNDRIP** | United Nations Declaration on the Rights of Indigenous Peoples |
| **VFV** | Vacant, Fallow or Virgin land |
| **VGGT** | Voluntary Guidelines for the Responsible Governance of Tenure of Land, Fisheries, and Forests in the Context of National Food Security |
| **WWF** | World Wildlife Fund |
| **GPFG** | Norwegian Government Peinsion Fund Global |

# မာတိကာ


အစီရင်ခံစာ အနှစ်ချုပ် ၈

၁။ သုတေသန နည်းနာနှင့် အစီရင်ခံစာ တွင် ပါဝင်သော အကြောင်းခြင်းရာများ ၁၂

၂။ ကမ္ဘာ့ ဆီအုန်းစိုက်ခင်းများ တိုးချဲ့လာမှု ၁၄

၂.၁ ဒေသခံရပ်ရွာလူထုများနှင့် ဌာနေတိုင်းရင်းသားများ အပေါ် ဆိုးကျိုးသက်ရောက်မှု ၁၄

၂.၂ အလုပ်သမား ရေးရာများ ၁၄

၂.၃ သဘာဝပတ်ဝန်းကျင် အပေါ်တွင် ထိခိုက်မှုများ ၁၅

၃။ မြန်မာနိုင်ငံအတွင်းသို့ တိုးချဲ့စိုက်ပျိုးလာသော ဆီအုန်းစိုက်ခင်းများ ၁၆

၄။ The Myanmar Stark Prestige Plantation (MSPP) ၏ ဖြစ်စဉ်အားလေ့လာချက် ၂၀

၄.၁ ဒေသ၏ လူမှုရေး မျက်နှာစာ: နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီးသော တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှု ၂၀

၄.၂ MSPP ၏ ဖက်စပ် လုပ်ငန်းပုံစံတည်ဆောက်ပုံ နှင့် ဝင်ငွေစီးဆင်းမှု ၂၃

က) မြန်မာနိုင်ငံရှိ Stark Industries ကုမ္ပဏီ လီမိတက် ( မြန်မာ) ၂၃

ခ) Samling အုပ်စု (မလေးရှား) ၂၄

ဂ) ဝင်ငွေ စီးဆင်းမှုနှင့် ဘဏ္ဍာငွေကြေး ထောက်ပံ့သူများ ၂၅

၄.၃ MSPP မြေယာ လုပ်ပိုင်ခွင့်နှင့် မြေယာ ပဋိပက္ခ ၂၉

က) MSPP မြေလုပ်ပိုင်ခွင့်အတွက် အစိုးရမှ ခွင့်ပြုချက် ထုတ်ပေးခြင်း ၂၉

ခ) မြေလုပ်ပိုင်ခွင့် ချပေးမှုတွင် ကွဲပြားမှု ရှိနေခြင်း ၃၁

ဂ) အစိုးရဌာနများမှ မြေခွဲခြားသတ်မှတ်မှုများ ထပ်နေခြင်း ၃၃

MSPP အဖြစ်အပျက်များ ရက်စွဲမှတ်တမ်း ၃၅

၄.၄ MSPP မြေလုပ်ပိုင်ခွင့်ကြောင့် ဒေသခံများ၏အသက်မွေးဝမ်းကြောင်းအပေါ် ထိခိုက်မှုများ ၃၆

က) သစ်ထုတ်လုပ်ခြင်းနှင့် သီးနှံများ ပျက်စီးခြင်း ၃၆

ခ) MSPP ကြောင့် ရေများညစ်ညမ်းခြင်း ၃၆

ဂ) အသက်မွေးဝမ်းကြောင်း ဆုံးရှုံးခြင်းနှင့် အကြွေးတင်လာခြင်း ၃၇

ဃ) ထိခိုက်သည့် ဌာနေတိုင်းရင်းသား ဒေသခံများထံမှ ပြန်လည်တုန့်ပြန်မှု အပြီးတွင် ဒေသခံများ၏ တုန့်ပြန်လှုပ်ရှားခဲ့သော အဖြစ်အပျက် ရက်စွဲ မှတ်တမ်းများ ၃၇

ဒေသခံများမှ တုန့်ပြန်ခဲ့သည့် အဖြစ်အပျက် ရက်စွဲမှတ်တမ်းများ ၃၈

၄.၅ MSPP မှလိုက်နာမှုမရှိသော မြန်မာနိုင်ငံတွင်းရှိ ဥပဒေများနှင့် နိုင်ငံတကာ စံနှုန်းများအား လိုက်နာမှု မရှိခြင်း၃၉

က) လိုက်နာခဲ့ခြင်း မရှိသည့် ယခင် ကထုတ်ပြန်ခဲ့သည့် ဥပဒေမူဘောင်များ ၄၀

ခ) MSPP သည် လက်ရှိထုတ်ပြန်ထားသော ဥပဒေအသစ်များနှင့် အညီ လိုက်နာဆောင်ရွက်သင့်သည် ၄၁

ဂ) နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် လူ့အခွင့်အရေး မူဘောင်များ ၄၂

၅။ နိဂုံးနှင့် အကြံပြုချက်များ ၄၆

၅.၁ MSPP နှင့် ၎င်း၏ Samling Group (မလေးရှား) နှင့် Stark Industries Co., Ltd. (မြန်မာ)သို့ အကြံပြုချက်များ ၄၇

၅.၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရထံသို့ အကြံပြုချက်များ ၄၇

၅.၃ ကရင်အမျိုးသား အစည်းအရုံး (KNU) သို့ အကြံပြုချက်များ ၄၈

၅.၄ Samling Group နှင့် Glenealy စိုက်ခင်းများတွင် ရင်းနှီးမြှုပ်နှံနေသူများသို့ အကြံပြုချက်များ ၄၉

၅.၅ Samling အဖွဲ့ကြီးနှင့် ၎င်း၏လက်ခွဲဖြစ်သော Glenealy စိုက်ခင်းများအား အမေရိကန်ဒေါ်လာ ၁၂၄ သန်းဖြင့် အစပြုထောက်ပံ့ပေးနေသော မေဘင်္ကသို့ အကြံပြုချက်များ ၄၉

နောက်ဆက်တွဲ ၁ - ၆ ၅၀

# အစီရင်ခံစာအနှစ်ချုပ်

ကမ္ဘာတစ်လွှားရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများမှာ ဌာနေတိုင်းရင်းသားများကို အတင်းအဓမ္မပြောင်းရွှေ့စေမှု၊ လုပ်အားခေါင်းပုံဖြတ်မှုနှင့် အလျင်အမြန် သစ်တောပြုန်းတီးလာခြင်းတို့ကြောင့် အဝေဖန်ခံနေရသည်။ ထိုသို့နာမည်ဆိုးရှိသော လုပ်ငန်းများ မြန်မာနိုင်ငံသို့[1] ချဲ့ထွင်ရောက်လာပြီး လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ကို ဆိုးဝါးစွာ ထိခိုက်ပျက်စီးစေလျက်ရှိသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်ဖျား တနင်္သာရီ တိုင်းဒေသကြီးတွင် စစ်အစိုးရနှင့် နီးစပ်သောကုမ္ပဏီများသို့ ဆီအုန်း စိုက်ပျိုးရန် အတွက် ဧက ၁ ဒသမ ၈ သန်းကျော်ချထားပေးခဲ့သည်။ အစိုးရ၏ အားနည်းလှသော မြေယာအသုံးချမှုအစီအစဉ်ကြောင့် တစ်ကမ္ဘာလုံးနှင့်ဆိုင်ပြီး အရေးပါလှသည့် မြေပြန့်မုတ်သုံသစ်တော အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟာစနစ်အရ တန်ဖိုးမြင့်မားလှသော သစ်တောများကိုပါ ဆီအုန်းကုမ္ပဏီများမှ ရယူသွားသည်။ ယင်းအပြင် ဆီအုန်းစိုက်ခင်းများက ဌာနေတိုင်းရင်းသားတို့ ထုံးတမ်းနှင့် အညီနေထိုင်လာသော နယ်မြေများကိုပါ ရောက်ကျူးကျော်ခဲ့ပြီး နှစ်ပေါင်း ခြောက်ဆယ်ကျော်ကြာ ပြည်တွင်း စစ်ဒဏ်ခံခဲ့ရသော ဒေသများတွင် မြေယာပဋိပက္ခများ ဖြစ်ပွားစေခြင်း၊ ဒေသခံတို့၏ လူမှုဘဝကို ပျက်ယွင်းစေခြင်းတို့ ဖြစ်စေခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး အသွင်ကူးပြောင်းမှုကို တိုးတက်စေမည်ဟု မျှော်လင့်ထားပြီး တစ်ပြိုင်နက် တိုးချဲ့လုပ်ကိုင်လျက်ရှိနေသော ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကြောင့် လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဆိုးများကို ပိုမိုကာမီးထိုးပေးရာရောက်မည့် အန္တရာယ်ရှိနေသည်။ ယခုအစီရင်ခံစာသည်ယင်းဘေးအန္တရာယ်များကိုသဘောပေါက်လာစေရန်နှင့် လက်ရှိအခြေအနေများကို မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ပါသည်။ ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ ၁၈ လကြာ သုတေသနပြုမှုကို အခြေပြု၍ အငြင်းပွားဖွယ်ရာဖြစ်နေသော Myanmar Stark Prestige Plantation (MSPP) စီမံကိန်းကို အခြေခံကာ အထူးလေ့လာစရာ စီမံချက်ဇာတ်လမ်းအဖြစ် မှတ်တမ်းတင်ပြီး မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို မှတ်တမ်းပြုထားပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၅ သန်းတန် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် ၂၀၁၁ ခုနှစ်တွင် Myanmar Stark Prestige Plantation (MSPP) ကို တနင်္သာရီတိုင်း၊ မြိတ်ခရိုင်တွင် မြေဧက ၃၈၀၀၀ ချထားပေးခဲ့သည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) က ထိုလုပ်ပိုင်ခွင့်ချထားပေးသော ဧရိယာကို မြိတ်-ထားဝယ်ခရိုင် လာမူလဲမြို့နယ်အမည်ဖြင့် အုပ်ချုပ်သည်။ သို့သော် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် အမှန်တစ်ကယ် လုပ်ပိုင်ခွင့် ဧရိယာကို သိရှိနိုင်ရန် ခက်ခဲလှသည်။ ၂၀၁၄ ခုနစ်တွင် MSPP က စိုက်ထူခဲ့သည့် စီမံကိန်းဆိုင်းဘုတ်အရ လုပ်ပိုင်ခွင့် ဧရိယာသည် ၄၂၂၀၀ ဧက ရှိသော်လည်း ၂၀၁၅ ခုနစ် ကုမ္ပဏီ မြေပုံအရ တိုင်းတာမှုကို ပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်နယ်နမိတ်မှာ ၄၉၂၂၇ ဧကရှိသည်။

MSPP မှာ မလေးရှားနိုင်ငံ အခြေစိုက် အစုရှယ်ယာ ၉၅ ရာခိုင်နှုန်းပိုင်ဆိုင်သော Prestige Platform နှင့် မြန်မာအခြေစိုက် အစုရှယ်ယာ ၅ရာခိုင်နှုန်းပိုင်ဆိုင်သော Stark Industries တို့ ဖက်စပ်တည်ထောင်ထားသည်။ မြန်မာဘက်မှ Stark Industries ကို တပ်မတော်၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ[2] နှင့် နီးစပ်သော မြန်မာလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဒေါ်မြသီတာဆွေတင်[3] က တည်ထောင်ပိုင်ဆိုင်ထားသည်။ Prestige Platform သည် Glenealy Plantations ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး Glenealy Plantations သည်လည်း မလေးရှား လုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် Samling အုပ်စု၏ လက်အောက်ခံလုပ်ငန်းတစ်ခု ဖြစ်သည်။ Samling လုပ်ငန်းစုနှင့် Glenealy Plantations တို့မှာ ဆိုးဝါးသော ဂုဏ်သိက္ခာမဲ့သည့် လုပ်ငန်းကြီးများအဖြစ်ကျော်ကြားပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများ၊ လူ့အခွင့်ရေးချိုးဖောက်မှုများ[4]ကို ကျူးလွန်ထားသဖြင့် ဝေဖန်ပြစ်တင်ခံနေရသည်။ MSPP စီမံကိန်းကို မလေးရှားအခြေစိုက် စီးပွားရေး ဘဏ်ကြီးတစ်ခုဖြစ်သော Maybank က ဘဏ္ဍာငွေထောက်ပံ့ထားပြီး Glenealy Plantations ကို အမေရိကန်ဒေါ်လာ ၁၂၄ သန်းတန်ဖိုးရှိ ငွေချေးစာချုပ်များဖြင့် ထုတ်ချေးထားခြင်းဖြစ်သည်။ [5] Maybank ကိုလည်း ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)၊ နော်ဝေဘဏ်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးအဖွဲ့(NBIM) က စီမံခန့်ခွဲသော နော်အဝေးအစိုးရ၏ ပင်စင်ရန်ပုံငွေအဖွဲ့နှင့် အခြားသော ဥရောပနှင့် မြောက်အမေရိက တို့ရှိ(၈) နေရာသော ပင်စင်ရန်ပုံငွေအဖွဲ့များ အပါအဝင် နိုင်ငံတကာ ဘဏ္ဍာငွေကြေးအဖွဲ့အစည်းပေါင်း များစွာမှလည်း ဆက်စပ်ငွေကြေး

---

1. Myanmar Oil Palm Plantations – productivity and sustainability review 2016, Chapter 4, History of the Oil Palm in Myanmar, Flora and Fauna International, 2016: http://www.fauna-flora.org/publications/reports-documents/

2. Facebook, Tein Htay. https://www.facebook.com/myathidar.swaytin?fref=ts&__mref=message_bubble

3. Facebook, Mya Thida https://www.facebook.com/myathidar.swaytin?fref=ts&__mref=message_bubble and https://www.linkedin.com/in/mya-thidar-sway-tin-809b7631

4. Section 4.2 of this report details abuses committed by Samling and Glenealy, which are also documented by the following sources: Global Witness. "The Untouchables," December 1999. https://www.globalwitness.org/sites/default/files/pdfs/untouchables.pdf Global Witness. "Background investigation into companies bidding for Liberian forest management contracts," July 2009 https://www.globalwitness.org/sites/default/files/pdfs/global_witness_background_investigations_into_forest_management_contracts_15_july_2009_1.pdf

5. Thompson One: https://www.thomsonone.com/



MSPP ဆီအုန်းလုပ်ပိုင်ခွင့်ရရှိသောမြေနေရာ (သက်ဦးမောင်)

ထောက် ပံ့မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို ထားရှိသည်။

MSPP ၏ ဆီအုန်းစိုက်ပျိုးဧရိယာသည် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ နှစ်ပေါင်း ခြောက်ဆယ်ကျော်ကြာ စစ်ရေးပဋိပက္ခဖြစ်ပွားနေသော နေရာတွင်ရှိသည်။ မြန်မာ့တပ်မတော်၏ ထိုးစစ်များကြောင့်လည်း ဒေသခံကရင် တိုင်းရင်းသားများမှာ ၎င်းတို့၏ နေအိမ်များကို အကြိမ်ပေါင်းများစွာ စွန့်ခွာထွက်ပြေးခဲ့ရဖူးပြီး တောများတွင် ပုန်းခိုကာ ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင်လည်း နေထိုင်ခဲ့ရဖူးသည်။[6] ၁၉၉၇ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် အတွင်း မြန်မာတပ်မတော်သည် MSPP ၏ စိုက်ပျိုးဧရိယာများ အတွင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအမျိုးမျိုးကြောင့်နာမည်ဆိုးဖြင့် ကျော်စောထင်ရှားသည်။ ပစ္စည်းဥစ္စာများ ခိုးယူဖျက်ဆီးခြင်း၊ အတင်းအဓမ္မအလုပ်များခိုင်းစေခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ အရပ်သားများကို ထင်ရာစိုင်းသတ်ဖြတ်ခြင်း ရှိခဲ့သည်။[7] မြန်မာအစိုးရနှင့် KNU တို့သည် ၂၀၁၂ ခုနှစ်တွင် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သဖြင့် ယခင်က စစ်ရေး လှုပ်ရှားမှု နယ်မြေမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၏ နယ်မြေအဖြစ် ပုံစံတစ်မျိုးဖြင့် အသွင်ပြောင်းလာသည်။ ဆီအုန်းစိုက်ပျိုးနယ်မြေရှိ ကျေးရွာများမှာ မြန်မာအစိုးရ နှင့် KNU တို့ နှစ်ဘက်စလုံး ရောပြွန်းအုပ်ချုပ်သော ဒေသတွင် ရှိသည်။ ထိုကြောင့်ပင်လျှင် ဆီအုန်းကြောင့်ဖြစ်လာသော ဝေဖန်ပြစ်တင်ချက်များ၊ ပြဿနာများကို တစ်ဖက်နှင့် တစ်ဖက်လွှဲချနေကြပြီး မည်သည့်ဘက်ကမှ တာဝန်ခံ၊တာဝန်ယူခြင်းမရှိဘဲ ဒေသခံများကို ပိုမို၍အကာအကွယ်မဲ့စေသည်။ [8]

MSPP နှင့် ဆက်စပ်နေသော ပြဿနာ အများစုမှာ အစိုးရ၏ မြေပြင်အခြေအနေနှင့် သဟဇာတဟပ်စပ်မှုမရှိသည့်ညံ့ဖျင်းလှသော မြေအသုံးချ စီမံမှုကြောင့် ဖြစ်သည်။ ပြည်တွင်းစစ်ဒဏ်နှင့် ပြောင်းရွှေ့နေထိုင်ရမှုများကြောင့် ဒေသတိုင်းရင်းသား ကရင်ရွာသားများသည် ၎င်းတို့၏ မြေယာများကို မြန်မာအစိုးရနှင့်ကော KNU တွင်ပါ မှတ်ပုံတင်ခြင်း မပြုနိုင်သည့်အတွက် အထောက်အထားပြနိုင်သော မြေယာပိုင်ဆိုင်မှု မရှိသည့် အနေအထားတွင် ရှိသည်။ MSPP ၏ မြေလုပ်ပိုင်ခွင့်သည် ရွာလေးရွာပိုင်သည့် ဒေသခံများနေထိုင်သည့် မြေနှင့် စိုက်ပျိုးမြေဧက စုစုပေါင်း ၃၈၉၀၀ ပါဝင်နေပြီး ထိုနေရာများကို ပြည်ထောင်စုအစိုးရက မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် မှားယွင်းစွာ သတ်မှတ်ထားခဲ့သည်။[9] MSPP သို့ မြေလုပ်ပိုင်ခွင့် ပေးရာတွင် တနင်္သာရီ အမျိုးသားဥယျာဉ် [10] အဖြစ် သတ်မှတ်ပေးရန် အဆိုပြုထားသည့် နေရာပါ ပါဝင်နေပြီး ကုမ္ပဏီသည် ဇီဝမျိုးစိတ်

6. https://www.hrw.org/reports/2005/burma0605/3.htm
http://khrg.org/2011/03/khrg11f3/militarization-development-and-displacement-conditions-villagers-southern
Revolution as Development: The Karen Self-Determination Struggle Against Ethnocracy (1949 - 2004), Jack Fong, Universal Publishers, 2008

7. "Burma Army Killed 11 hiding Karen villagers," KNU Mergui-Tavoy Information Department. 25 November 1999. http://www.burmalibrary.org/reg.burma/archives/199911/msg00849.html
Arnott, David. Collected Reports to the UN General Assembly by the Special Rapporteurs on the Situation of Human Rights in Myanmar. August 2003. http://www.burmalibrary.org/docs/Collected_SRM_GA_reports-B.htm

8. 20-25 February 2016: When villagers complained to the KNU, they were referred to the Myanmar Government as it is they who issued the permit to MSPP. However, when villagers complained to the Myanmar Government, they were referred back to the KNU who controls the area.

9. Personal communication with staff at Department of Land Measurement and Surveys (DALMS)

10. At present community land has been allocated by different Government ministries as both an oil palm concession and a national park. The boundaries of the national park have been re-drawn but have not yet been approved by the Regional Minister.

ပေါ်များစုံလင်မှု အလွန်အမင်းမြင့်မားပြီး အရေးကြီးသည့် ကျားများ ခိုလှုံရာသစ်တောကို ဖျက်ဆီးခွင့်ပြုလိုက်သကဲ့သို့ ပင်ဖြစ်သည်။

MSPP စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်လျှက်ရှိသော လုပ်ပိုင်ခွင့်ရထားသည့် မြေနေရာသည် ခန့်မှန်းခြေ လူဦးရေ ၄၄၈၀ ဦး (နောက်ဆက်တွဲတွင်ကြည့်ပါ) နေထိုင်သည့် ကရင်ဌာနေတိုင်းရင်းသားနေထိုင်လျှက်ရှိသော နေရာအတွင်းတွင် ကျရောက်လျှက်ရှိပြီး စုစုပေါင်းကျေးရွာ(၁၃)ရွာကို ဆိုးဝါးသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်ပွားစေခဲ့သည်။[11] ကုမ္ပဏီသည် ဒေသခံတိုင်းရင်းသားများ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် မှီခိုနေရသည့်ကွမ်းခြံနှင့် သီဟိုဠ်ခြံများအပါအဝင် ဥယျာဉ်ခြံမြေဧက ၆၀၀၀ ကျော်ကို ၂၀၁၁ ခုနစ် ကတည်းက ရှင်းလင်းခဲ့သည်။ မှီခိုနေရသည့်မြေများ ဖျက်ဆီးခံရသည့် မိသားစုများသည် အကြွေးထူပြောလာခြင်းနှင့် လုပ်ခနည်းပါးသည့် နေ့စားအလုပ်သမားများ အဖြစ် လုပ်ကိုင်ရခြင်းများ ရှိလာသည်။ MSPP က ထိုမိသားစုများ၏ မြေများကို သိမ်းပြီး ကတည်းက ရွာသားများသည် မိသားစုကို ကျွေးမွေးရန်၊ အဝတ်အထည် ဆင်မြန်းပေးရန် ငွေကြေး/ ဝင်ငွေ အလုံအလောက်မရရှိတော့ပေ။ ထို့အပြင် MSPP က သုံးစွဲခဲ့သည့် ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကြောင့် ဒေသခံတို့၏ ရေအရင်းအမြစ်များ အဆိပ်သင့်ကာ ကျွဲ၊ နွား တိရစ္ဆာန်များမှာ ပုံမှန်မဟုတ်သောနည်းလမ်းများဖြင့် အလျှင်အမြန်သေဆုံးမှုများဖြစ်ပေါ်လာစေပြီး ရွာသားများမှာလည်း အရေပြားယားယံခြင်းနှင့် ဝမ်းလျော၊ဝမ်းပျက်ခြင်းတို့ကိုတစ်ပြိုင်နက် ခံစားနေရသည်။[12] MSPP သည် ရွာသားများအား ထိုသို့သော ဆိုးကျိုးများအတွက် တရားမျှတသော လျော်ကြေး မပေးခဲ့ဖူးပေ။

MSPP ဆီအုန်းစီမံကိန်းသည် နိုင်ငံတကာ လူ့အခွင့်အရေး ကျင့်ဝတ်များနှင့် ပြည်တွင်း ဥပဒေများစွာကိုလည်း လိုက်နာရန် ပျက်ကွက်ခဲ့သည်။ မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ လုပ်ပိုင်ခွင့်ကို စတင်ရရှိခဲ့စဉ်အချိန်မှစပြီး လုပ်ငန်းလုပ်ကိုင်သည့် မြေရယူရာတွင် လိုအပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီမှ ခွင့်ပြုချက်ရယူခဲ့ခြင်း မရှိပေ။ ထိုကဲ့သို့ခွင့်ပြုချက်တောင်းယူခဲ့ဖူးကြောင်း သက်သေအထောက်အထားလည်း မရှိပေ။ MSPP သည် ဒေသခံများပိုင် မြေယာကိုသိမ်းဆည်း ရယူရာတွင် ၁၉၈၄ မြေသိမ်းဥပဒေအရသာ သိမ်းယူရမည်ဖြစ်သည်။ ထိုဥပဒေအရ မြေမသိမ်းမီတွင် အများပြည်သူများအား အသိပေးသည့် အမိန့်ကြေငြာစာထုတ်ပြန်ခြင်း၊ ကန့်ကွက်ရန်အတွက် အခွင့်အရေးပေးခြင်းများ မရှိခဲ့ဖူးပေ။[13] MSPP သည် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်း (UNDRIP)[14] ပါ ဌာနေကရင်ဒေသခံများ၏ ကောင်းစွာကြိုတင် အသိပေးထားသော ဒေသခံတိုင်းရင်းသားများနှင့် လွတ်လပ်၍ကြိုတင်အသိပေး သဘော တူညီမှုရယူရမည့် သဘောတူညီချက် (FPIC)[15] ကိုပါ ချိုးဖောက်နေသည်။

၂၀၁၆ ခုနစ် ဇူလိုင်လတွင် တနင်္သာရီတိုင်း အပစ်အခတ် ရပ်စဲမှုပူးတွဲစောင့်ကြည့်ရေး ကော်မတီက ဒေသခံများ၏ တောင်းဆိုချက်ကြောင့် MSPP ကိစ္စကို ဆွေးနွေးခဲ့သည်။ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြို့နယ်ရဲတပ်ဖွဲ့က MSPP ၏ လုပ်ငန်းများအားလုံးကို မြေယာပဋိပက္ခကိစ္စရပ်များအား ဖြေရှင်းရန် ရွာသားများနှင့် သင့်တော်သည့်ညှိနှိုင်းမှု မလုပ်မချင်း ယာယီရပ်ဆိုင်းရန် စာတစ်စောင် ပေးပို့ခဲ့သည်။ တစ်နှစ်ခွဲကျော်ကြာသည့်တိုင် ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒပြမှုများနှင့် တိုင်တန်းမှုများအပြီး ထိုရပ်ဆိုင်းမှုသည် MSPP ဆီအုန်းစိုက်ခင်း စီမံကိန်းကြောင့် ဖြစ်ပွားခဲ့သည့် ပြဿနာများကို ရေရှည်အဖြေရှာရန် အခွင့်အရေးပင်ဖြစ်သည်။

MSPP ဖြစ်ရပ်သည် မြန်မာနိုင်ငံ၏ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် ဆီအုန်းစိုက်ခင်း တိုးချဲ့ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အန္တရာယ်ရှိကြောင်း မီးမောင်းထိုးပြနေသည်။ ယင်းကြောင့် ယခုအစီရင်ခံစာသည် အစိုးရအနေဖြင့် MSPP နှင့် ပတ်သက်နေသည့် အငြင်းပွားမှုကို ဖြေရှင်းပေးရုံသာမက ဆီအုန်းကဏ္ဍတစ်ခုလုံးကိုပါစနစ်တကျကိုင်တွယ်ရန် စည်းရုံးလှုံ့ဆော်လျှက်ရှိပါသည်။ မြန်မာအစိုးရသည် ဆီအုန်းစိုက်ခင်း တိုးချဲ့ခြင်းနှင့် လုပ်ပိုင်ခွင့် အသစ်ချပေးထားခြင်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်စောင့်ကြပ်ကြည့်ရှုမှုကို လုပ်ဆောင်ရန်နှင့် ဖောက်ဖျက်ကျူးလွန်မှုများအား အရေးယူမှုများပြုလုပ်သင့်ပြီး လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် သင့်တော်သည့် အကာအကွယ် ယန္တရားများထားရှိနိုင်သည့် အချိန်အတိုင်းအတာတစ်ခုအထိ ရပ်တန့်ထားသင့်သည်။

ယခုအစီရင်ခံစာသည် ဗဟိုအဆင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နှစ်ဘက်တစ်ပြိုင်နက်အုပ်ချုပ်မှု ရောယှက်နေသောကြောင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အလွန်အမင်းလျော့ရဲလျှက်ရှိသည့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် အကြီးစားရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ရန်ခွင့်ပြုခြင်းသည် ဆိုးဝါးလှသော စွန့်စားမှုကြီးတစ်ခုဖြစ်ကြောင်း မီးမောင်းထိုး ပြသနေပါသည်။ ထို့ပြင် ထိုဒေသတွင်းရှိ တိုင်းရင်းသား ဒေသခံများသည် မြေယာပိုင်ဆိုင်ရေးအတွက် စိတ်ချလုံခြုံမှုမရှိဘဲ ပြည်တွင်းစစ်ကြောင့် မြေယာမှတ်ပုံတင်ခြင်းများလည်း မပြုနိုင်ပေ။

သို့ပါသောကြောင့် ခိုင်မာသည့် အုပ်ချုပ်မှုယန္တရားနှင့် အဓိပ္ပါယ်ပြည့်

11. There are 4 villages in the concession area with the following population in each; 1) Thein Pyin – 865 people, 2) Kawat – 189 people, 3) Baw Sa Nway – 190 people, 4) Swae Chaung Wa – 66 people.

12. Testimony by affected community members, February 2016

13. See section 4.5 of the report for a full explanation of how MSPP did not comply with the 1894 Land Acquisition Act.

14. http://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf

15. https://www.oxfam.org/sites/www.oxfam.org/files/file_attachments/oxfam-community-right-decide-infographics-v2.pdf




MSPP ၏ မြေယာသိမ်းဆည်းခြင်းခံရသော ဒေသခံများ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ် (သက်ဦးမောင်)

ပြီး အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်သို့ မရောက်ရှိမချင်း ဤကဲ့သို့ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုကို ကောင်းမွန်စွာ စောင့်ကြပ်ကြည့်ရှုထိန်းကျောင်းသည့် ယန္တရားတစ်ခုထားရှိပြီးသည့် အချိန်အတိုင်းအတာတစ်ခုအထိ ထိုလုပ်ငန်းများအပေါ်တွင် ဆိုင်းငံ့ထားရေး နားလည်မှု စာချွန်လွှာကို စတင်လုပ်ဆောင်ရန်လိုအပ်လျက်ရှိပါသည်။

## အဓိက အကြံပြုချက်များ

- MSPP သည် စိုက်ပျိုးခြင်း မပြုရသေးသည့် မြေများကို ဌာနေကရင်တိုင်းရင်းသားရွာသားများထံသို့ ပြန်လည်ပေးအပ်ရန်နှင့် ဆီအုန်းစိုက်ပြီးသားနေရာများအတွက် မြေယာများပိုင်ဆိုင်သည့် ရွာသားများနှင့် သဘောတူညီချက်ရရှိသည်အထိ ညှိနှိုင်းပြီး တရားမျှတသည့် လျော်ကြေးများ ပြန်လည်ပေးအပ်ရန်နှင့် အစိုးရသစ်၏ မြေယာပြန်ပေးခြင်းနှင့်ပတ်သက်သော ညွှန်ကြားချက်ကို လိုက်နာရန်။

- MSPP နှင့် အခြား မည်သည့် ဆီအုန်းစီမံကိန်းများမဆို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း၊လုပ်ငန်းစဉ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုလေ့လာဆန်းစစ်ချက် ပြုလုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုအတွက် စီမံခန့်ခွဲရေး လုပ်ငန်းအစီအစဉ်များအား ရေးဆွဲရန်။ထို့ပြင် MSPP နှင့် အခြား မည်သည့်ဆီအုန်းကုမ္ပဏီများအားလုံးမဆို စီမံကိန်းတွင် ရှိသောသတင်းအချက်အလက်များ အားလုံးကို အများသိစေရန် ဖော်ထုတ်ပြသအသိပေးသင့်သည်။

- MSPP စီမံကိန်းအနေဖြင့် သက်ဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ် နည်းများကို မဖြည့်ဆည်းပေးနိုင်မီ အချိန်ထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် MSPP စီမံကိန်းအတွက် ခွင့်ပြုချက်ထုတ်ပေးထားခြင်းကို ပြန်လည်ရုပ်သိမ်းသင့်သည်။

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(MOALI)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) နှင့် တနင်္သာရီတိုင်းအစိုးရသီးသီးတို့သည် သင့်တော်သည့် ဥပဒေများ၊ အကာအကွယ်များနှင့် အဓိပ္ပါယ်ပြည့်ဝသည့် ငြိမ်းချမ်းရေးစာချုပ် မရှိသေးမီ ဆီအုန်းစီမံကိန်းတိုးချဲ့ခြင်းအားလုံးအတွက် စောင့်ကြပ်ကြည့်ရှုသည့်နည်းလမ်းတစ်ခုဖြင့် ထိန်းသိမ်းမှု ပြုလုပ်ထားသင့်ပြီး အချိန် အတိုင်းအတာတစ်ခုထိ ရပ်နားထားမည့် နားလည်မှု စာချွန်လွှာတစ်ခုထားရှိသင့်သည်။ ဆီအုန်း လုပ်ကွက်အသစ် များနှင့် လက်ရှိဆီအုန်းလုပ်ငန်းများ အတွက် EIA လုပ်ဆောင်ရန်နှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ်ရေးဆွဲရန် လိုအပ်ချက်များအား ပြဋ္ဌာန်းသင့်သည်။

- ကရင်အမျိုးသား အစည်းအရုံး (KNU) ဗဟိုကော်မတီအနေဖြင့် MSPP လုပ်ငန်းများ အားလုံးကို ဆိုင်းငံ့ကာ MSPP နှင့် ဒေသခံကရင်တိုင်းရင်းသားများကြား မြေယာပဋိပက္ခကို ဖြေရှင်းရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်ကာ အရေးယူမှု ပြုလုပ်သင့်သည်။

- မဘောက်သည် Samling Group နှင့် ၎င်း၏ လုပ်ငန်းစုများမှ နုတ်ထွက်သင့်သည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးဘဏ် (JBIC)၊ နော်ဝေအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့ (GPFG)နှင့် အခြား ပင်စင် ရန်ပုံငွေအဖွဲ့များ၏ မဘောက်သို့ ငွေကြေးထောက်ပံ့နေမှုသည် Samling Group နှင့် ၎င်း၏ လုပ်ငန်းစုများသို့ သွယ်ဝိုက် ငွေကြေးထောက်ပံ့နေခြင်းမျိုး မရှိကြောင်း သေချာအောင် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်သင့်သည်။

# ၁။ သုတေသန နည်းနာနှင့် အစီရင်ခံစာတွင်ပါဝင်သည့် အကြောင်းခြင်းရာများ

ယခုအစီရင်ခံစာအတွက် သုတေသနနှင့် စိစစ်သုံးသပ်ချက်များကို အဖွဲ့အစည်း ၁၂ ခုက ၁၈ လကြာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များ ပြုစုခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ စိုက်ပျိုးမြေစီမံကိန်းဧရိယာကို မြေပုံရေးဆွဲခြင်း၊ မြေပြင်အရောက် အချက်အလက်များကို အတည်ပြုကောက်ခံခြင်းတို့အပြင် MSPPစီမံ ကိန်းကြီးအား နောက်ကွယ်မှ ငွေကြေးထောက်ပံ့နေသော ဂင်ငွေကွင်းဆက်ကြီးကို စုံစမ်းထောက်လှမ်း ခြေရာခံခြင်းစသည့် အမျိုးမျိုးသော သတင်းအချက်အလက်များကို မတူခြားနားသော အဖွဲ့အစည်းများ အသီးသီးက မိတ်ဖက်ပြုကာ အတူတကွ စုပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။

**ရပ်ရွာဒေသများ၏ မြေပုံများ**ကို မတူခြားနားသော အဖွဲ့အစည်းများက ကောက်ယူထားပြီး ယင်းကဲ့သို့ကောက်ယူရာတွင် ကျေးရွာမြေနှင့် သုံးဘက်မြင် 3D အချက်အလက်များ အပါအဝင်၊ Spatial အချက်အလက်များကောက်ယူခြင်း၊ ကွန်ဒိုမြေပုံများရေးဆွဲခြင်း၊ ကောင်းကင်ဓာတ်ပုံများ ပါဝင်သည်။ ထိုသို့ကောက်ယူရာတွင်မြေပုံ အသေးစိတ်ကောက်ကြောင်း (ကွန်ဒိုမြေပုံ)၊ Google Earth ဓာတ်ပုံများနှင့် ဒေသခံများ ကိုယ်တိုင်ပါဝင်ရေးသားသော မြေပုံရေးဆွဲခြင်းနည်းနာများကို အသုံးပြုထားခြင်းဖြစ်ပါသည်။ အစီရင်ခံစာတွင် စုစုပေါင်း ကျေးရွာဧရိယာကိုသာပြုစုထားသော်လည်း သုတေသီများက မြေယာအသုံးချမှုနှင့် မြေယာလွှမ်းခြုံမှု မြေပုံများကိုပါ အသေးစိတ် ရေးဆွဲထားပါသည်။ မြေပုံပါ အချက်အလက်များကို မှန်ကန်ခြင်း ရှိမရှိ ပြန်လည် ဆန်းစစ်နိုင်ရန်နှင့် တိကျမှုရှိစေနိုင်ရန် ယင်းမြေပုံများကို စီမံကိန်း ဧရိယာဝန်းကျင်ရှိ ရပ်ရွာလူထုများနှင့်လည်း ပြန်လည်အတည်ပြုပြီး ဂေမျှဆွေးနွေးခဲ့ပါသည်။

**လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသော** ရပ်ရွာမြေပုံများ၊ လွှမ်းခြုံ သော မြေယာဧရိယာနှင့် မြေယာအသုံးချမှု အမျိုးအစားများကို ဒစ်ဂျစ်တယ်နည်းကျ စုစည်းနိုင်ရန် GIS နှင့် မြေပြင်နှင့် အတည် ပြုကောက်ယူခြင်းနည်းစနစ်ဖြစ်သည့် Remote Sensing Application များကို အသုံးပြုခဲ့ကြပါသည်။ ဆီအုန်းစိုက်ခင်းများ စိုက်ပျိုးရန် သို့မဟုတ် စိုက်ခင်းများကြောင့် မြေယာရှင်းလင်းရန် မြေယာအသုံးချမှုများကို သုံးသပ်နိုင်ရန် ကောင်းကင်မြေပုံ (Google earth)၊ တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောစောင့်ကြည့်ရေး (Global Forest Watch)[16] နှင့် Hansen[17]ကဲ့သို့ သောနေရာများမှ အချက်အလက်များ၊ နည်းစနစ်များအပြင် High Resolution Global Maps of 21st Century Forest Cover Change ဟု ခေါင်းစဉ်တပ်ထားသော နှစ်စဉ်ကမ္ဘာလုံးဆိုင်ရာ သစ်တောပြုန်းတီးမှုမှ အချက်အလက်များကိုအသုံး ပြုထားပါသည်။ ဆီအုန်း စိုက်ပျိုးရေးအပါအဝင် စိုက်ခင်းများ သို့မဟုတ် မြေသားအဖြစ် ပြောင်းလဲသွားသော သစ်တောများ၏ အသေးစိတ်အချက်အလက်များကို ရရှိနိုင်ရန် အမေရိကန်ပြည်ထောင်စု သဘာဝသမိုင်းပြတိုက် Smithsonian Institute ၏ ကောင်းကင်ဂြိုလ်တုမှတစ်ဆင့်ဖမ်းယူ ထားသောမြေပုံများကို မြေပြင်နှင့်အတည်ပြုပြီးဖြစ်သည့် (Remote sensing) နှင့် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း (ALARM) မြန်မာ့သစ်တောလွှမ်းခြုံမှု ပြောင်းလဲလာသောမြေပုံ စီမံချက်[18]တို့မှ အချက်အလက်များကို ဒစ်ဂျစ်တယ် နည်းစနစ်တစ်ခုဖြစ်သော (GIS)ဖြင့် သုတေသီများက အသုံးပြုထားပါသည်။

**လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ သက်သေ အထောက်အထားများ၊သက်သေခံချက်များ**ကို MSPP ကြောင့် တိုက်ရိုက်ထိခိုက်ခံစားရသော ဒေသခံများနှင့်တွေ့ဆုံမေးမြန်းချက်များမှ ရယူထားပါသည်။ ဒေသခံများကိုတွေ့ဆုံမေးမြန်းရာတွင်လုံခြုံ စိတ်ချရသော ဝန်းကျင်အတွင်း ရက်သတ္တပတ် တစ်ပတ်ကျော်ကြာ တစ်ဦးချင်းတွေ့ဆုံ မေးမြန်းမှုများ၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမေးမြန်းမှုများဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံမေးမြန်းမှုကြောင့် မြန်မာ့တပ်မတော်၏ သမိုင်းစဉ် တစ်လျှောက် အခွင့်အရေးချိုးဖောက်မှုများနှင့် MSPP ၏ လုပ်ငန်းများကြောင့် ထိခိုက် ခံစားရသော လတ်တလော အခွင့်အရေး ချိုးဖောက်မှုများကို ဒေသခံများ ကိုယ်တိုင်ကြုံတွေ့ခံစားနေရသော အခြေအနေ သတင်းအချက်အလက်များကို စုစည်းနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ တွေ့ဆုံမေးမြန်းမှုများကြောင့် ဒေသ၏ သမိုင်းကြောင်းကို ဖော်ထုတ်ပြသပြီး ဖော်ညွှန်းနိုင်မည့် ခိုင်မာသော အဓိက၊ အရင်းခံ ပင်မအချက်အလက်များ ရရှိခဲ့ကြပါသည်။

---

16. http://www.globalforestwatch.org/map/4/22.37/90.76/MMR/grayscale/loss,forestgain?tab=analysis-tab&begin=2001-01-01&end=2015-01-01&threshold=30

17. High-Resolution Global Maps of 21st-Century Forest Cover Change. M. C. Hansen1,*, P. V. Potapov1, R. Moore2, M. Hancher2, S. A. Turubanova1, A. Tyukavina1, D. Thau2, S. V. Stehman3, S. J. Goetz4, T. R. Loveland5, A. Kommareddy6, A. Egorov6, L. Chini1, C. O. Justice1, J. R. G. Townshend1 http://whrc.org/wp-content/uploads/2015/09/HansenetalScience.13.pdf

18. Entitled: "Losing a Jewel—Rapid Declines in Myanmar's Intact Forests from 2002-2014." In review, submitted February 2016. Tejas Bhagwat, Andrea Hess, Ned Horning, Thiri Khaing, Zaw Min Thein, Kyaw Moe Aung, Kyaw Htet Aung, Paing Phyo, Ye Lin Tun, Aung Htat Oo, Anthony Neil, Win Myo Thu, Melissa Songer, Katherine LaJeunesse Connette, Asja Bernd, Grant Connette, and Peter Leimgruber.

**MSPP ၏ ပြည်တွင်း ပြဋ္ဌာန်းထားသော ဥပဒေများသာမက နိုင်ငံတကာ ဥပဒေများ**ကို ချိုးဖောက်မှုရှိ၊မရှိ စိစစ်တွက်ချက်နိုင်ရန်အတွက် ရှေ့နေများ၊ အငြိမ်းစားအစိုးရအရာရှိကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် တစ်ဦးချင်းလှုပ်ရှားသူများ၊ ပညာရှင်များ၊ နိုင်ငံတကာ ကျွမ်းကျင်သူများ စသောသူတို့နှင့် အသေးစိတ် အတွင်းကျကျ တစ်ဦးချင်း၊ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ဒေသ အတွင်းအခြား နိုင်ငံများအတွင်းရှိ ဆီအုန်းကြောင့် ဆက်စပ်ဖြစ်ပွားသော မြေယာပဋိပက္ခဖြစ်စဉ်များနှင့် နှိုင်းယှဉ်နိုင်ရန်ပြုလုပ်ခြင်းဖြစ်သည်။ ထိုအစီရင်ခံစာပြုစု ရေးသားပြင်ဆင်ရာတွင် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ အစည်းများ အသီးသီးနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ မြိတ်ဒေသအခြေစိုက် MSPP မှ အရာရှိများကို တယ်လီဖုန်း၊ စာတို စသည်တို့ဖြင့် အကြိမ်ကြိမ် ကြိုးစားဆက်သွယ်ခဲ့သော်လည်း မည်သို့သော တုံ့ပြန်ချက်မှ မရရှိခဲ့ပေ။ ယခု အစီရင်ခံစာ ပုံနှိပ်မထုတ်ပြန်မီ ကုမ္ပဏီသို့လည်း ပေးပို့ခဲ့ပြီဖြစ်သည်။

အစိုးရမှရရှိသော တရားဝင် ကိန်းဂဏန်းများ၊ ယခင်ရှိခဲ့ပြီးသော၊ ထုတ်ဝေခဲ့ဖူးသော သုတေသနနှင့် စာတမ်းများအားလည်း အသေးစိတ်အလေးအနက်၊ နှိုင်းယှဉ်သုံးသပ်ခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ဆီအုန်းနှင့် ပတ်သက်သော အစိုးရ၏ အချက်အလက် များတွင် အလွန်အမင်းကွဲပြားခြားနားမှုများစွာ ရှိနေသောကြောင့် နောက်ဆုံးရသတင်းအချက်အလက်များဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(MOALI)လက်အောက်ရှိစက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြင်ဆင်လျက်ရှိသော အချက်အလက်များအား သတင်းကောက်ယူခြင်းတွင် အထူးဂရုပြုပြီး လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ ဆီအုန်းကဏ္ဍ၊ လယ်ယာစီးပွားရေးနှင့် စိုက်ပျိုးရေး ပြုပြင်ပြောင်းလဲမှု နိုင်ငံရေး ဘောဂဗေဒ အခြေအနေ၊ ဆီအုန်းကြောင့် ဒေသတွင်း သက်ရောက်မှု အနေအထားတို့ကိုလည်း ယခင်ရှိနှင့်ပြီးသော သုတေသနများ၊ စာအုပ်စာတမ်းများတွင် ကျယ်ပြန့်စွာ လေ့လာသုံးသပ်ခဲ့ကြပါသည်။

**MSPP ၏ ရင်းနှီးမြှုပ်နှံမှု ကွင်းဆက်**ကို Inclusive Development International (IDI) က စုံစမ်းထောက်လှမ်းခြေရာခံခဲ့သည်။ IDI မှထုတ်ပြန်သော ငွေကြေးနောက်သို့ လိုက်ကြည့်ခြင်း “Follow the Money” လမ်းညွှန်ဖြင့် အများပြည်သူသိပိုင်ခွင့်ရှိသော သတင်းအချက်အလက် နယ်ပယ်အတွင်း ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးအား လှုပ်ရှား၊လုပ်ဆောင်နေသူများ၏ အချက်အလက်များ အပေါ် မူတည်၍ အွန်တရာယ်ရှိသော စီမံကိန်းများ နောက်ကွယ်ရှိ ငွေကြေးထောက်ပံ့သူများနှင့် ကော်ပိုရေးရှင်းများ၏ ရင်းနှီးမြှုပ်နှံမှု ကွင်းဆက်ကို ချည်း ကပ်ဆောင်ရွက်ခဲ့သည်။[19]

19. http://www.inclusivedevelopment.net/new-idi-resource-following-the-money-an-advocates-guide-to-securing-accountability-in-agricultural-investments/

တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့ပြီး သက်သေခံပေးခဲ့သော ထိခိုက်ခံစားရသည့်ဒေသမှ လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ အမည်များ၊ ၎င်းတို့နေထိုင်ရာ ကျေးရွာအမည် အသေးစိတ်၊ မြေပြင်တွင် ကွင်းဆင်းသုတေသနပြုခဲ့ကြသော လုပ်ငန်းစဉ်များတွင်ပါ ဝင်ခဲ့ကြသည့် အဖွဲ့အစည်းများ၏ အမည်၊ စသည်ဖြင့် အသေးစိတ် အချက်အလက်များတို့ကို လုံခြုံရေးအနေအထားတို့ကြောင့် ယခု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ပါ။

## အစီရင်ခံစာတွင် ပါဝင်သည့် ဖွဲ့စည်းပုံ၊ အကြောင်းခြင်းရာများ

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစက်မှုကုန်ကြမ်းသီးနှံ တိုးချဲ့စိုက်ပျိုးလာသောကြောင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ရပုံကို နားလည်သဘောပေါက်ရန်နှင့်အလေးပေးဖော်ပြရန် ရည်ရွယ်ပါသည်။ ထို့အပြင် ယင်းဆိုးကျိုးသက်ရောက်မှုများကြောင့် ဒေသခံလူထုတိုင်းရင်းသားများ၏ အခွင့်အရေးများ ဆုံးရှုံးနေရမှုများကို အသိပေးစည်းရုံးရန် ရည်ရွယ်ပါသည်။

ပထမဦးစွာ တစ်ကမ္ဘာလုံးတွင် ဆီအုန်းလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းတိုးပွားလာမှု၏ သမိုင်းကြောင်း နှင့် သိပ္ပံနည်းကျ အခြေအနေတို့ကို အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့နောက်တွင် မလေးရှား-မြန်မာဖက်စပ်လုပ်ငန်းတစ်ခု ဖြစ်ပြီး မြိတ်ဒေသတွင် ၂၀၁၁ ခုနှစ်ကတည်းကဆီအုန်းစိုက်ခင်းအား အကြီးစားစိုက်ပျိုး ထုတ်လုပ်နေသော လုပ်ငန်းဖြစ်သည့် Myanmar Stark Prestige Plantation (MSPP) ၏ ဖြစ်ရပ်ကို အဓိကအဖြစ်၊ ဦးတည်ချက်ထား ဖော်ပြထားပါသည်။ ယင်းအပြင် ဆီအုန်းစိုက်ဧရိယာအတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၊ ဒေသခံများပြေးလွှား ရွှေ့ပြောင်းနေထိုင်ရမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကိုလည်း အစီရင်ခံစာတွင်မှတ်တမ်း တင်ပြုစုထားပါသည်။ ထိုနောက် ထိုစီမံကိန်းအား ထောက်ပံ့အားပြုပေးနေသော နောက်ခံမှ နိုင်ငံတကာရင်းနှီး မြှုပ်နှံသူများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဒေသခံကရင်ဌာနေတိုင်းရင်းသားများ နေထိုင်ပိုင်ဆိုင်ရာ မြေယာအတွင်းဆီအုန်းစိုက်ပျိုးရန် မြေယာချထားပေးလိုက်သည့် မှားယွင်းချွတ်ချော်သောမူဝါဒတို့ အကြောင်းနှင့် ယင်းကြောင့် ဒေသခံများ၏ အသက်မွေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် ခံစားရမှုများကို အသေးစိတ်ဖော်ပြ ထားပါသည်။ ထို့အပြင် MSPP၏ လုပ်ဆောင်မှုများသည် ပြည်တွင်းရှိ ဥပဒေများအပြင်၊ နိုင်ငံတကာ လူ့အခွင့်အရေး စည်းမျဉ်းဥပဒေများနှင့် ညီညွတ်မှုမရှိပုံများကိုလည်း အစီရင်ခံစာတွင် သုံးသပ်တင်ပြထားပါသည်။ နောက်ဆုံးအဆုံးသတ်တွင် MSPP ဖြစ်ရပ်ကို အလျှင်အမြန်ကိုင်တွယ်ဖြေရှင်းရန်နှင့် တနင်္သာရီတိုင်းဒေသကြီး၌ နောင်တွင်ထိုသို့သော ဆီအုန်းစိုက်ခင်းနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများကြောင့် ဆိုးကျိုးများမဖြစ်ပွားစေရန်မည်သို့ တားဆီးသင့်ကြောင်း အကြံပြုချက်များဖြင့် ဖော်ပြထားပါသည်။

# ၂။ ကမ္ဘာ့ဆီအုန်းစိုက်ခင်းများ တိုးချဲ့လာမှု

မီးဖိုချောင်သုံးချက်ဆီ၊ အစားအသောက်ထုတ်လုပ်မှုတွင် ထည့်သွင်းနိုင်သော ပေါင်းစပ်ပစ္စည်း နှင့် စားသုံးရန်မဟုတ်သော ထုတ်ကုန်များ (ဆပ်ပြာမှုန့်နှင့် အလှကုန်ပစ္စည်း) တို့အပါအဝင် နောက်ဆုံး ဇီဝဒီဇယ် ထုတ်လုပ်ရေး[20]တို့ အတွက်ပါ ဆီအုန်းအသုံးပြုမှု များပြားလာသဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ်ကာလများအတွင်း ဆီအုန်းထုတ်လုပ်မှု တစ်ဟုတ်တိုး တိုးတက်လာသည်။ အခန့်မသင့်စွာပင် လတ်တလော ဆီအုန်းထုတ်လုပ်မှု နည်းနာများသည် ကာဗွန်ပြည့်လျှမ်းသော မုတ်သုံသစ်တောများ၊ မြေဆီသြဇာကောင်းမွန်လှသော မြေယာများကို မကြာခဏ ပျက်စီးစေသဖြင့် ကမ္ဘာကြီး ပူနွေးလာမှု၏ အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။

၂၀၀၀ ပြည့်နှစ်မှ၂၀၁၂ ခုနှစ်များအတွင်းမှာပင် ဆီအုန်းစိုက်ပျိုးရန် အသုံးပြုသော မြေဧရိယာသည် တစ်ကမ္ဘာလုံးတွင် ဧက ၂၄ ဒသမ ၇ သန်းမှ ၃၅ ဒသမ ၆ သန်းဧက[21] အထိ တိုးလာသည်။ ကမ္ဘာ့သားရဲတိရစ္ဆာန်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့ (WWF)၏ ခန့်မှန်းတွက်ချက်မှုအရ တစ်နာရီတိုင်းတွင် ဘောလုံးကွင်းပေါင်း ၃၀၀ နှင့် ညီမျှသော မြေဧရိယာများသည် ဆီအုန်း စိုက်ပျိုးရန်အတွက် ခုတ်ထွင်ရှင်းလင်းခြင်းခံနေရသည့်အပြင် ဆီအုန်းလိုအပ်ချက်သည် ၂၀၂၀ ခုနှစ်တွင် လက်ရှိထက် နှစ်ဆတိုးလာနိုင်ပြီး ၂၀၅၀ခုနှစ်တွင် ထိုကဲ့သို့ ပင်လျှင် နောက်ထပ် နှစ်ဆထပ်တိုးလာမည်ဖြစ်သည်။[22] ဆီထုတ်လုပ်ရန် ဆီအုန်းအသီးမှာ အာဖရိကရှိ ဆီအုန်းပင်မှရရှိပြီး ပူပြင်း၍ မိုးများသော ဒေသပတ်ဝန်းကျင်နှင့် ကိုက်ညီသည်။ ထို့ကြောင့် ယင်းဆီအုန်းပင်များကို အာဖရိက၊ အာရှ၊ မြောက်အမေရိကနှင့် တောင်အမေရိကတို့တွင် စီးပွားဖြစ် စိုက်ပျိုးကြသည်။ သို့သော် လည်း အင်ဒိုနီးရှား နှင့် မလေးရှား နိုင်ငံတို့၏ စုစုပေါင်း ဆီအုန်းထုတ်လုပ်တင်ပို့မှုသည် ကမ္ဘာ့ဆီအုန်းထုတ်လုပ်တင်ပို့မှု၏ ၈၅ ရာခိုင်နှုန်း ကျော်ရှိသည်။[23]

ဆီအုန်းလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့်အတူ အထူးသဖြင့် ဌာနေတိုင်းရင်းသားတို့အပေါ် ကျူးလွန်သော ကမ္ဘာတစ်လွှား သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများတို့လည်း ကမ္ဘာတစ်ဝှမ်းတွင် တပါတည်းလိုက်ပါ တိုးတက်လာကြသည်။ အာရှ၊ အာဖရိက၊ တောင်ပိုင်းနှင့် ဗဟို၊အလယ်ပိုင်း အမေရိကစသည့် ဆီအုန်းများစိုက်သည့် မည်သည့်နေရာတွင်မဆို နိုင်လိုမင်းထက်ပြုမှုခံနေရမှုများကို ကုမ္ပဏီများနှင့် အစိုးရများက ကျူးလွန်မှုများပြုလုပ်နေကြပြီး ယင်းတို့၏ ဆိုးကျိုးများကို ကောင်းမွန်စွာမှတ် တမ်းတင်မှုများထားရှိသည်။

## ၂.၁ ဒေသခံရပ်ရွာလူထုများနှင့် ဌာနေတိုင်းရင်းသားများ အပေါ် ဆိုးကျိုးသက်ရောက်မှု

တိုးတက်ချဲ့ထွင်နေသော ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကြောင့် ဌာနေတိုင်းရင်းသားများ ရွှေ့ပြောင်းခံရမှု၊ ၎င်းတို့၏ သစ်တောသစ်ပင်များ (ရှင်းလင်းခုတ်ထွင်ခံရခြင်း စသည်ဖြင့်) ခြိမ်းခြောက်ခံရမှု အန္တရာယ်များကြုံနေရသည်။ ၁၉၇၀ ပြည့်နှစ်များ ကတည်းကပင် ဆီအုန်းတိုးချဲ့စိုက်ပျိုးလာသဖြင့် ဘိုနီယိုကျွန်း (မလေးရှား၊ ဘရူနိုင်း နှင့် အင်ဒိုနီးရှားတို့ အတူပိုင်ဆိုင်သော အာရှ အကြီးဆုံးကျွန်း) တစ်ကျွန်းတည်းပေါ်တွင် လူ နှစ်သန်းခွဲနီးပါး[24] ရွှေ့ပြောင်းခံခဲ့ရပြီးဖြစ်သည်။ ထိုကဲ့သို့သော ရေစီးကြောင်းဖြစ်စဉ်ကြီးမှာ အလားသဏ္ဍာန်တူစွာပင်လျှင် ဆီအုန်းစိုက်ပျိုးသောအခြားဒေသများတွင်လည်းဖြစ်ပွားလျက်ရှိသည်။ ဆီအုန်းစိုက်ပျိုးရန် အတင်းအဓမ္မပြောင်းရွှေ့ခြင်း၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို လျစ်လျူရှုခံရခြင်းတို့ကြောင့် လူထု (လူဦးရေ) အပေါ် "ခလေ့ထုံးထမ်း၊ လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ ကြောက်မက်ဖွယ် အကျိုးဆက်များ" ဖြစ်စေကြောင်း ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်သည့် နော်ဝေမုတ်သုံသစ်တော ဖောင်ဒေးရှင်း၏ အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။[25]

## ၂.၂ အလုပ်သမား ရေးရာများ

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍတစ်ဝန်း အလုပ်သမားများကိုအလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေကြောင်း ကျယ်ပြန့်သော အထောက်အထားများ ရရှိထားသည်။ နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုများကြောင့် ဆီအုန်းလုပ်ငန်းများတွင် အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုများမှာ ထုံးစံကဲ့သို့ ဖြစ်သည်။ဆီအုန်းစိုက်ခင်းများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများမှာ အထူးအကာအကွယ်မဲ့ပြီး ၎င်းတို့၏ လုပ်ငန်းခွင်မှာ ဝေးလံသောဒေသများတွင်ရှိနေသဖြင့် အဓိကအားဖြင့် ခေတ်သစ်ကျေးကျွန်သဏ္ဍာန်ဖြစ်နေပါသည်။ ၎င်းတို့၏ ဝေးလံမှုနှင့် ကျယ်ပြန့်လှသော အကျယ်အဝန်းကြောင့် ဆီအုန်းစိုက်ခင်းများသည် စောင့်ကြည့်ခံရမှု အနည်းဆုံးဖြစ်သော လုပ်ငန်း၊လုပ်ကွက်များအနက် တစ်ခုဖြစ်လာခဲ့သည်။ အထောက်အထားမဲ့ တရားမဝင် အလုပ်သမားများမှာ အမြဲမပြတ်လူကုန်ကူးခံနေရပြီး ဆီအုန်း စိုက်ခင်းသို့ ပို့ဆောင်ပေးမှုများရှိခဲ့ပြီး၊ လက်ရှိတွင်လည်း ဆက်လက်ဖြစ်ပွားနေ ဆဲဖြစ်ပါသည်။[26] အလုပ်ရှင်များသည်

20. Thoenes, P., 2006. Biofuels and Commodity Markets—Palm Oil Focus. http://www.fao.org/economic/est/publications/oilcrops-publications/en/

21. What are the limits to oil palm expansion? Johannes Pirker, Aline Mosnier, Florian Kraxner, Petr Havlík, Michael Obersteiner International Institute for Applied Systems Analysis (IIASA), Luxenburg, Austria

22. http://wwf.panda.org/what_we_do/footprint/agriculture/palm_oil/

23. http://www.economist.com/node/16423833

24. http://www.aljazeera.com/indepth/features/2014/04/palm-oil-fuels-indonesia-deforestation-indigenous-displa-201443145636809366.html

25. http://www.regnskog.no/en/publications/reports

26. http://www.verite.org/Commodities/PalmOil

စိုက်ခင်းများအတွင်းသို့ ရောက်ရှိလာသည့် အလုပ်သမားများ၏ ကိုယ် ပိုင်အထောက်အထားများ ဖြစ်သော ဗီဇာ၊ နိုင်ငံကူးလက်မှတ်၊ အလုပ် လုပ်ခွင့်ပါမစ်တို့ကို သိမ်းယူလိုက်ခြင်းသည် ထုံးစံဖြစ်နေပြီး ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် အလုပ်သမားများ စိုက်ခင်းလုပ်ကွက်မှ မထွက်ခွာ နိုင်အောင် ကန့်သတ်ထားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံတွင်းတွင် အထူးသဖြင့် ကာလီမန်တန်အရှေ့ပိုင်း ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော ဆီအုန်း စိုက်ခင်းများမှ လုပ်အားခေါင်းပုံဖြတ်မှုများကို ၂၀၁၀ ခုနှစ်တွင်ရှာဖွေ တွေ့ရှိကာ ဖော်ထုတ်ခဲ့ကြသည်။ ယင်းတို့တွင် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက် ခြင်း၊ အနိုင်ကျင့်ခြင်း၊ လုပ်အားခ မပေးခြင်း၊ အကြွေး နွံနစ်စေခြင်း၊ ကလေးအလုပ်သမား၊ အလုပ်အကိုင်စာချုပ်များ ချုပ်ဆိုခြင်းမရှိခြင်း၊ ကျေနပ်လောက်ဖွယ်သော နေရာထိုင်ခင်းအခြေအနေများ မကောင်း မွန်ခြင်းနှင့် ဓာတုပစ္စည်းများကြောင့် ထိခိုက်နိုင်မှုမှ အကာအကွယ် ပြုလုပ်ထားမှုများ မရှိခြင်း အပါအဝင် အန္တရာယ်ရှိသော လုပ်ငန်းခွင် အခြေအနေတို့ ပါဝင်သည်။[27]

## ၂.၃ သဘာဝပတ်ဝန်းကျင် အပေါ်တွင်ထိခိုက်မှုများ

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် တောများခုတ် ထွင်ရှင်းလင်းခြင်းသည် တောမီးများ၊ မီးခိုးတို့နှင့်ဆက်စပ်လျှက် ရှိနေပြီး ထိုတောမီးလောက်ကျွမ်းမှုများမှ ထွက်ပေါ်လာသော မီးခိုး ထုသည် အရှေ့တောင်အာရှ တစ်ဝန်းပျံ့နှံ့သွားပြီးကျန်းမာရေး ဆိုင်ရာပြဿနာများနှင့် အခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက် စီး မှုများ ဖြစ်စေသည်။ ထိုဆီအုန်း စိုက်ပျိုးလုပ်ကိုင်သော ဒေသရှိသစ် ဆွေးမြေသည်သစ်တောများကထိန်းချုပ်ထားနိုင်သောပမာဏထက် (၁၈)ဆမှ (၂၂)ဆ အထိ ကာဗွန်ဓာတ်ငွေ့ကို ပိုမိုထိန်းထားနိုင်သည်။ သဘာဝမြေသြဇာ ကောင်းမွန်လှသော သစ်ဆွေးမြေအမျိုးအစား သည် သဘာဝကာဗွန်စုပ်မြေကဲ့သို့ သဘောဆောင်ကာ လေထု အတွင်း ထွက်မည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူထားသဖြင့် မပျက်မစီး ရှိလှသော သစ်ဆွေးမြေများမှာ အခရာကျလှသည်။ အင်ဒိုနီးရှား နိုင်ငံတွင် အထူးသဖြင့် မုတ်သုံသစ်ဆွေးမြေ ပေါများစွာ ရှိပြီး ကမ္ဘာ့မုတ်သုံသစ်ဆွေး ကာဗွန်ထိန်းချုပ်ထားနိုင်မှု၏ လေးပုံသုံး ပုံခန့်ကို ထိန်းသိမ်းထားနိုင်သည်။ ထိုပမာဏသည် ဘရာဇီး နိုင်ငံရှိ အမေဇုန်တော မြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများ ကာဗွန်ထိန်း ထားနိုင်မှုနှင့် ညီမျှသည်။[28]

ဆီအုန်းစိုက်ခင်းများစိုက်ပျိုးရန်အတွက် သစ်ဆွေးမြေများ အများ အပြားပေါ်တွင် ခြောက်သွေ့စေရန် မီးရှို့ခြင်း၊ ရှင်းလင်းခုတ်ထွင်ခြင်း တို့ကြောင့် အင်ဒိုနီးရှားသည် နှစ်ရာချီထိန်းထားနိုင်စွမ်းရှိသော ကာဗွန်များကို ထုတ်လွှတ်နေပြီး လေထုအတွင်းသို့ညစ်ညမ်းမှုများ အလွန်အမင်းထုတ်လွှတ်ပေးနေသည်။ ယင်းသို့မီးရှို့ဖျက်ဆီးရှင်း လင်းခြင်း လုပ်ငန်းများကို ရက်သတ္တပတ်ပေါင်းများစွာ သို့မဟုတ် လပေါင်းများစွာ ကြာမြင့်သည်အထိ လုပ်ဆောင်တတ်သည်။ ၂၀၁၅ နှင့် ၂၀၁၃ ခုနှစ်တို့တွင် အင်ဒိုနီးရှားနိုင်ငံတွင်းတွင် ဆီအုန်းစိုက် ခင်းများတိုးချဲ့စိုက်ပျိုးမှုကြောင့် မီးလောင်ကျွမ်းခဲ့ပြီး မီးခိုးငွေ့များ၊ မြူများ တရားလွန်ထုတ်လွှတ်ခဲ့သည့်ဖြစ်ရပ်ကြောင့် မလေးရှားနှင့် စင်ကာပူနိုင်ငံများအထိ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာ များဖြစ်ပွားခဲ့ပြီးကမ္ဘာကြီးရှိနိုင်ငံအသီးသီးအားကျန်းမာရေးဆိုင်ရာဆီ အုန်းစိုက်ခင်းများနှင့်ပတ်သက်ပြီး တပ်လှန့်သည်အထိ ဖြစ်ခဲ့ဖူးသည်။ နှစ်စဉ်၊နှစ်တိုင်း ခြောက်သွေ့သောရာသီတွင် မီးခိုးထုတ်လွှတ်မှုသည် လွန်လွန်ကဲကဲ မြင့်တက်လေ့ရှိပြီး ဥပမာအားဖြင့် ၁၉၉၇ ခုနှစ်တွင် သစ်ဆွေးနှင့် အပင်များကို မီးရှို့ခြင်းကြောင့် ထွက်ပေါ်လာသော အင်ဒိုနီးရှားနိုင်ငံ၏ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် အမေ ရိကန်ပြည်ထောင်စုကြီး၏ တစ်နှစ်စာလုံး လေထုအတွင်း ကာဗွန် ထုတ်လွှတ်မှု ပမာဏနှင့် ညီမျှသည်။[29]

ထုတ်ကုန်ပစ္စည်းဈေးကွက်ချဲ့လာခြင်းနှင့်အတူ ဆီအုန်းထုတ်လုပ် သော နိုင်ငံများအားလုံးမှာ အထူးသဖြင့် သစ်တောနှင့် ဇီဝမျိုးကွဲများ ပျောက်ဆုံးခြင်း၊ ဌာနေတိုင်းရင်းသားများ လူ့အခွင့်အရေး ချိုးဖောက် ခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ ကမ္ဘာကြီး ပူနွေးလာစေ သော အဓိကအကြောင်းရင်းခံ ကာဗွန်ထုတ်လွှတ်မှု ပမာဏလွန် စွာမြင့်မားခြင်းတို့ အပါအဝင် ထိခိုက်ဆုံးရှုံးမှုများ အပြင်းအထန် ခံစား ရသည်။

ဆီအုန်းထုတ်လုပ်သော အခြားနိုင်ငံများမှ မြောက်မြားလှစွာသော အတွေ့အကြုံများအရ မြန်မာနိုင်ငံအား၊ အထူးသဖြင့် တနင်္သာရီ တိုင်းဒေသကြီးအား ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုကြောင့် ဆိုးဂါးသော အကျိုးဆက်များ နောက်ဆက်တွဲ တွေ့ကြုံနိုင်ဖွယ်ရှိကြောင်းသတိ ပေးခေါင်းလောင်းသံ မြည်ဟိန်းလျက်ရှိပြီး တပ်လှန့်နှိုးဆော်လျှက် ရှိပါသည်။ ပြုပြင်ပြောင်းလဲရေး ကာလအတွင်း ငြိမ်းချမ်းရေးဆွေး နွေးပွဲများ တဖန်ပြန်လာပြီး ထိလွယ်ရှလွယ်သော အနေအထား ရောက်နေခြင်းနှင့် အခြားတဖက်မှလည်း မြေယာစီမံခန့်ခွဲ ပိုင်ဆိုင် ခွင့်အတွက် ချိနဲ့လှသော မရေရာ၊ မသေချာလှသော လုပ်ငန်းစဉ် များနှင့် သဘာဝပတ်ဝန်းကျင်လုံခြုံရေးအတွက် အာမခံချက် အလွန်အားနည်းခြင်းတို့က ပေါင်းစပ်တပ်လှန့်နေသည်။ ယင်းဆိုး ကျိုးများသည် ယခုအစီရင်ခံစာတွင် တင်ပြသော MSPP ၏ ဆီအုန်း စိုက်ပျိုးရေး လုပ်ငန်းများအတွင်း ဖြစ်ပွားခဲ့ပြီးဖြစ်ပြီး၊ ဖြစ်နေစဲနှင့် နောက်ထပ် ဆီအုန်းကဏ္ဍများ ထပ်မံမတိုးချဲ့ရေး သတိပေးခေါင်း လောင်းသံဖြင့် မည်ဟိန်းလျှက်ရှိပါသည်။

27. http://sawitwatch.or.id/2011/09/what's-happen-in-the-indonesian-palm-oil-industry-2/

28. Ibid.

29. Environmental Protection Agency (EPA). 2013. Inventory of U.S. greenhouse gas emissions and sinks: 1990–2011, EPA 430-R-13-001. Washington, DC. Online at http://www.epa.gov/climatechange/Downloads/ghgemissions/US-GHG-Inventory-2013-Main-Text. pdf, accessed on October 30, 2013.

# ၃။ မြန်မာနိုင်ငံတွင် တိုးချဲ့စိုက်ပျိုးလာသော ဆီအုန်းစိုက်ခင်းများ

မြန်မာနိုင်ငံတွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုသည် မကြုံဖူးလောက်အောင် တိုးလာသည်။[30] ၁၉၉၁ ခုနှစ်တွင် အစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံရေး အစီအမံအရ စစ်တပ်ကျောထောက်နောက်ခံပြု ဆီအုန်းစိုက်ပျိုးရေး အစီအစဉ်တစ်ခု စတင်ခဲ့သည်။ ပြည်တွင်းစားသုံးမှု ဖူလုံရေး အတွက် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်လာရေးအတွက် တနင်္သာရီ တိုင်းဒေသကြီး အထူးသဖြင့် မြိတ်နှင့် ကော့သောင်းခရိုင်တို့တွင် လည်းကောင်း၊ ထားဝယ်ခရိုင်တွင် အနည်းငယ်မျှလည်းကောင်း စိုက်ပျိုးရေး ရည်မှန်းချက်ထားခဲ့သည်။

၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် စစ်အစိုးရ အကြီးအကဲ နှင့် ယခင် အာဏာရှင်ဟောင်း အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က စိုက်ပျိုးကုန်ထုတ် စီးပွားရေးလုပ်ငန်းအား မြန်မာနိုင်ငံတွင် တိုးချဲ့ခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။ မျော်မြင်စဉ်းစားထားခဲ့ကြသည့် အချက်မှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားသာချက်အဖြစ် မြန်မာနိုင်ငံတွင် မြေလွတ်မြေရိုင်းပေါများခြင်းကြောင့် အလုပ်ဖြစ်လိမ့်မည်ဟု ယူဆခဲ့ခြင်းဖြစ်သည်။ စီးပွားဖြစ် ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့် အကျိုးအမြတ်များစွာရရန်နှင့် ပြည်တွင်းဖူလုံရန် သေချာစေလိမ့်မည်။ ထို့ကြောင့် မြေယာကို အရင်းပြု၍ စီးပွားရေးအမြတ်ထုတ်ရန်၊ တိုးတက်မှု ရှိစေရန်အတွက် ဆီအုန်းကိုအဓိက သီးနှံအဖြစ် ရွေးချယ်စိုက်ပျိုးနိုင်ရန် စဉ်းစားခဲ့ကြခြင်းဖြစ်သည်။[31]

သို့သော်ငြားလည်း တိုင်းပြည်စီးပွားရေး တွန်းတင်ရေး အတွက် စီမံခဲ့သော စစ်အစိုးရ၏စီမံကိန်းသည် အမှားကြီးနှစ်ခုအား ကျူးလွန်ခဲ့သည်။ ပထမတစ်ခုမှာ စိုက်ပျိုးမြေအဖြစ်လျာထားသော မြေယာများမှာ မြေလွတ်၊မြေလပ်၊မြေရိုင်းများ မဟုတ်ဘဲ ရပ်ရွာများအတွင်းတွင် နေထိုင် အခြေချလျှက်ရှိသော ဒေသခံတိုင်းရင်းသားများ၏ မြေနေရာများဖြစ်နေပြီး စစ်ရေးပဋိပက္ခကြောင့် တိမ်းရှောင်ထွက်ပြေးသွားရသူများ၊ ယခုနေရပ်ကို စွန့်ခွာသွားသည့် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း စစ်ဘေးရှောင်သူများ၏ တချိန်ချိန်တွင် ပြန်လည်ကာ လာရောက်နေထိုင်လိုသည့် နေရာများအဖြစ် တည်ရှိနေကြသည်။ ဒုတိယ အမှားမှာ 'လွန်စွာ ထိရောက်မှု ရှိရန်' သို့မဟုတ် 'စီးပွားရေးအရ အရင်းနည်းနည်းဖြင့် အကျိုးများစေရန်' ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ အလားအလာများကို လုံးဝဥဿုံမှားယွင်းစွာ တွက်ချက်ခဲ့ခြင်းဖြစ်သည်။ များများစားစား ထိရောက်မှု မရှိသော၊ သဘာဝပန်းကျင်အတွက်ထိခိုက်မှုများပြီး၊ ရေရှည်မတည်တံ့သော၊ လူမှုရေးအရ မညီမျှမှုများကို ဖြစ်ပေါ်စေခဲ့သော ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကြောင့် မျှော်မှန်းထားခဲ့သလိုမဟုတ်ဘဲ ဆန့်ကျင်ဘက် သက်ရောက်မှုများ ဖြစ်လာခဲ့သည်။ FFI နှင့် သစ်တောဦးစီးဌာန[32]၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ အောက်ပါတိုင်း တွေ့ရှိရသည်။

- မြေယာအသုံးချမှု အစီအမံ လောက်လောက်လားလားမရှိဘဲ စိုက်ပျိုးရေးအတွက် မြေယာခွဲဝေချထားပေးသော အစိုးရ၏ မူဝါဒများကြောင့်လည်း မလိုလားအပ်ဘဲ သစ်တောပြုန်းတီးခြင်း၊ လူမှုရေး နှင့် သဘာဝပန်းကျင် ဆိုးကျိုးကြုံရခြင်း၊ အနာဂတ် သီးနှံအထွက်နှုန်းနှင့် စီးပွားရေးအရ အကျိုးအမြတ်ကို ထိခိုက်စေပြီး မသင့်တော်သော မြေဆီလွှာနှင့် မတ်စောက်သည့် တောင်ကုန်းစောင်းများတွင် စိုက်ပျိုးခြင်း တို့ကြုံခဲ့သည်။

- ယေဘုယျအားဖြင့် ချွင်းချက်အချို့မှလွဲ၍ စိုက်ခင်း၊ စိုက်ပျိုးပင်များကို ညံ့ဖျင်းစွာ စီမံထားရှိသည်။ အဓိကအားဖြင့် အရည်အချင်းမပြည့်မီသော ဝန်ထမ်း/အလုပ်သမား ညံ့ဖျင်းသော အလုပ်သမားရေးရာ မူဝါဒများနှင့် သင်တန်းပေးမှု မရှိခြင်း၊ စံချိန်မမီသော စိုက်ပျိုးရေးနည်းပညာ ကျင့်သုံးမှုများ ကြောင့် စီမံခန့်ခွဲရေးဗျူဟာမှာ သီးနှံအထွက်နှုန်းကောင်းရေး ဦးတည်ထားပုံမရပေ။ အချို့စိုက်ခင်းများ၌ ဆီအုန်းသီးနှံ ကိုင်တွယ်ပို့ဆောင်ရာတွင် လိုအပ်ချက်များ ဆိုးဝါးစွာရှိနေခြင်းကြောင့်လည်း ထုတ်လုပ်မှုတွင် ဆုံးပါးမှု အများအပြား ရှိခဲ့သည်။

အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်တွင်းစားသုံးဆီဖူလုံရေး အဖြစ် ရည်မှန်းချက်ကိုထားရှိပြီး ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် အစိုးရနှင့် နီးစပ်သော ကုမ္ပဏီတစ်စု[33] ကို ရွေးချယ်ခဲ့သည်။ စစ်အာဏာရှင်တို့နှင့် လွန်စွာ ဆက်ဆံရေး ကောင်းမွန်သော ကုမ္ပဏီတစ်စုသည် မြန်မာနိုင်ငံ၏ မတို့မထိရသေးသော သဘာဝသယံဇာတများကို ရယူအမြတ်ထုတ်ရန် အခွင့်ထူးခံနေရာရှိ စီးပွားရေး အဝန်းအဝိုင်းတစ်ခုကို ထူထောင်ခဲ့သည်။ ကုမ္ပဏီများတွင် မြန်မာ့စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင်အခြေစိုက်သော လုပ်ငန်းရှင်များ အပါအဝင်၊ တနင်္သာရီတိုင်း၏ စီးပွားရေးမြို့တော်ဖြစ်သော မြိတ်မြို့ရှိ အစိုးရနှင့် အလွမ်းသင့်သော လုပ်ငန်းရှင်များ အသီးသီးပါဝင်ပြီး ယင်းတို့မှာ မြန်မာ့ ဆီအုန်းကဏ္ဍတိုးတက်ရေး လုပ်ဆောင်ပေးရန် ဟုဆိုသည်။ စုစုပေါင်း မြေဧက တစ်သန်းခွဲကျော်တွင် လုပ်ကိုင်ရန် ကုမ္ပဏီပေါင်း ၄၀ ကျော်ကို ခွင့်ပြုခဲ့ပြီး ယင်းကုမ္ပဏီအများစုမှာ လူ

---

30. Supra note 1

31. Interview with retired Government staff

32. Baskett, J.P.C. 2015. Myanmar oil palm plantations: A productivity and sustainability review Report no. 28 of the Tanintharyi Conservation Programme, a joint initiative of Fauna & Flora International and the Myanmar Forest Department.

33. cronyism: noun [ mass noun ] derogatory: the appointment of friends and associates to positions of authority, without proper regard to their qualifications.




မြန်မာစစ်အစိုးရ ခေတ်က စိုက်ထူခဲ့သော မြိတ်ဒေသရှိ ဆီအုန်း၏အခန်းကဏ္ဍနှင့် ပတ်သက်သည့် ဂါဒဖြန့်ထားသည့် ဆိုင်းဘုတ်။ (နော်ဘောဘီလေး)

အခွင့်အရေးချိုးဖောက်မှုများကြောင့်အပြင် ယခင်စစ်အစိုးရကို ကူညီခြင်း၊ ထောက်ပံ့ခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး ပိတ်ဆို့မှုစာရင်း[34] သွင်းခံထားရဆဲဖြစ်သည်။

ယင်းကုမ္ပဏီများမှာ ပုံမှန်အားဖြင့် ဆီအုန်းတိုးချဲ့စိုက်ပျိုးရန် နည်းပညာကျွမ်းကျင်မှုနှင့် ဘဏ္ဍာငွေ အရင်းအနှီးမရှိကြပါ။ ထိုကြောင့် ၎င်းတို့ရရှိထားသော နေရာများတွင် ဆီအုန်း မစိုက်နိုင်ဘဲ ယင်းအစား (လုပ်ပိုင်ခွင့်ရရှိထားသောမြေပေါ်တွင်) စီးပွားဖြစ် သစ်ခုတ်လှဲခြင်းနှင့် သစ်ထုတ်လုပ်ခြင်းကိုသာ ဦးစားပေးလုပ်ကိုင်ခဲ့ကြပါသည်။ ထိုကြောင့် ထိုကုမ္ပဏီများကို အပ်နှင်းထားသော မြန်မာနိုင်ငံ၏ ပြည်တွင်းဆီဖူလုံရေးဆိုသော ရည်ရွယ်ချက်ကို ကျရှုံးခဲ့ရုံမက တိုင်းပြည်၏ သဘာဝသယံဇာတများကိုပါ မွှေနှောက်ဖျက်ဆီးခံလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဆီအုန်း စိုက်ပျိုးရန်ချထားပေးခဲ့သည့် (စီးပွားဖြစ်သစ်ထုတ်ရောင်းခဲ့သော) မြေအားလုံးနီးပါးမှာ တန်ဖိုးမြင့် ကာကွယ်တောများ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။[35]

ပြုပြင်ပြောင်းလဲရေးသမားအဖြစ် သမ္မတ ဦးသိန်းစိန် အစိုးရက ၂၀၁၀ ပြည့်နှစ်မှ စ၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များစတင်လာပြီးနောက်ပိုင်း စိုးရိမ်စရာကောင်းသော ရေစီးကြောင်းသစ်ပေါ်လာသည်။ ဦးသိန်းစိန်အစိုးရသည် စွန်းထင်းနေသော မြန်မာနိုင်ငံ၏ ပုံရိပ်ကို ပြန်လည်မြှင့်တင်ရန် အထူးအားစိုက်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ဥပဒေပေါင်းများစွာ အတည်ပြုခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပအရင်းအနှီးတို့ကြောင့် စီးပွားရေးအပြောင်းအလဲဆီ ဦးတည်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်တွင်း ခရိုနီကုမ္ပဏီများသို့ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခွင့်မချပေးတော့ဘဲ နိုင်ငံခြားနှင့် မြန်မာကုမ္ပဏီများ မိတ်ဆက်ပူးတွဲလုပ်ကိုင်စေခဲ့သည်။ ယနေ့အထိ လုပ်ငန်းနှစ်ခုကို လုပ်ကိုင်ခွင့်ချပေးခဲ့ပြီး ယင်းမှာ မြန်မာနှင့် မလေးရှားဖက်စပ်ရင်းနှီးမြှုပ်နှံသည့် MSPP (လာမည့် အခန်းများတွင် အသေးစိတ်ဆွေးနွေးထားသည်)နှင့် မြန်မာနှင့် ကိုးရီးယားဖက်စပ် ရင်းနှီးမြှုပ်နှံသည့် မြန်မာအော်တိုမို့တစ်ကုမ္ပဏီ(MAC)တို့ ဖြစ်သည်။ သို့သော်ငြားလည်း မြေယာပိုင်ဆိုင်မှု လုပ်ငန်းစဉ်အားနည်းခြင်းနှင့် စစ်ရေးပဋိပက္ခကြောင့် ထိခိုက်ခံစားရမှုကြောင့် မြန်မာနိုင်ငံတွင် မြေယာအခြေပြု ရင်းနှီးမြှုပ်နှံမှုမှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဘေးဒုက္ခများတွေ့စေသည်။ ယခု MSPP နှင့် ဖြစ်ပျက်လာသော ပြဿနာများကို ထောက်ချင့်ခြင်းအားဖြင့် ကျင့်ဝတ်နှင့်ညီသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မဆွဲဆောင်နိုင်သေးပါ။ Samling ကုမ္ပဏီအုပ်စု (MSPP ၏ နောက်ကွယ်ရှိ မလေးရှားနိုင်ငံမှ စီးပွားရေး လုပ်ငန်းစုကြီး) သည်လည်း နိုင်ငံတကာ နှင့် ဒေသတွင်းတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် မှတ်တမ်းကောင်းများမရှိဘဲ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများကို များစွာချိုးဖောက်ဖူးပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ဖူးသည့် မှတ်တမ်းများဖြင့် ကျော်ကြားသည်။[36]

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ဆီအုန်း စိုက်ပျိုးဖြစ်ထွန်းရာဒေသဖြစ်သည့် တနင်္သာရီဒေသသည် နိုင်ငံအတွင်းအခြား မည်သည့်နေရာဒေသတွင်မျှ မရှိသော ဇီဝ-ရုပသွင်ပြင် လက္ခဏာများတည်ရှိသည့် ထူးခြားသော ဒေသတစ်ခုဖြစ်ပြီး ထိုကဲ့သို့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူအုပ်စုများ၏ စီးပွားရေးအကျိုးစီးပွားကြောင့် မြန်မာနိုင်ငံ၏ထိုဒေသရှိ (အထူးသဖြင့် တနင်္သာရီဒေသ) သယံဇာတ

34. http://www.bscn.nl/sanctions-consulting/sanctions-list-countries

35. Supra note 31

36. See this report, section 4.2, 1A

## တနင်္သာရီတိုင်းဒေသကြီးရှိ ဆီအုန်း စိုက်ပျိုးရေး - ဦးတည်ချက်လွဲသွားသော မျှော်မှန်းချက်

- ဆီအုန်းပင်သည် ခြောက်သွေ့ရာသီမရှိရဘဲ နှစ်စဉ် ပျမ်းမျှ မိုးရေချိန် အနည်းဆုံး ၂၀၀၀ မီလီမီတာ ရရှိရန် လိုအပ်သည်။ တနင်္သာရီတိုင်းတွင် သုံးလမှ လေးလ အထိကြာမြင့်သော ခြောက်သွေ့ရာသီ ရှိသည်။
- အပူချိန်သည်လည်း ဆီအုန်းထွက်နှုန်း အတွက် အရေးကြီးသည်။ အမြင့်ဆုံး အပူချိန် ၂၉-၃၃ ဒီဂရီစင်တီဂရိတ်အကြား၊ အနိမ့်ဆုံး ပျမ်းမျှ အပူချိန် ၂၂-၂၄ ဒီဂရီစင်တီဂရိတ်အကြား အကောင်းဆုံးထွက်သည်။ တနင်္သာရီဒေသကဲ့သို့သော ခြောက်သွေ့ရာသီရှိသော ဒေသများတွင် မြင့်မားသော နေ့အပူချိန်က အဖူးကြွေစေနိုင်သည်။
- စိုက်ပျိုး ဆီအုန်းပင်မှ ၆၆ ရာခိုင်နှုန်းသာ သင့်တော်သည့် နေရာဟု သတ်မှတ်ထားသည့် ဧရိယာတွင် စိုက်ပျိုးထားပြီး အခြားနေရာများမှာ ဆီအုန်းအထွက်နှုန်း နည်းစေပြီး (သို့မဟုတ်) အဖူးကြွေစေနိုင်သည့် အနေအထားတွင် ရှိသည့်အတွက် ဆီအုန်းအတွက် သင့်တော်သည့် အနေအထားရှိသည့် နေရာများ မဟုတ်ပါ။

(Saxon & Stewart, 2014, Flora and Fauna International)

အရင်းအမြစ်များအပေါ် ကြီးမားသော ဂန်ထုပ်ဂန်ပိုးအဖြစ် ကျရောက်လာနိုင်သည်။ တစ်နှစ်လျှင် ၉ လကျော်ခန့် မိုးရွာလေ့ရှိသဖြင့် နှစ်စဉ်မိုးရေချိန်မြင့်မားမှု၊ အတော်အသင့် ပြန့်ပြူးသော မြေ၊ ချိတ်ဆက်နေသော တောင်စဉ် တောင်တန်းသွယ်တို့ဖြင့် တနင်္သာရီဒေသမှာ ဆီအုန်းစိုက်ပျိုးရေးအတွက် အထူးကောင်းမွန်သော အနေအထား ရှိနေပုံပေါ်သည်။ သို့သော် ထိုသို့သော ဂေဟဗေဒ စနစ်အရ မြန်မာနိုင်ငံတောင်ဖျားတွင် ဆီအုန်းစိုက်ပျိုးရေးသာ ဖြစ်ထွန်းမည်ဟုယုံကြည်နေကြသော အခြေအနေများအကြားတွင် ထုတ်လုပ်မှုမှာ ယခုထက်တိုင် အဆင့်အတန်းမမီဘဲ နိမ့်ကျနေသေးပြီး နိုင်ငံတကာ စံချိန်ထက်များစွာနောက်ကောက်ကျနေသေးသည်။[37] ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဒေသအတွင်းရှိ ရာသီဥတု အနေအထားကြောင့် ဖြစ်ပုံရသည်။


တစ်နိုင်ငံလုံး စိုက်ပျိုးကုန်ထုတ်စီးပွားရေးအတွက် ချထားပေးသော မြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းရှိသော စုစုပေါင်း မြေဧက ၁ ဒသမ ၈ သန်း ကို ဆီအုန်းစိုက်ပျိုးရေးအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ချထားပေးခဲ့သည်။ သို့သော် ဧက ၁ ဒသမ ၈ သန်းအနက် ၂၀၁၆ ခုနှစ်အကုန်ထိ ဧက ၅၃၅၀၀၀ သာ စိုက်ပျိုးခဲ့သေးသည်။ ယင်းမှာ ချထားပေးခဲ့သော စုစုပေါင်း ဧရိယာ၏ ၂၉ ရာခိုင်နှုန်းသာရှိသည်။ ထိုသို့ နည်းပါးစွာ စိုက်ပျိုးခဲ့ခြင်းမှာ အရင်းအနှီးကြီးမားခြင်းနှင့် နည်းပညာကျွမ်းကျင်မှု မလုံလောက်ခြင်းတို့ကြောင့် ဖြစ်သည်။ ဆီအုန်းစိုက်ရန်အစား သဘာဝကာကွယ်တောများဖြစ်သော တန်ဖိုးနှင့် စီးပွားရေးအရ တန်ဖိုးမြင့်မားလှသော သစ်တောများကို အပြောင်ရှင်းခဲ့ပြီး သစ်ထုတ်လုပ်မှုများကိုသာ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ သစ်ခုတ်ခြင်းသည် အခြေခံအားဖြင့် ပိုမိုလွယ်ကူပြီး ဆီအုန်းစိုက်ပျိုးခြင်းနှင့်နှိုင်းယှဉ်လျှင် အရင်းအနှီးအနည်းအကျဉ်းသာ လိုအပ်ခြင်းကြောင့် ဖြစ်သည်။

ဇယား ၁: ချထားပေးခဲ့သော ဆီအုန်းစိုက်ခင်း ဧရိယာနှင့် အမှန်တကယ် စိုက်ပျိုးထားရှိသော ဧက

| စဉ် | ခုနှစ် | ခွင့်ပြုဧက | အောင်မြင်စွာစိုက်ပျိုးဧက | စိုက်ပျိုးရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၃၂၉၆၅၀ | ၉၅၇၂၁ | ၂၉% |
| ၂။ | ၂၀၁၂-၂၀၁၃ | ၃၅၃၆၅၉ | ၉၆၈၅၆ | ၂၇% |
| ၃။ | ၂၀၁၃-၂၀၁၄ | ၃၆၃၃၉၉ | ၁၀၂၈၈၇ | ၂၈% |
| ၄။ | ၂၀၁၄-၂၀၁၅ | ၃၇၅၈၉၄ | ၁၀၆၄၅၇ | ၂၈% |
| ၅။ | ၂၀၁၅-၂၀၁၆ (အဆိုပြု) | ၄၀၈၇၅၅ | ၁၃၃၃၈၂ | ၃၃% |
| | စုစုပေါင်း | ၁၈၃၁၃၅၇ | ၅၃၅၃၀၃ | ၂၉% |

အရင်းအမြစ် - စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန၊ တနင်္သာရီလွှတ်တော်သတင်းလွှာ၊ အမှတ်-၈၊ ဩဂုတ် ၁၉၊ ၂၀၁၅၊ စာမျက်နှာ ၄၄။

37. Saxon, E.C. and Sheppard, S.M. 2014. Land Suitability for oil palm in southern Myanmar. 17 June 2014. Working Paper No. 1 of the Fauna & Flora International (FFI) Myanmar Programme, Yangon. [Online pdf] Available at: http://www.fauna- ora.org/wp-content/uploads/Working-Paper-01-Oil-Palm-Suitability-in-South-Myanmar-July-2014.pdf




မြေပုံ (၁)။ တောင်ပိုင်းတနင်္သာရီဒေသတွင် ဆီအုန်းစိုက်ခင်းများ ချထားပေးသည့်ပုံ။

# ၄။ The Myanmar Stark Prestige Plantation (MSPP) ၏ ဖြစ်စဉ်အား လေ့လာချက်

## ၄.၁ ဒေသ၏ လူမှုရေး မျက်နှာစာ - နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီးသော တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှု

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ ရာစုနှစ်ဝက်နီးပါး တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၏ ဒဏ်ကို ဆက်တိုက်ခံစားလာခဲ့ရသည်။ MSPP က ဆီအုန်းစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသော နေရာအပါအဝင် တနင်္သာရီမှ ကျေးရွာများမှာ မြန်မာ့တပ်မတော်[38] ၏ အကြမ်းဖက်သံသရာတွင် ထပ်ကျော့ခံစားခဲ့ရသည်။ ဒေသခံ များမှာ ၎င်းတို့၏ ကျေးရွာများကို စွန့်ခွာထွက်ပြေးခဲ့ရပြီး တောတောင်များအတွင်း၊ IDP စခန်းများအတွင်းနှင့် နယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ဒုက္ခသည်များအဖြစ် ခိုလှုံနေကြရသည်။[39]

မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာသော ပြောစကားများအရ ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်စဉ် ၁၉၄၂ ခုနှစ်က တိုက်ပွဲများ ဖြစ်ပွား၊ဖြစ်ပေါ်ခဲ့ပြီး မြိတ်ခရိုင် (ထိုစဉ်က မာဂွီးဟုခေါ်သည်) တွင် ပစ်ခတ်တိုက်ခိုက်မှု အပြင်းအထန် ဖြစ်ပွားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ကရင်တိုင်းရင်းသားများသည် ကရင်အမျိုးသားအစည်းအရုံး(KNU) ကို တည်ထောင်ခဲ့ပြီး ကရင်အခေါ် "ကောသူးလေ"[40] (KNU) နှင့် မြန်မာအစိုးရတို့အကြား ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည်။ ယင်းအချိန်မှစတင်ပြီး ပြည်တွင်းစစ်၏ဒဏ်ကို ဒေသခံများ စတင်ခံစားရခြင်း၏ အစအဦးပင် ဖြစ်သည်။ ဒေသခံများ၏ ရပ်ရွာများသည် မီးရှို့ဖျက်ဆီးခံရခြင်း၊ သီးနှံများ အကြိမ်ကြိမ်ဖျက်ဆီးခံရခြင်း တို့အပြင် နှိပ်စက်ညှင်းပန်းမှု[41] နှင့် အခြား လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ[42] အမျိုးမျိုး စသည်တို့ကို မြန်မာ့တပ်မတော်[43]မှ လုပ်ဆောင်ခဲ့ခြင်းအား ခံစားခဲ့ရသည်။ ၂၀၁၇ ခုနှစ်အထိ မြန်မာစစ်တပ် သည် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်သည့် ဒေသများ အား အမည်းရောင်နယ်မြေဟု သတ်မှတ်ထားပြီး ထိုဒေသတွင်းတွင် တွေ့သည့် ရွာသားများကို ပစ်သတ်သည့် မူဝါဒပင်ရှိခဲ့သည်။

MSPP ဧရိယာရှိ ကျေးရွာအများစုမှာ ၁၉၂၀ ခုနှစ်မတိုင်မီက တည်ထားခဲ့ခြင်း ဖြစ်ကာ မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) အကြား ပဋိပက္ခများကြောင့် ရွာသားများသည် ရွာများမှ မကြာခဏ ထွက်ပြေးရပြီး ပဋိပက္ခ ခေတ္တရပ်နားသည့် အချိန်တွင် ပြန်လာလေ့ရှိသည်။ ဒေသခံလူထုမှာ အမြဲနိုးနိုးကြားကြား နေထိုင်ရပြီး အကယ်၍ အနီးဝန်းကျင်တွင် ပစ်ခတ်မှုဖြစ်ပွားပါက သိရှိနိုင်ရန် အမြဲနားစွင့်နေကြရသည်။ ထိုအချိန်ကာလအတွင်း ဆီအုန်းစိုက်ဧရိယာအတွင်းရှိ ကျေးရွာများအနက် တစ်ရွာသည် ၁၉၈၆ ခုနှစ်တွင် တိမ်းရှောင်ထွက်ပြေးခဲ့ပြီး ထိုနောက်တွင်လည်း တစ်နေရာပြီးတစ်နေရာ၊ တစ်ရွာပြီး တစ်ရွာ သို့မဟုတ် ဒုက္ခသည်စခန်း တစ်ခုပြီး တစ်ခု ပြောင်းရွှေ့နေထိုင်ခဲ့ရပြီးနောက် ၂၀၀၄ ခုနှစ်တွင်မှ ပြန်လာနိုင်ခဲ့သည်။[44]

၁၉၉၇ ခုနှစ်မှစ၍ မြန်မာ့တပ်မတော်သည် ထိုဒေသတွင်အခြေစိုက်လာပြီး နောက်ဆက်တွဲအဖြစ် ၂၀၀၁ ခုနှစ် နှင့် ၂၀၀၇ ခုနှစ်တို့အကြား နှိပ်စက်ညှင်းပန်းမှုများ အပြင်းထန်ဆုံးအခြေအနေဆိုက်ရောက်ခဲ့သည်။[45] မြန်မာတပ်မတော်သည် ကျေးရွာများအတွင်း ဝင်ရောက်ပြီး ကျွဲ၊ နွား၊ ဆိတ် အပါအဝင် မွေးမြူရေးတိရစ္ဆာန်များကို သတ်ဖြတ်သည်။ အချို့ကို အရှေ့ခွဲ့နှာကာ ယင်းတို့စခန်းသို့ ယူငင်သွားကြပြီး ကျန်ရှိသော အသေကောင်များကိုမူ ကျေးရွာအတွင်းနှင့် အနီးအနားဝန်းကျင်တွင် စွန့်ပစ်ခဲ့သည်။ သိုမှီးထားသော ဆန်စပါးများအပြင် နေအိမ်များ၊ ပစ္စည်းဥစ္စာများ နှင့် ဘုရားကျောင်းများလည်း မီးရှို့ခံရသည်။[46]

သိမ်ပြင် ကရင်အခေါ် (တာပိုခီး) ရွာမှာ သုံးကြိမ်သုံးခါတိုင်တိုင် ပြာကျသည် အထိ စစ်သားများ မီးရှို့ခြင်းကိုခံခဲ့ရသည်။[47] အချို့ကျေးရွာများသည် အကြိမ်ကြိမ် ခံစားခဲ့ရပြီး အခြေချနေထိုင်သူများ ထွက်ပြေးကာ အခြားနေရာများတွင် တစ်နှစ်လျှင်တစ်ကြိမ်ခန့်အထိ ရှောင်တိမ်းနေထိုင်ခဲ့ရသည်။ စစ်တပ်သည် ကွမ်းသီးပင်နှင့် သီးနှံပင်များကိုလည်း ခုတ်လှဲဖျက်ဆီးခဲ့သည်။

38. Supra Note 5

39. http://www.oxfordburmaalliance.org/refugees--conflict.html

40. Kawthoolei is the Karen name for the state that the Karen people of Myanmar have been trying to establish since the late 1940s

41. The Mon Forum, Issue No. 5/2003. Human Rights Foundation of Monland, 31 May 2003. http://www.ibiblio.org/obl/docs/MF2003-05B.htm

42. An Independent Report by the Karen Human Rights Group, Manerplaw, January 27, 1992 http://khrg.org/1992/01/92-01-27/incident-reports

43. Testimony by affected community members, February 2016.

44. Testimony by affected community member, February 2016

45. Supra Note 6

46. Testimony by affected community members, February 2016

47. Testimony by affected community member, February 2016

> "ကျွန်တော်တို့ကို နှိပ်စက်ဖို့ သူတို့ (မြန်မာစစ်တပ်) နည်းမျိုးစုံသုံးခဲ့တာ။ ကျွန်တော်တို့ ခေါင်းကို ပလစ်စတစ်အိတ်နဲ့ စွပ်ပြီး လုံချည်နဲ့ ချည်တယ်။ ခေါင်းကို ပလစ်စတစ်အိတ်နဲ့ စွပ်ပြီး ရေနွေးပူနဲ့ ခေါင်းပေါ်ကနေ လောင်းတယ်၊ ထိုးတယ်။ ကျွန်တော်တို့ အချို့သူတွေ မရှင်ဘူး။ အချို့ကြတော့ အသတ်ခံရတယ်၊ မုဒိမ်းအကျင့်ခံရတယ်"
>
> MSPP စိုက်ခင်းဧရိယာရှိ ရွာသား

ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် မြန်မာစစ်တပ်က မြေပြင်ရှိတိုင်းရင်းသားလက်နက်ကိုင်တပ်များ၏ လုပ်ငန်းများကို အပြတ်အသတ် ချေမှုန်းရန်အတွက် အသုံးပြုခဲ့ကြသော ဖြတ်လေးဖြတ်ဗျူဟာ၏[48] တစ်စိတ်တစ်ပိုင်းဖြစ်သည်။[49] ထိုနေရာဒေသများတွင်ပင်လျှင် အဓမ္မပေါ်တာဆွဲခြင်း ကဲ့သို့သော မြန်မာတပ်မတော်အတွက် ရိက္ခာပစ္စည်းများ သယ်ယူရန် ကျေးရွာသားများကို အတင်းအဓမ္မ အထမ်းသမား (ပေါ်တာ) အဖြစ် စေခိုင်းခဲ့ပြီး ရွာသားများမှာ အလုည့်ကျ တာဝန်ထမ်းခဲ့ရသည်။ ထို့အပြင်ကျေးရွာသားများကို လမ်းဖောက်လုပ်ရေးလုပ်ငန်းများအတွက်လည်း အတင်းအဓမ္မလုပ်အားပေး စေခိုင်းခြင်းများရှိခဲ့သည်။[50] [51] ပြည်တွင်းစစ်၏ ဒဏ်နှင့် စစ်တပ်၏ ဖိနှိပ်မှုဒဏ်မှာ ပြုပြင်ပြောင်းလဲရေးသမား သမ္မတ ဦးသိန်းစိန်အစိုးရတက်လာသည့် ၂၀၁၀ ခုနှစ်မှ ရပ်တန့်ခဲ့သည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများပြေငြိမ်းသည့် တစ်နှစ်အကြာအချိန်တွင်မှ MSPPကို ဆီအုန်းစိုက်ပျိုးခွင့် ချထားပေးလိုက်ခြင်း ဖြင့် နောက်ထပ် ခြိမ်းခြောက်မှု အသစ်တစ်ရပ်ကို ဒေသခံကရင်တိုင်းရင်းသားများမှ စတင်ကြုံတွေ့ခံစားကြရသည်။

ယင်းဒေသ၏ သမိုင်းကြောင်းနောက်ခံ၊ လက်နက်ကိုင်ပဋိပက္ခဒဏ်များဖြင့်ရှုတ်ထွေးခဲ့ရသော အခြေအနေများကြောင့် ဒေသခံရွာသူရွာသားများမှာ ၎င်းတို့၏ မြေကို မှတ်ပုံတင်ရန်နှင့် မြေယာပိုင် ဆိုင်ခွင့်ရရေး အဘယ်ကြောင့် မဖြစ်နိုင်ခဲ့ကြောင်းကို ရှင်းရှင်းလင်းလင်း ဖွင့်ဆိုပြသလျှက်ရှိနေသည်။ ယင်းအပြင်၊ ထပ်ပေါင်းထည့်ရလျှင် ၁၉၆၂ မှ ၂၀၁၀ ခုနှစ်များအတွင်းတွင် စစ်အာဏာရှင်လက်အောက်အတွင်းရှိ အစိုးရဌာနများမှာ ရှိသော အရင်းအမြစ်များမှာ လုံလောက်မှုမရှိသည့်အတွက် ပဋိပက္ခဖြစ်ပွားရာဒေသ များတွင် မဆိုထားနှင့် ပဋိပက္ခမရှိသည့် ဒေသများတွင်ပါ လုံလောက်သည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ခြင်း မရှိခဲ့ပါ။[52] မြန်မာနိုင်ငံတဝန်းရှိ အခြားသော ပဋိပက္ခဖြစ်ပွားရာ ဒေသများမှာလည်း ထိုကဲ့သို့သော အလားသဏ္ဍာန်တူသော အတွေ့အကြုံများကို တူညီစွာ ခံစားခဲ့ကြရပြီး မြေယာလက်မဲ့ပြဿနာများဖြစ်ခဲ့ကြရသည်။

၂၀၁၀ ပြည့်နှစ်မှ စတင်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်မှ စ၍ MSPP ရရှိထားသော ဧရိယာအတွင်းရှိကျေးရွာများမှာ ယင်းတို့၏ မြေယာကို မြန်မာအစိုးရထံတွင်လည်းကောင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ထံတွင် သော်လည်းကောင်းမှတ်ပုံတင်နိုင်ခြင်း မရှိသေးပါ။ စွယ်ချောင်းဂရွာ၊ ကရင်အမည်"တမဲကျေးရွာ" သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ထိန်းချုပ်ဧရိယာများအတွင်းတွင်တည်ရှိပြီး မြန်မာအစိုးရအရာရှိများသွားရောက်နိုင်ခြင်းမရှိပါ။ ထိုနယ်မြေများကို ၎င်းတို့၏ စနစ်အတိုင်း မှတ်ပုံတင်ရန် KNU ကမ်းလှမ်းခဲ့သော်လည်း ထိုသဘောတူညီချက်အတွက် နောက်ဆက်တွဲ လုပ်ငန်းအကောင်အထည်ဖော်ခြင်းမျိုး၊ ကြီးကြပ်နိုးဆော်ခြင်းမျိုး မရှိခဲ့ပါ။ မြန်မာအစိုးရကလည်း ၂၀၁၆/၂၀၁၇ ခုနှစ်ခန့်က အချို့သော အခြားကျေးရွာများတွင် မြေယာ မှတ်ပုံတင်ရန် ဆွေးနွေးခဲ့ဖူးသော်လည်း နောက်ဆက်တွဲ လာရောက်ခြင်း၊ ကြီးကြပ်နိုးဆော်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းများ မရှိခဲ့ပါ။ သိမ်ပြင်ရွာ ကရင်အခေါ် (တဖိုခီး)မှာ အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)တို့တစ်ပြိုင်နက် အုပ်ချုပ်ရေးအပြိုင်ရှိသောနေရာဖြစ်ပြီး ထိုဒေသရှိ ရွာသားများမှာ အစိုးရနှင့် KNU နှစ်ဖက်စလုံးကို အခွန်ပေးဆောင်သော်လည်း နှစ်ဖက်စလုံးက မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်အတွက် စိတ်ချရလောက်သော မြေယာပိုင်ဆိုင်ခွင့်အား လုပ်ဆောင် ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။[53]

အစိုးရ နှင့် KNU နှစ်ဦးနှစ်ဖက်စလုံးသည် ထိခိုက်ခံစားရသော ရပ်ရွာအဖွဲ့အစည်းများအပေါ် ထိရောက်သော ဆွေးနွေးပြောဆိုခြင်းနှင့် ပွင့်လင်းမြင်သာခြင်းမျိုးမရှိခဲ့ပါ။ အစိုးရ အရာရှိများ ထိုနေရာသို့ ရောက်လာတတ်သော အချိန်မှာ အခွန်ကောက်ရန်နှင့် MSPP မှ ဝန်ထမ်းများနှင့် အတူတကွလာရောက် လည်ပတ်တတ်သောအချိန်သာဖြစ်သည်။[54] ထိုအခြေအနေကပင် ဘက်အသီးသီးအကြားနားလည်မှုလွဲခြင်းနှင့် ကောလာဟလများ ဖြစ်စေပြီး တင်းမာမှုကို ပိုမိုဖြစ်ပွားစေသည်။ KNUက ၎င်းတို့ကို မြေရောင်းချလိုက်ပြီးဖြစ်ကြောင်း MSPP ကုမ္ပဏီ တာဝန်ရှိသူများက မကြာခဏ ပြောဆိုတတ်သော်လည်း အစိုးရကသော်လည်းကောင်း၊ KNU က သော်လည်းကောင်း၊ ကုမ္ပဏီကသော်လည်းကောင်း မည်သူကမျှ ရွာသားများကို အသေးစိတ်အချက်အလက်များ ရှင်းလင်းတင်ပြခြင်း မရှိပါ။

48. Four cuts campaign : A strategy where intelligence, financing, food and recruits are eliminated through a scorched-earth policy

49. Tenasserim Division: Forced Relocation and Forced Labour, Karen Human Rights Group. 9 February 1997. http://khrg.org/1997/02/khrg97u1/tenasserim-division-forced-relocation-and-forced-labour

50. Testimony by affected community members, February 2016

51. The Mon Forum, Issue No. 2/2001. Human Rights Foundation of Monland, February 28, 2001. http://www.ibiblio.org/obl/docs/MF2001-02.htm

52. Interview with key informant. February, 2016

53. Testimony by affected community members, February 2016

54. Interview with key informant. June, 2016




MSPP စီမံချက်အတွင်းနေထိုင်ကြသော ဒေသခံဌာနေတိုင်းရင်းသားများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ခံစားရမှုများအတွက် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲပြုလုပ်နေသည့်ပုံ (သက်ဦးမောင်)

အများအားဖြင့် ထိုသို့သော ရောထွေးအုပ်ချုပ်နေသော နေရာတွင် စီမံအုပ်ချုပ်မှုစနစ်သည် အားအနည်းဆုံးဖြစ်ပြီး တစ်ဦးနှင့် တစ်ဦး အပြစ်ပုံချနေကြကာ မည်သူ့ဘက်ကမျှ ဖြေရှင်းပေးရန် အတွက် တာဝန်မယူကြပေ။ အမြဲတစေနှင့် အခြေတကျ ဆယ်စုနှစ်ပေါင်း များစွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှု များကြောင့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်အတွက် အာမခံမှုမှာ အလွန် နည်းပါးလှပါသည်။ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော ရပ်ရွာ အဖွဲ့အစည်းများမှာ မြေယာသိမ်းဆည်းခံရမှုများမှာ အကာအကွယ် မဲ့လွန်းလှသည်။

MSPP ကို ဆီအုန်းလုပ်ကိုင်ခွင့်ချထားပေးလိုက်ပြီး မကြာမီတွင်ပင် KNUနှင့် အစိုးရတို့ ၂၀၁၂ ခုနှစ်တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ အပစ်အခတ်ရပ်စဲရေး လက်မှတ်သည် တချိန်က အမည်းရောင်နယ်မြေဖြစ်ခဲ့သော ဒေသတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးရန်အတွက် အခရာကျနေသည်။ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘော တူစာချုပ် (NCA) ကြောင့်လည်း ရင်းနှီးမြှုပ်နှံမှု နောက်ထပ်လှိုင်း လုံးတစ်ခုကို နမိတ်ပြနေပြီး NCA က မြေယာပဋိပက္ခနှင့် မြေယာ သိမ်းဆည်းမှုများကိုပါတွဲလျက် တပါတည်းပါလာနိုင်သည်။ ယခင်က ရှိခဲ့သော ပြည်တွင်းစစ် ခြိမ်းခြောက်မှု အခြေအနေမှ ပဋိပက္ခနယ် မြေတွင် ရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ပေးရန် ကူးပြောင်းလာခြင်း သည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ပုံစံတကျဖွဲ့စည်းတည် ဆောက်ထားသောစနစ်ဖြင့် အကြမ်းဖက်ခြင်းသို့ ပြောင်းလဲလာခြင်း ဖြစ်သည်။

> "အရင်ကဆို တိုက်ပွဲဖြစ်ရင်တောထဲ ပြေးလို့ရတယ်၊ ပြီးရင်ပြန် လာစရာ မြေရှိတယ်။ အခုတော့ ငြိမ်းချမ်းရေးရပါပြီတဲ့၊ ကျွန်တော် တို့မြေကို သူတို့ယူသွားပြီ။ ကျွန်တော်တို့မှာ ဘာမှ မကျန်တော့ ဘူး"
>
> MSPP ဧရိယာမှ ရွာသား တစ်ဦး

ပဋိပက္ခဧရိယာများတွင် အဓိပ္ပါယ်ပြည့်ဝသော ငြိမ်းချမ်းရေးသဘော တူညီချက်နှင့် ခိုင်မာသောစီမံအုပ်ချုပ်မှုယန္တရား အခြေမခိုင်သေးမီ အချိန်အထိ အကြီးစားရင်းနှီးမြှုပ်နှံမှုများနှင့် စီမံကိန်းများ ရပ်နား ထားသင့်ကြောင်း နှင့် ထိုကဲ့သို့လုပ်ပိုင်ခွင့်ချထားပေးသော လုပ်ငန်း များအား ကောင်းမွန်သော ကြီးကြပ်နိုးဆော်ထိန်းသိမ်း စောင့်ကြပ် ကြည့်ရှုသည့်လုပ်ငန်းစဉ်တစ်ရပ် အလျှင်အမြန်ထူထောင်ရန်လိုအပ် လျက်ရှိကြောင်း၊ MSPP၏ ဆိုးဝါးလှသော မြေယာသိမ်းဆည်းမှု ဖြစ်ရပ်ကြီးက မီးမောင်းထိုးပြနေသည်။

## ၄.၂ MSPP ၏ ဖက်စပ် လုပ်ငန်းပုံစံတည်ဆောက်ပုံ နှင့် ပင်ငွေစီးဆင်းမှု

Myanmar Stark Prestige Plantation (MSPP) သည် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် ဟက်တာ ၄၂၂၀၀ အကျယ်အဝန်းရှိ ဆီအုန်းခြံတည်ထောင်ရန် ၂၀၁၁ ခုနှစ်[55] တွင် ပေါင်းစည်းထူထောင်ထားသော ဖက်စပ်ကုမ္ပဏီ တစ်ခု ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၅ သန်းတန် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို ရှယ်ယာ ၉၅ ရာခိုင်နှုန်း ပိုင်ဆိုင်သော မလေးရှား လုပ်ငန်းစု Samling လုပ်ငန်းစု နှင့် ရှယ်ယာ ၅ ရာခိုင်နှုန်း[56] ပါဝင်သော မြန်မာနိုင်ငံကုမ္ပဏီ၊ Stark Industries တို့မှ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး ဘုတ်အဖွဲ့တွင် မလေးရှားနိုင်ငံသား လေးဦးနှင့် မြန်မာ တစ်ဦးပါဝင်သည်။[57]

### က) Stark Industires ကုမ္ပဏီလီမိတက် (မြန်မာ)

Stark Industires ကုမ္ပဏီလီမိတက်ကို တပ်မတော်နှင့်ထိပ်သီး စီးပွားရေး အသိုင်းအဝိုင်းနှင့် အဆက်အသွယ်ရှိသူ လုပ်ငန်းရှင် ဒေါ်မြသီတာဆွေတင်က တည်ထောင်ပိုင်ဆိုင်သည်။ ဒေါ်မြသီတာဆွေတင်မှာ ကွယ်လွန်သွားပြီဖြစ်သော ခင်ပွန်းဟောင်း ဦးမောင်မောင်ဆွေတင်၏ အမည်အားရယူ ပိုင်ဆိုင်ထားပြီး ယင်းတို့နှစ်ဦးစလုံးမှာ ပနားမားစာရွက်စာတမ်းများတွင် အမည်ပေါက်နေသူများ ဖြစ်သည်။[58] ခင်ပွန်းဟောင်း ကွယ်လွန်ပြီးနောက် အဆင်မြင့် တပ်မတော်အရာရှိတစ်ဦးဖြစ်သူ၊ အလုပ်သမား ဝန်ကြီးဌာနတွင် အစိုးရအရာရှိအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊ ဦးသိန်းဌေးနှင့် လက်ထပ်ခဲ့သည်။[59] MSPP ၏ ဒါရိုက်တာ တစ်ဦးအပြင် ဒေါ်မြသီတာဆွေတင်၏ အခြားကုမ္ပဏီနှင့် ရာထူးများကို Linkedin.com အသက်မွေးဝမ်းကြောင်းဆိုင်ရာ ချိတ်ဆက် ဝက်ဆိုဒ်တွင် အောက်ပါ အတိုင်း ထည့်သွင်းထားသည်။

55. Open Corporates, Myanmar Stark Prestige Plantation. https://opencorporates.com/companies/mm/3FC-2011-2012


56. Myanmar Times, “Peace brings plantations and displacement in Myeik hills,”

57. Open Corporates, Myanmar Stark Prestige Plantation. https://opencorporates.com/companies/mm/3FC-2011-2012

58. The Panama Papers are 11.5 million leaked documents that detail financial and attorney–client information for more than 214,488 offshore entities. The leaked documents were created by a Panamanian law firm and corporate service provider, Mossack Fonseca. The leaked documents illustrate how wealthy individuals and public officials are able to keep personal financial information private. While offshore business entities are often not illegal, reporters found that some of the Mossack Fonseca shell corporations were used for illegal purposes, including fraud, kleptocracy, tax evasion, and evading international sanctions.

59. Facebook, Tein Htay. https://www.facebook.com/myathidar.swaytin?fref=ts&__mref=message_bubble

MSPP ၏ရင်းနှီးမြှုပ်နှံမှုကွင်းဆက်




(က) တနင်္သာရီတိုင်းဒေသတွင် သစ်လုပ်ငန်းနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးတွင်လည်း ပါဝင်ပတ်သက်နေသည်ဟု ဆိုသော Services International ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာ၊ [60 61]

(ခ) ဗဟိုစည်ဆေးရုံကို စီမံလည်ပတ်နေသော Pioneer Services International ကုမ္ပဏီ (PSI) လီမိတက်၏ ဒါရိုက်တာ၊

(ဂ) စိုက်ပျိုးရေး လုပ်ငန်းများ အပါအဝင် ကျွန်းနှင့် စန္ဒကူးသစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော Service International (SI) ၏ အုပ်ချုပ်မှု ဒါရိုက်တာ။ သမီးဖြစ်သူမှာလည်း ထိုကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သည်။[62]

ဒေါ်မြသီတာဆွေတင်၏ ဒုတိယခင်ပွန်း ဦးသိန်းဌေးမှာ တပ်မတော်အရာရှိဟောင်း [63] တစ်ဦးဖြစ်ပြီး နာမည်ရ မြန်မာရုပ်မြင်သံကြားလိုင်း တစ်ခုဖြစ်သော MRTV 4 ၏ ပိုင်ရှင်တစ်ဦးအဖြစ် မြန်မာစီးပွားရေး လောကတွင် လူသိများသည်။ ဒေါ်မြသီတာဆွေတင်နှင့် ယခင် ခင်ပွန်းတို့၏ သမီးဖြစ်သူ အစွဘယ်လာဆွေတင်မှာ ရန်ကုန်မြို့တွင်လူသိများလှသော Rangoon Tea House ၏ ပူးတွဲပိုင်ရှင်တစ်ဦးလည်း ဖြစ်သည်။

60. LinkedIn, Mya Thidar Sway Tin. https://www.linkedin.com/in/mya-thidar-sway-tin-809b7631

61. “Brilliant Woman – Dr. Mya Thidar Swa Tin” MRTV. 4 October 2013. https://www.youtube.com/watch?v=fGnwzAjqUZU

62. Supra note 2

63. Ibid.

## ခ) Samling အုပ်စု (မလေးရှား)

Samling အုပ်စုသည် မလေးရှားနိုင်ငံတွင် အခြေစိုက်ပြီး မတူကွဲပြားသော လုပ်ငန်းများပေါင်းစုံ ပေါင်းစုထားသော လုပ်ငန်းစုဖြစ်သည်။ ကုမ္ပဏီကို ၁၉၆၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး မလေးရှားနိုင်ငံ ဘိုနီယိုကျွန်းပေါ်ရှိ ဆာရာဝပ်ပြည်နယ်တွင် ရုံးချုပ်အခြေစိုက်ပြီး ဝန်ထမ်းအင်အား ၁၅၀၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျှက်ရှိသည်။

သားအဖ နှစ်ဦးဖြစ်သော ယောတိခ်ဆန်နှင့် ယောချီမင်းတို့မှာ Samling Strategic အုပ်စု၏ တည်ထောင်သူနှင့် ပိုင်ရှင်များ ဖြစ်သည်။ ၎င်းတို့တွင် တရုတ်နိုင်ငံမှ နယူးဇီလန်အထိ သစ်ထုတ်လုပ်ရေး လုပ်ငန်းများရှိပြီး ယခုအခါ ဆာရာဝပ်ပြည်နယ်ရှိ မီရီမြို့၊ ကွာလမ်လာပူမြို့တော်နှင့် ဟန္နိုင်းမြို့များရှိ အိမ်ခြံမြေ စီမံကိန်းများဘက် တိုးမြှင့်ဦးတည်ရင်းနှီးမြှုပ်နှံလာသည်။ ၎င်းတို့နှစ်ဦးသည် ၂၀၁၆ ခုနှစ် Forbes မဂ္ဂဇင်း၏ စာရင်းအရ ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ သန်း ၉၅၀[64] ဖြင့် မလေးရှားနိုင်ငံတွင် ၁၉ ဦးမြောက် အချမ်းသာဆုံး စာရင်းဝင်ခဲ့သည်။ Samling သည် လက်အောက်ခံလုပ်ငန်းခွဲပေါင်းများစွာနှင့် သစ်ခုတ်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်သစ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း နှင့် အိမ်ခြံမြေ လုပ်ငန်းတို့ လုပ်ကိုင်နေသော မိခင်လုပ်ငန်းစုကြီးတစ်ခုဖြစ်သည်။

Glenealy Plantation Sdn Bhd မှာ Samling အုပ်စု၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ဆီအုန်းထုတ်လုပ်ခြင်းကို လုပ်ကိုင်သည်။ Glenealy ၏ သက်တမ်းမှာ နှစ် ၅၀ ကျော်ပြီဖြစ်သည်။ Samling ကုမ္ပဏီ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားချက်အရ "Samling သည် သစ်တောသယံဇာတများ ရေရှည်ထုတ်လုပ်နိုင်စွမ်းရှိစေရန် ဒီဇိုင်းထုတ်ထားသော ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲရေး ကျင့်ထုံးများကို အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း ဆိုထားသည်"။[65]

သို့သော်ငြားလည်း Samling အုပ်စု နှင့် ၎င်း၏ လုပ်ငန်းခွဲ Glenealy မှာ ဌာနေတိုင်းရင်းသား အခွင့်အရေး ချိုးဖောက်မှု၊ သဘာဝပတ်ဝန်းကျင်ရေးရာ မှုခင်းများ၊ အရှေ့တောင်အာရှနှင့် အာဖရိကတစ်ခွင် တရားမဝင်လုပ်ငန်းများကြောင့် နိုင်ငံတကာ မျက်နှာစာထက်တွင် ဝေဖန်ခံနေရသည်။ ထို့ပြင် Samling အုပ်စုကြီးသည် ၎င်းတို့ မလေးရှားနိုင်ငံအတွင်း တွင် ပင်လျှင် ဂုဏ်သိက္ခာမရှိဆုံး အဆိုးဆုံးအုပ်စုများ အနက်တစ်ခု အဖြစ်ကျော် ကြားသည့်အပြင် ၎င်းတို့လုပ်ငန်းလုပ်ကိုင်နေသော တိုက်ကြီးသုံးတိုက်တွင်လည်း ထိုသတင်းစကားများ ပျံ့နှံ့လျှက်ရှိနေပါသည်။ Samling က လူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေခဲ့ကြောင်း နာမည်ဆိုးထွက်သော ဖြစ်ရပ် များတွင် အောက်ပါအချက်အလက်တို့လည်းပါဝင်သည်။

- ၁၉၉၇ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် Samlingအုပ်စုသည် လုပ်ငန်းလုပ်ကိုင်ခွင့်အပါအဝင် အစိုးရ၏ ခွင့်ပြုချက် မရသေးမီပင် သစ်တောများမှ စတင်အမြတ်ထုတ် ခုတ်ထွင်ရှင်းလင်းခဲ့ပြီး သစ်ထုတ်လုပ်ရေး လုပ်ထုံးလုပ်နည်းများကိုလည်း ချိုးဖောက်ခဲ့ကြပါသည်။[66] ထို့အပြင် Samling အုပ်စုသည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ငံအတွင်းရှိ စတင်အသက်ဝင်သော သစ်ထုတ်လုပ်ရေး ပိတ်ပင်မှုရှိနေသည့်တိုင် နားမထောင်ဘဲ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ နောက်ပိုင်းနှစ်များတွင် Samling အုပ်စု သည် စနော သားရဲတိရစ္ဆာန် ထိန်းသိမ်းတောကို စတင် လုပ်ကိုင်သည်။[67] ၁၉၉၉ ခုနှစ်တွင် အစိုးရက သစ်ထုတ်လုပ်ရေးအတွက် ခိုင်ကြေး (Royalty-မူပိုင်ကြေးဟုလည်း ခေါ်သည်) တိုးမြှင့်လိုက်သောအခါ Samling သည် ဆန္ဒပြကန့်ကွက်သည့် အနေနှင့် ၎င်း၏ လုပ်ငန်းများကို ရပ်ပစ်လိုက်ပြီး ၎င်းပေးအပ်ရန် ကျန်ရှိနေသော အခွန်ငွေ - ခိုင်ကြေးများအား အစိုးရထံပေးအပ်ရန် ငြင်းဆိုခဲ့သည်။[68]

- ၂၀၀၇ခုနှစ်တွင်Samling၏လုပ်ငန်းခွဲတစ်ခုဖြစ်သောဘာရာမား (Barama) သည် ဒေသခံများနှင့် ကြိုတင်၍ လွတ်လပ်စွာ အသိပေးသဘောတူညီချက်မယူခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု စစ်တမ်းလုပ်ဆောင်ရန်ပျက်ကွက်ခြင်းတို့ကြောင့် တောင်အမေရိကတိုက်ရှိ ဂူယာနာနိုင်ငံတွင် (သစ်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်တစ်ခုဖြစ်သော) Forest Stewardship Council Certification လက်မှတ် ဆုံးရှုံးခဲ့ဖူးသည်။ ယင်းနှစ်နှောင်းပိုင်းတွင် အဆိုပါ ကုမ္ပဏီသည် ဂူယာနာသစ်တောကော်မရှင်နှင့် ပူးပေါင်းကာ အစိုးရကို လိမ်လည်ရန် ကြံစည်ခဲ့ကြောင်း ဂူယာနာ သမ္မတက ထုတ်ပြန်ခဲ့သည်။[69]

- Samling ၏ မလေးရှားနိုင်ငံ ဆရာဝပ်ဒေသအတွင်း လုပ်ရပ်များသည် 'ကျွန်ုပ်တို့ သက်တမ်းတစ်လျှောက်တွင် အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်း' ဖြစ်ကြောင်း ဗြိတိန် ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းက ၂၀၁၉ ခုနှစ်တွင် ပြောဆိုခဲ့သည်။[70] ၂၀၁၉ ခုနှစ်တွင် BBC က ထုတ်

64. http://www.forbes.com/malaysia-billionaires/list/#tab:overall_search:Yaw%20Teck%20Seng

65. http://www.samling.com/upstream.php

66. Global Witness. "The Untouchables," December 1999. https://www.globalwitness.org/sites/default/files/pdfs/untouchables.pdf

67. Ibid.

68. Global Witness. "Background investigation into companies bidding for Liberian forest management contracts," July 2009 https://www.globalwitness.org/sites/default/files/pdfs/global_witness_background_investigations_into_forest_management_contracts_15_july_2009_1.pdf

69. http://www.fsc-watch.org/archives/2007/01/18/FSC_audit_of_SGS_leads_to_suspension_of_largest_tropical_logging_certificate

70. National Geographic, "Can Borneo's Tribes Survive 'Biggest Environmental Crime of Our Times'?" January 2015. http://news.nationalgeographic.com/2015/01/150111-borneo-rainforest-environment-conservation-ngbooktalk/

> ပြန်လိုက်သော သတင်းတစ်ရပ်အရ Samling အုပ်စုသည် ဒေသခံတိုင်းရင်းသူများကို မုဒိမ်းကျင့်၊ ခေါင်းပုံဖြတ်မှုတွင် ကြုံရာပါအဖြစ်ပါဝင်နေကြောင်း မလေးရှားအစိုးရက တွေ့ရှိသွားသည်။[71] Samling ၏လုပ်ငန်းများကို ဆန္ဒပြသော ပီနန်လူနည်းစု ဌာနေတိုင်းရင်းသား အဖွဲ့ဝင်များမှာ အစိုးရ၏ ခြိမ်းခြောက်ခြင်း၊ လျစ်လျူရှုခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ [72]

Glenealy ကုမ္ပဏီသည် ရေရှည်တည်တံ့သော ဆီအုန်းပွင့်လင်းမြင်သာမှုလက်စွဲ၏တိုင်းတာချက်များ (Sustainable Palm Oil Transparency Tool Kit) အရ စုစုပေါင်း၅၆ မှတ်တွင် ၂ မှတ်သာရရှိပြီး ကုမ္ပဏီပေါင်း ၅၀ တွင် တတိယမြောက် အဆိုးဝါးဆုံးအဆင့် ဖြစ်သည်။ Glenealy သည် ဆီအုန်းလုပ်ငန်းတွင် ထိပ်တန်း အသိအမှတ်ပြုလက်မှတ်စနစ်ဖြစ်သော Substainable Palm Oil ၏ အဖွဲ့ဝင်လည်း မဟုတ်ပါ။ [73]

## ဂ) ဝင်ငွေစီးဆင်းမှုနှင့် ဘဏ္ဍာငွေကြေးထောက်ပံ့သူများ

MSPP ၏ မိခင်ကုမ္ပဏီ Glenealy စိုက်ခင်းများနှင့် ဆက်စပ်နေပြီး MSPP သို့ငွေကြေးထောက်ပံ့နေသော လုပ်ငန်းများစွာရှိသည်။ ယခုအခန်းတွင် ကုမ္ပဏီလုပ်ငန်းစုများ၏ အထွေထွေ ငွေချေးစာချုပ်များ၊ ကိစ္စရပ်တစ်ခုခုအတွက် ရည်ရွယ်သတ်မှတ်ထားခြင်း မရှိသော ရန်ပုံငွေများ (ထိုသို့ သတ်မှတ်ထားခြင်းမရှိ သဖြင့် MSPPကို ငွေချေးနိုင်သည်) မှတဆင့် ရင်းနှီးမြှုပ်နှံမှုကွင်းဆက်တွင် ပါဝင်ပတ်သက်နေသော အဓိကနောက်ကွယ်မှ ဇာတ်ကောင်များကို ထုတ်နုတ်ပြထားပါသည်။ အောက်ဖော်ပြပါ ဇယားကိုကြည့်ပါက မေဘဏ်နှင့် ဆက်စပ်နေပြီး ရင်းနှီးမြှုပ်နှံမှု ကွင်းဆက်တွင်ပါဝင်နေသည့် မတူကွဲပြားသော ဘဏ္ဍာရေးအဖွဲ့များ မည်မျှပါဝင်နေ သည်ကို ထောင့် ချင့်ကြည့်ရှုနိုင်သည်။ မေဘဏ်သည် Glenealy စိုက်ခင်းများသို့ အမေရိကန် ဒေါ်လာ ၁၂၄ သန်း ငွေတိုက်စာချုပ်မှ တဆင့် ထုတ်ချေးထားသည်။

## ၁) Maybank (မေဘဏ်)

Malayan Banking (Maybank-မေဘဏ်) သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် အခြေစိုက်သော ဘဏ်ကြီးတစ်ခု ဖြစ်သည်။[74] ထိုဘဏ်သည် MSPP ကို ငွေကြေးထောက်ပံ့ခဲ့သည်ဟု ယူဆရသော Glenealy အုပ်စုသို့ အမေရိကန်ဒေါ်လာ သန်းဆယ်ပေါင်းများစွာ ထောက်ပံ့ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် MSPP ကို တည်ထောင်ချိန်တွင် Glenealy ၏ ချေးငွေစာချုပ် အတွက် အမေရိကန်ဒေါ်လာ ၁၂၄ သန်း ရရှိရေး မေဘဏ် စီစဉ်အာမခံပေးခဲ့သည်။[75] ငွေချေးစာချုပ်ဆိုသည်မှာ ချေးငွေကဲ့သို့သော အကြွေးတစ်မျိုးဖြစ်ပြီး ရင်းနှီးမတည်ငွေများပြားလာရန် စီစဉ်ထားသည်။ Underwriting Banks(ယခုဖြစ်ရပ်တွင် မေဘဏ်) များသည် ကုမ္ပဏီ (Glenealy ကုမ္ပဏီ) မှငွေချေးစာချုပ်များ ဝယ်ယူသည်။ ထိုနောက်အများအားဖြင့် ဈေးမြင့်မားစွာဖြင့် Underwriters အတွက်အမြတ် တင်ကာ အခြား တတိယအဖွဲ့အစည်းများကို ရောင်းချသည်။ Underwriters ဆိုသည်မှာ ကုမ္ပဏီများ၏ငွေချေးစာချုပ် (သို့) ငွေချေး သက်သေခံ လက်မှတ်များကို ရောင်းဝယ်ဖောက်ကားပေးသော လုပ်ငန်းဖြစ်သည်။

ထိုရှာဖွေ မတည်ရင်းနှီးငွေကို စိုက်ပျိုးရေး လုပ်ငန်းသစ်များရယူလုပ်ကိုင်နိုင်ရေး ဘဏ္ဍာငွေများထောက်ပံ့နိုင်ရန်အတွက် အစီအစဉ်များချခဲ့ကြောင်း မလေးရှားအာမခံ ကော်မရှင်၏ ၂၀၁၃ ခုနှစ် မတ်လ ငွေချေးစာချုပ်စာရင်းတွင် ဖော်ပြထားသည်။[76] ငွေချေးစာချုပ်မှ ရရှိလာသော ဝင်ငွေအတိုင်း မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သည်။ ငွေချေးစာချုပ်စာရင်းအရ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိရန်ပစ်မှတ်ထားချုပ်ဆိုထားပြီး ယနေ့အထိ အမေရိကန်ဒေါ်လာ ၁၂၄ သန်းသာ ထုတ်ရောင်းသေးသည်။ ထိုကြောင့် မေဘဏ် ၏ နောက်ခံဖြင့် Glenealy သည် နောင်တွင် ငွေချေးစာချုပ်များကို ပိုမိုထုတ်ရောင်းဖွယ်ရှိသည်။ အကျိုးဆက်အဖြစ် နောင်အနာဂတ်တွင် သဘာဝပတ်ဝန်းကျင် အမြတ်ထုတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုဖြစ်ပွားလာဖွယ်ရှိသည်။

Maybank ၏ အင်တာနက်စာမျက်နှာတွင်မူ ၎င်း၏ ဦးစားပေး ဖော်ပြထားသော ကြေငြာချက်မှာ 'သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး' နှင့် 'ရပ်ရွာလူထုများ ခေနဉ်စွာကြွယ်ဝစေရေး' ဖြစ်ကြောင်းဆို ထားသည်။[77] မေဘဏ် သည် ဘဏ်၏ နှစ်တစ်နှစ်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်နိုင်စွမ်းကို ပြန်လည်သုံးသပ်သည့် ပုံမှန် နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်လေ့သည်။ ဘဏ်၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် မေဘဏ် လုပ်ငန်းစု ဥက္ကဋ္ဌ နှင့် အမှုဆောင် အရာရှိချုပ် Abdul Farid Alias က "နေ့စဉ်နေ့တိုင်း ဖောက်သည်များနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ပိုမိုကောင်းမွန်သော လုပ်ငန်းစဉ်များအတွက် အဖြေရှာခြင်းနှင့် လုပ်ငန်းစီမံခန့်ခွဲခြင်း တို့တွင်လည်းကောင်း ကျွန်ုပ်တို့သည် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးဆက်များကို ထည့်သွင်းစဉ်း

71. BBC, "Borneo tribe fights for survival," December 2009 http://news.bbc.co.uk/today/hi/today/newsid_8395000/8395357.stm

72. Global Witness, "We're back Sarawak. But this time we're watching from space," July 2014 https://www.globalwitness.org/en/blog/were-back-sarawak-time-were-watching-space/


73. Sustainable Palm Oil Transparency Tool Kit. <http://www.sustainablepalmoil.org/company/glenealy-plantations-sdn-bhd/>

74. Bloomberg, Malayan Banking. <http://www.bloomberg.com/research/stocks/private/snapshot.asp?privcapId=874260>

75. Thomson One: www.thomsonone.com

76. Malaysian Securities Commission, March 25, 2013 filing. <http://issuance.sc.com.my/MemberAccessIssuance/documents/view-file/4102>


77. Maybank, Sustainability. <http://www.maybank.com/en/about-us/sustainability/about.page>




## ပင်ငွေလည်ပတ်မှုကွင်းဆက်တွင် ပါဝင်ပတ်သက်သူများ

စားပါသည်”ဟု ရေးသားထားသည်။[78] သို့သော်လည်း တနင်္သာရီ တိုင်းရှိ MSPP ဆီအုန်းစိုက်ခင်းကို ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်း စဉ်တွင်မူ မေဘဏ် သည် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာတွင် လိုက်နာ ပါမည်ဟု ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောဆိုထားသော ကျင့်ဝတ်စံ နှုန်းများကို လိုက်နာရန် ပျက်ကွက်ခဲ့သည်။

## ၂) ကမ္ဘာလုံးဆိုင်ရာ နော်ဝေအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့ (GPFG)




နော်ဝေအစိုးရ၏ ပင်စင်ရန်ပုံငွေများကို ကမ္ဘာလုံးဆိုင်ရာ နော်ဝေ အစိုးရ ပင်စင်ရန်ပုံငွေ (GPFG) ဟုလူသိများပြီး ကမ္ဘာတစ်လွှားရှိ ဘဏ်များ၊ ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံထားသည်။ ယင်းတို့ကို နော့ဂဲဘဏ်ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးအဖွဲ့ (NBIM) က ကိုင်တွယ် သည်။ နော်ဝေအစိုးရ ပင်စင်ရန်ပုံငွေ အဖွဲ့သည် မေဘဏ် ၏ အစုရှယ်ယာ ဝ ဒသမ ၃၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၃ သန်းရှိသည်။[79] အထက်တွင် အသေး စိတ်ဖွင့်ဆိုရှင်းပြခဲ့သည့် အတိုင်း မေဘဏ် က ကုမ္ပဏီ၏ အထွေ ထွေငွေချေးစာချုပ်များ မှတဆင့် Glenealy ကုမ္ပဏီသို့ တဖန် ဘဏ္ဍာ ငွေထောက်ပံ့ခဲ့ပြီး ယင်းမှ ရရှိငွေများသည် ဆီအုန်းစိုက်ပျိုးရေးစီမံ ကိန်းအတွက် အသုံးပြုနိုင်သည်။

'သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်စေမှု'[80] ကြောင့် NBIM က ၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင် Samling အုပ်စုကို အမည် ဆိုးဖြင့် တားမြစ်စာရင်းသွင်းခဲ့သည်။ သို့သော်လည်း တစ်ချိန်တည်း မှာပင်လျှင် NBIM အနေနှင့် မေဘဏ်တွင် မြှုပ်နှံထားသော အစု ရှယ်ယာများမှ တဆင့် Samling လုပ်ငန်းစုသို့ သွယ်ဝိုက်သောနည်း ဖြင့် ဘဏ္ဍာငွေ ထောက်ပံ့မိလျက်သား ဖြစ်နေသည်။

78. Maybank Sustainability Report 2015. <http://www.maybank.com/iwov-resources/corporate_new/document/my/en/pdf/Maybank-SR2015.pdf>


79 . Thomson One: www.thomsonone.com

80. NBIM, Exclusion List. <https://www.nbim.no/en/responsibility/exclusion-of-companies/>

NBIM တွင် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများ အတွက် လူ့အခွင့်အရေး၊ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများရှိသည်။ NBIM သည် ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် အမြဲတစေ တက်ကြွစွာ ဆက်သွယ်လုပ်ဆောင်သော အစုရှယ်ယာရှင်အဖြစ် ဖော်ညွှန်းလေ့ရှိသည်။ "ကျွန်ုပ်တို့တွင် ကော်ပိုရေးရှင်းများ စီမံအုပ်ချုပ်မှု၊ အစုရှယ်ယာရှင် အခွင့်အရေး၊ လူမှုရေးကိစ္စရပ်များ နှင့် သဘာဝပတ်ဝန်းကျင်တို့ကဲ့သို့သော နယ်ပယ်များတွင်ခိုင်မာသော မျှော်မှန်းချက်များ ထားရှိပါသည်"ဟု NBIM က ၎င်း၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ [81] NBIM တွင် အလေးအနက်ဦးတည်ချက်ထားသော နယ်ပယ်သုံးရပ်ရှိပြီး ၎င်းတို့မှာ ရာသီဥတုပြောင်းလဲမှု၊ ရေသယံဇာတစီမံခန့်ခွဲမှု နှင့် ကလေးသူငယ်အခွင့်အရေးတို့ဖြစ်သည်။ [82] ထိုနယ်ပယ်သုံးရပ်စလုံးတွင် Samling လုပ်ငန်းစုက ကျူးလွန်ချိုးဖောက်ခဲ့သည်။

NBIM အနေနှင့် နော်ဝေပင်စင် ရန်ပုံငွေအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုများသည် ၎င်း၏ ကျင့်ဝတ်လမ်းညွှန်ချက်များ နှင့် ကိုက်ညီမှုရှိ၊မရှိနှင့် ပတ်သက်သော အချက်များအား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဘဏ်သို့NBIM၏လွတ်လပ်သောအလွတ်တမ်းကျင့်ဝတ်ကောင်စီက အကြံပြုချက်များ၊ သတိပေးချက်များပြုလုပ်ခဲ့ဖူးပါသည်။[83] ထို့ကြောင့် ကျင့်ဝတ်ကောင်စီသည် Samling လုပ်ငန်းစုက NBIM ၏ လမ်း ညွှန်ချက်များကို ဆိုးဆိုးဝါးဝါး ချိုးဖောက်ထားမှု အပေါ် စစ်ဆေးဝင် ရောက်ခဲ့ပြီးဖြစ်သည်။ ယင်းကြောင့် ကျင့်ဝတ်ကောင်စီ အနေနှင့် Samling လုပ်ငန်းစုကို ဖယ်ရှားရန် Maybank မှ ထောက်ပံ့နေမှုများအား တောင်းဆိုသင့်သည်။

## ၃) ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဘဏ် (JBIC)




ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) သည် ဂျပန်အစိုးရ၏ မူဝါဒနှင့် ဖွံ့ဖြိုးရေးဘဏ် ဖြစ်သည်။ JBIC သည် မေဘဏ် ကို ၂၀၀၉ နှင့် ၂၀၁၀ နှစ်နှစ်တာအတွင်း အချိုးတူ အရစ်ကျဖြင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထုတ်ချေးခဲ့ဖူးသည်။[84] ယင်းရန်ပုံငွေကို "ဂျပန်ကုမ္ပဏီများနှင့် စီးပွားရေးအရ ဆက်ဆံရေးရှိသော မလေးရှားနိုင်ငံရှိ လုပ်ငန်းများကို ထောက်ပံ့ရန်" လုပ်ငန်းများတွင် မေဘဏ် က အသုံးပြုခဲ့ခြင်းဖြစ်သည်။[85] Samling သည် ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လည်ပတ်နေပြီး ယင်းလုပ်ငန်းများတွင် အိတိုချူ၊ ဒိုင်ကင် ကဲ့သို့သော ကော်ပိုရေးရှင်းများနှင့် ဖြန့်ချိရေး ကွန်ရက်များ၊ ဗျူဟာမြောက် မိတ်ဖက်များအဖြစ် လုပ်ကိုင်ခြင်းလည်းပါဝင်သည်။[86] ထိုကဲ့သို့သော လုပ်ငန်းများကြောင့်ပင် Samling နှင့် ၎င်း၏ လုပ်ငန်းခွဲများသည် ချေးငွေရရှိနိုင်သော အနေအထားဖြစ်သည်။ ထို့ကြောင့်မေဘဏ် သို့ JBIC မှထောက်ပံ့ထားသော ဘဏ္ဍာငွေများကို Glenealy နှင့် မြန်မာနိုင်ငံမှ ဆီအုန်းလုပ်ငန်းသို့ ထောက်ပံ့ရေး လုပ်ငန်းများတွင်ပင်လျှင် မေဘဏ် မှတစ်ဆင့် အသုံးပြုကောင်း အသုံးပြုခဲ့နိုင်သည်။

JBIC အနေနှင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကိုအလေးထားရမည်ဖြစ်ကြောင်း JBIC ၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စဉ်းစားချက်များ လမ်းညွှန်ချက်[87]တွင် ဖော်ပြထားသည်။ ထိုအကျိုးသက်ရောက်မှုများတွင် လူသားတို့၏ ကျန်းမာရေးနှင့် လုံခြုံမှုသာမက လေထု၊ ရေထု၊ မြေထု၊ စွန့်ပစ်ပစ္စည်း၊ မတော်တဆမှု၊ ရေအသုံးပြုမှုနှင့် ဂေဟစနစ်တို့မှတဆင့် သဘာဝပတ်ဝန်းကျင်တို့ပါဝင်သည်။ ယင်းအပြင် အတင်းအဓမ္မ ပြောင်းရွှေ့စေမှု၊ ဌာနေတိုင်းရင်းသား၊ ယဉ်ကျေးမှု အမွေအနှစ်၊ ရေမြေရှုခင်း၊ ကျား၊မ၊ ကလေးသူငယ်အခွင့်အရေး၊ လုပ်ငန်းခွင်အနေအထားနှင့် ရပ်ရွာကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေးတို့လည်းပါဝင်သည်။ [88]

"JBIC အနေနှင့် ၎င်းဘဏ္ဍာငွေထောက်ပံ့သော စီမံကိန်းများ၏ သဘောသဘာဝနှင့်အညီ သင့်လျော်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စဉ်းစားချက်များကို အသေအချာ လုပ်ဆောင်ရေး အမြင့်မားဆုံး အားထုတ်သွားမည်" ဟု လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။ ယင်းအပြင် "ငွေကြေးထောက်ပံ့ပြီးနောက် အချိန်ကာလတစ်ခုအပြီးတွင်လည်း လိုအပ်ပါက JBIC အနေနှင့် ငွေချေးငှားသူများ၊ ၎င်းတို့နှင့် ဆက်စပ်ပတ်သက် သူများကို သင့်လျော်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စဉ်းစားချက်များအားဆက်လက် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများတွင် စောင့်

81. NBIM, Responsible Investment. <http://www.nbim.no/en/responsibility/responsible-investment/>

82. NBIM, Risk Management. <http://www.nbim.no/en/responsibility/risk-management/>

83. Council on Ethics for the Norwegian Government Pension Fund Global. <http://etikkradet.no/en/>

84. JBIC, Untied Loan for Maybank. <https://www.jbic.go.jp/en/information/press/press-2009/0330-7166>

85. Maybank, "Maybank secures USD400 million total JBIC funding for Japanese-linked businesses," <http://www.maybank2u.com.my/mbb_info/m2u/public/personalDetail04.do?channelId=Personal&cntTypeId=0&cntKey=AU10.04.02&programId=AU02.02-ArchiveNews&newsCatId=/mbb/AU-AboutUs/AU02-Newsroom/2010/04&chCatId=/mbb/Personal>

86. Samling, Distribution. <http://www.samling.com/distribution.php>

87. JBIC, Guidelines for Confirmation of Environmental and Social Considerations <https://www.jbic.go.jp/en/efforts/environment/confirm>

88. Ibid, page 19.


ကြည့်ခြင်း (သို့) လုပ်ဆောင်ရန် တွန်းအားပေးခြင်းတို့ ဆောင်ရွက်သွားမည်”ဟုလည်း ဆိုထားသည်။ [89]

ထိုလမ်းညွှန်ချက်အောက်တွင် JBIC သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများက ပေးပို့သော သတင်းအချက် အလက်များကိုလည်း ထည့်သွင်းစဉ်းစားသည်။ “JBIC သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများက ပေးအပ်သော သတင်းအချက်အလက်များကို ကြိုဆိုပြီး ပိုမိုစုံလင်ကျယ်ပြန့်သော ရွေးချယ်စရာ နှင့် သတင်းအချက်အလက်များ အဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်”ဟု JBIC လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

လမ်းညွှန်ချက်တွင် ထပ်မံ ဖော်ပြထားချက်အရ - “ငွေကြေး ချေးယူသူနှင့် စီမံကိန်းပါ အချက်များသည် JBIC ၏ လမ်းညွှန်ချက်ပါ အချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိပါက၊ သို့မဟုတ် စီမံကိန်း၏ သဘာဝပတ်ဝန်းကျင် ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်အတွင်း ငွေကြေး ချေးယူသူ (သို့) ဆက်စပ် မိတ်ဖက်များက မှန်ကန်သည့် အချက်အလက်များပေးရန် ပျက်ကွက်မှုကြောင့် ငွေကြေးပေးချေပြီးနောက် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးဝါးသည့် သက်ရောက်မှုများ ရှိလာကြောင်း သိလာထင်ရှားပါက၊ JBIC အနေနှင့် ငွေကြေးချေးယူသည့် သဘောတူညီချက်နှင့်အညီ ငွေပေးချေမှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပေးချေပြီးသား ငွေကို အတိုးဖြင့် (သို့) အခြားကုန်ကျစရိတ်များဖြင့် ချက်ခြင်း ပြန်လည်ပေးအပ်ရန် ကြေညာနိုင်သည်”။[90]

JBIC အနေဖြင့် ငွေးထောက်ပံ့ပေး ထားသည့် ငွေကြေးသည် Samling အုပ်စုကို မည်သည့်နည်းနှင့်မျှ ရောက်ရှိနေခြင်း မရှိကြောင်း သေချာအောင် စုံစမ်းစစ်ဆေးသည့် လုပ်ဆောင်ချက်များ ချက်ခြင်း အကောင်အထည်ဖော်သင့်သည်။ အကယ်၍ ထောက်ပံ့နေကြောင်း တွေ့ရှိပါကလည်း ချက်ခြင်း ရပ်တန့်ရန် အရေးယူဆောင်ရွက်သင့်သည်။

## ၄) ပင်စင် ရန်ပုံငွေအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ




မေဘာက်နှင့် ပတ်သက်ဆက်စပ်နေသည့် အခြားထင်ရှားသည့် ရှယ်ယာရှင်များလည်း ရှိသေးသည်။ ထိုရှယ်ယာရှင်များအနက် ဥရောပ နှင့် မြောက်အမေရိက ပင်စင်ရန်ပုံငွေအဖွဲ့များလည်း ပါဝင်သည်။ စုစုပေါင်း ပင်စင်ရန်ပုံငွေ အဖွဲ့ရှစ်ခုအထိ မေဘာက်ရှယ်ယာများကို ပိုင်ဆိုင်သည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် တစ်ဖွဲ့ခြင်းအနေနှင့် နည်းပါးသော်လည်း အားလုံးပေါင်းလိုက်ပါက ခန့်မှန်းခြေ ဒေါ်လာ ၁၃၂ သန်းခန့်ရှိသည်။[91] ထိုရင်းနှီးမြှုပ်နှံမှုများမှာအောက်ပါ အတိုင်းဖြစ်သည် -

- PGGM (နယ်သာလန်)
  သုည ဒသမ ဝ၇ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၃၄ သန်းတန်သည်
- ဗြိတိန် ကိုလံဘီယာ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲမှု (ကနေဒါ)
  သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၂၄ ဒသမ ၅ သန်းတန်သည်
- APG ပိုင်ဆိုင်မှု စီမံခန့်ခွဲမှု (နယ်သာလန်)
  သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၂၃ သန်းတန်သည်
- TIAA ကလိုဘယ် စီမံခန့်ခွဲမှု (အမေရိကန် ပြည်ထောင်စု)
  သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ၁၉ သန်းတန်သည်
- CPP ရင်းနှီးမြှုပ်နှံမှု အဖွဲ့ (ကနေဒါ)
  သုည ဒသမ ဝ၅ ရာခိုင် နှုန်းဖြင့် ဒေါ်လာ ၁၀ ဒသမ ၅ သန်းတန်သည်
- Forsta AP – Fonden (ဆွီဒင်)
  သုည ဒသမ ဝ၅ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၉ ဒသမ ၅ သန်းတန်သည်
- Caisse de Depot et Placement du Quebec (ကနေဒါ)
  သုည ဒသမ ဝ၃ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၆ ဒသမ ၅ သန်းတန်သည်
- AMF Pensions for sakring (ဆွီဒင်)
  သုည ဒသမ ဝ၂ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၃ သန်းတန်သည်

ထိုပင်စင် ရန်ပုံငွေများသည် သန်းချီသောလူများ၏ ပင်စင်စုငွေများကို စီမံထားခြင်း ဖြစ်ပြီး အများစုမှာ ဆရာ၊ ဆရာမများနှင့် ကျန်းမာရေးလုပ်သားများစသည့် အများပြည်သူဆိုင်ရာ ကဏ္ဍမှ ဝန်ထမ်းများ၏ ပင်စင်လစာများ ဖြစ်သည်။ အများစုမှာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုလမ်းညွှန်ချက်များကို လိုက်နာမည်ဟု လူသိရှင်ကြား ကြေညာထားသည်။ ပင်စင်ရန်ပုံငွေများနှင့် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများသည် မေဘာက် အနေဖြင့် မိမိတို့ကြွေးကြော်တာဝန်ခံထားသော ကျင့်ဝတ်များနှင့် မလျော်ညီဘဲ ဖောက်ဖျက်ကျူးလွန်နေသော Samling အုပ်စုလုပ်ငန်းများအား တစ်နည်းတစ်လမ်းဖြင့်ထောက်ပံ့ပေးနေခြင်းမှ နုတ်ထွက်ရန် တောင်းဆိုသင့်သည်၊ ထိုသို့မဟုတ်ပါက မေဘာက်မှ ရှယ်ယာများကို ပြန်လည်ထုတ်ယူရောင်းချသင့်သည်။

89. Ibid, page 4.

90. Ibid, page 13.

91. Thomson One: www.thomsonone.com

## ၄.၃ MSPP မြေယာ လုပ်ပိုင်ခွင့်နှင့် မြေယာပဋိပက္ခ

အောက်ဖော်ပြပါ အခန်းမှာ စိုက်ပျိုးလုပ်ပိုင်ခွင့်ရရှိထားသည့် နယ်မြေတွင် ဖြစ်ပွားနေသည့် မြေယာ ပဋိပက္ခအချို့ကို မီးမောင်းထိုးပြထားပြီး MSPP မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်သည့် ဖြစ်ရပ်များနှင့် ကရင် လူမျိုးများ၏ မြေယာနှင့် အသက်မွေးဝမ်းကြောင်း အပေါ် ထိခိုက်နစ်နာမှုများကို အချိန်ဇယားလိုက် ဖော်ပြထားသည်။

MSPP ၏ မြေယာ လုပ်ပိုင်ခွင့် နယ်မြေသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင်းရှိ တနင်္သာရီမြို့နယ်အတွင်းတွင် တည်ရှိပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) ၏အုပ်ချုပ်ရေး နယ်မြေသတ်မှတ်မှုအရ မြိတ်-ထားဝယ် ခရိုင်တွင်ရှိသည့် လာမူလဲမြို့နယ်ဟုခေါ်တွင်သောဒေသဖြစ်သည်။ စုစုပေါင်း လူဦးရေ ၄၄၈၀ မှီတင်းနေထိုင်ကြသော ရွာပေါင်း ၁၃ ရွာသည် MSPP ၏ လုပ်ငန်းများကြောင့် ဆိုးကျိုးများကို ထိခိုက်ခံစားနေရသည်။[92] ကရင်ရွာလေးရွာမှ မြေများသည် လုပ်ပိုင်ခွင့် နယ်မြေတွင် တိုက်ရိုက် ကျရောက်နေပြီး (စာမျက်နှာ ၃၀ မှ မြေပုံကိုကြည့်ပါ) ထို ရွာလေးရွာ၏အမည်များမှာ သိမ်ပြင် (တာပိုခီး)၊ ကဂက် (ကဂဲ)၊ ဘောဆနွေး (ဘတနော်)၊ စွယ်ချောင်းဂ (တမဲ) တို့ဖြစ်ကြသည်။[93] စုစုပေါင်း လူဦးရေ ၁၅၀၄ ဦးရှိပြီး[94] ဒေသခံများ မြေဧရိယာ စုစုပေါင်း ၃၈၉၀၀ ဧက မှာ ကုမ္ပဏီ၏ မြေပုံတွင် ပြထားသည့် ခွင့်ပြုထားသည့် လုပ်ငန်းလုပ်ပိုင်ခွင့် နယ်နိမိတ်အတွင်း တည့်တည့် ကျရောက်နေသည်။

တနင်္သာရီရှိ အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်ရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် လက်ရှိတွင် MSPP၏ လုပ်ငန်းများကို ဆိုင်းငံ့ထားသည်။ လုပ်ငန်းများကို ဆိုင်းငံ့ရန် ဤအစည်းအဝေးအပြီးတွင် မြို့နယ်ရဲတပ်ဖွဲ့က ထိခိုက်ခံရွာသားများနှင့် ကုမ္ပဏီကြား ညှိနှိုင်းဆွေးနွေးကာ သဘောတူညီချက်ရလုပ်ဆောင်မှု ပြုလုပ်ပြီးသည်အထိ လုပ်ငန်းများကို ယာယီရပ်ဆိုင်းထားရန် စာတစ်စောင်ပေးပို့ခဲ့သည် (စာမျက်နှာ ၃၁ တွင်ကြည့်ပါ)။ စိုက်ပျိုးရေးလုပ်ငန်းများ ယာယီရပ်ဆိုင်းထားစဉ်အတွင်း ဒေသခံများအနေနှင့် လျော်ညီမျှတပြီး၊ သင့်တော်သည့် လျော်ကြေးရရှိရန်၊ ကုမ္ပဏီအနေဖြင့် ဒေသခံများ၏ ဘိုးဘွားပိုင်မြေများကို စွန့်လွှတ်ပေးရန်၊ စီမံကိန်း သေချာပေါက် ရပ်တန့်သွားစေရန်အဓိပ္ပါယ်ရှိသည့် အရေးယူမှု ပြုလုပ်သင့်သည်။

92. Supra note 10

93. These villages have both Burmese language and Karen language names. The Karen names are listed in parentheses.


94. Supra note 10

### က) MSPP မြေလုပ်ပိုင်ခွင့်အတွက် အစိုးရမှ ခွင့်ပြုချက်ထုတ်ပေးခြင်း

မြန်မာနိုင်ငံ၏ ဥပဒေ မူဘောင်သည် ဒေသတွင် မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားဒေသခံများ၏ အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အရေးထက် အကြီးစားလုပ်ကိုင်ကြသောကုမ္ပဏီများ၏ အကျိုးစီးပွားနှင့် မြေလုပ်ပိုင်ခွင့်များအတွက်ကို ချထား၊ ခွင့်ပြုပေးရန်သာ ပိုမိုဦးစားပေး၊ အလေးထားသည်။ မြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်သည့် အစိုးရ၏ စီမံခန့်ခွဲမှုက မြေလွတ်၊ မြေလပ်၊ မြေရိုင်း (သို့မဟုတ်) ကာကွယ်တောများအဖြစ်သတ်မှတ်ထားသည့် မြေနေရာများကို စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက် ခွင့်ပြုပေးခဲ့သည်။ မြေယာခွဲဝေသတ်မှတ်ခြင်းလုပ်ငန်းများကို ရှေးယခင်ကတည်းက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး မြို့တော်ဖြစ်သော နေပြည်တော်ကသာ ဗဟိုချုပ်ကိုင်မှုဖြင့်ဆုံးဖြတ် လုပ်ကိုင်ခဲ့ကြသည်။ မြေလုပ်ပိုင်ခွင့်များ ချထားပေးသည့်အခါ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကိုင်ကြသော လယ်သမားများ၏ အခွင့်အရေးနှင့် ဓလေ့ထုံးတမ်းစဉ်လာများအတိုင်း ဓားမဦးချမြေယာလုပ်ကိုင်ခြင်းအလေ့အထများကို ကာကွယ်ပေးမည့် လုပ်ငန်းစဉ်လည်း နည်းပါးပြီး ထိုကဲ့သို့ သောကျင့်သုံးမှုများအား တည်ဆဲဥပဒေများ၊ မူဝါဒများတွင် ရေးသားဖော်ပြထားခြင်းရှိသော်လည်း လက်တွေ့တွင် လိုက်နာကျင့်သုံးမှု အလျှဉ်းမရှိပေ။ အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံရှိ ဧရိယာအများအပြားကို ကုမ္ပဏီများက အကြီးစား စိုက်ပျိုးရေးလုပ်ငန်းများလုပ် ကိုင်နိုင်ရန် ချပေးသည့်အခါ မြေယာပဋိပက္ခများ ဖြစ်ပေါ်လာစေပြီး မြေယာပိုင် ဆိုင်သူများကို မြေယာမဲ့၊ အခြေအနေမဲ့များအဖြစ် ပြောင်းလဲဖြစ်ပေါ်စေသည်။ MSPP ဆီအုန်းလုပ်ငန်း၊ လုပ်ပိုင်ခွင့်တွင်လည်း ထိုကဲ့သို့မြေယာလုပ်ပိုင်ခွင့် ချပေးရာတွင် ဒေသခံများအား ထိခိုက်နစ်နာရသည်များမှာလည်း အလားတူ ဖြစ် ရပ်ပင်ဖြစ်သည်။

၂၀၁၁ ခုနှစ် လုပ်ပိုင်ခွင့် ချပေးစဉ်က MSPP မြေလုပ်ပိုင်ခွင့်ရထားသည့် ဧရိယာ (ဒေသခံများ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်သည့်မြေ) ကို မြန်မာအစိုးရ၏ မြေယာ သတ်မှတ်ပုံ စနစ်အရ မြေလွတ်မြေရိုင်းများဟု သတ်မှတ်ထားသည်။[95] မြေလွတ်၊မြေလပ်၊မြေရိုင်း စီမံခန့်ခွဲသည့် ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုဥပဒေသည် ၁၈၆၁ ခုနှစ်က ရှိခဲ့သည့် ကိုလိုနီခေတ် ဥပဒေ၊ ထွန်ယက်စိုက်ပျိုးမြေ၊ မထွန်ယက်နိုင်သော မြေနှင့် မြေရိုင်းများ ၁၉၉၁ ဥပဒေတို့ကို ပြန်လည် မွမ်းမံထားခြင်းသာ ဖြစ်သည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲသည့် ဥပဒေကို စီးပွားရေး လုပ်ငန်းများအား မြေရာလွှဲပြောင်းပေးလေ့ရှိသော မြေလွတ်ဧရိယာ အမြောက်အများ ချပေးရာတွင် အများဆုံး အသုံးပြုသည်။ သို့သော်လည်း အစိုးရက မြေကို ခွဲခြားသတ်မှတ်ပုံနှင့် အမှန်တကယ် မြေပြင်တွင် မြေယာကို အသုံးချနေပုံတို့မှာ မကြာခဏ ကွဲပြားမှုရှိပြီး အငြင်းပွားစရာများရှိနေခဲ့ကြသည်။


95. Personal communication with Department of Land Management and Surveys (DALMS) 25 October 2016.




MSPP မြေလုပ်ပိုင်ခွင့် ချထားပေးသောနယ်မြေရှိ ဒေသခံပိုင် မြေများကျရောက်နေပုံကိုပြသောမြေပုံ




လုပ်ငန်းလုပ်ပိုင်ခွင့်ရထားသော ခွင့်ပြုနေရာတွင်းသို့ဝင်ရောက်သည့် ဂင်ပေါက်ရှိ စိုက်ထူထားသော MSPPကုမ္ပဏီ ဆိုင်းဘုတ် (သက်ဦးမောင်)



မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ MSPP အား လုပ်ငန်းလုပ်ကိုင်မှုကို ဆိုင်းငံ့ထားရန် အမိန့်ပေးထုတ်ပြန်ထားသည့် စာ

ယင်းအပြင် မြေယာခွင့်ပြုချက် ယူရသည့် လုပ်ငန်းစဉ်တွင် မြေယာပုံစံ ၁၀၅ [96] ကို ဖြည့်စွက်ရသည်။ ယင်းကို မြေယာစီမံခန့်ခွဲရေးနှင့် ကွင်းဆင်းပြုစုသည့်ဌာန (DALMS)[97]က ဖြည့်စွက်ရပြီး မြေပြင်တွင် မည်သည့်အရာများ အမှန်တကယ်ရှိကြောင်းကို အသေး စိတ်ဖော်ထုတ်ပြသရသည့် နယ်မြေ၏ မြေပုံကိုပါ ပုံစံ ၁၀၅ နှင့်အတူပေးအပ်ရသည်။ MSPP ဆီအုန်း လုပ်ပိုင်ခွင့်အတွက် ထိုလုပ်ငန်းစဉ်ကို တစ်ခါဖူးမျှ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။ ယခုကဲ့သို့ မြေပြင် အခြေအနေနှင့် ကွာဟမှုရှိမရှိ အတည်ပြုခြင်းလုပ်ငန်းစဉ်ကို အစိုးရအရာရှိကြီးများကသာ လုပ်ဆောင်ခြင်းမရှိခဲ့ဘဲ ကုမ္ပဏီကိုယ်တိုင်သည်လည်းဘဲ မြေယာများကို လယ်သမားများ အသုံးပြုနေခြင်း မရှိကြောင်း သေချာစေရန် ကွင်းဆင်း လေ့လာခဲ့ခြင်းမျိုး လုံးဝမရှိခဲ့ဖူးပေ။

## ခ) မြေလုပ်ပိုင်ခွင့် ချပေးမှုတွင် ကွဲပြားမှု ရှိနေခြင်း

ပွင့်လင်းမြင်သာမှုနည်းပါးရာမှစတင်လာသည့်မြန်မာနိုင်ငံ၏သဘာဝ သယံဇာတနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်ချက်မှာ MSPP မြေလုပ်ပိုင်ခွင့်အတွက် ချထားပေးသည့် အမှတ်တကယ် မြေဧရိယာကို သတ်မှတ်ထားရှိခြင်းပင်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုပေးသည့် မြေပမာဏမှာ ၃၈၀၀၀ ဧကဖြစ်သည်။ သို့သော် ထိုခွင့်ပြုစာကို လျှို့ဝှက်မှတ်တမ်းအဖြစ် ထားရှိသည် (နောက်ဆက်

96. According to the Burma Land Record Manual

97. SLRD is now Department of Land Management and Surveys (DALMS)



MSPP လုပ်ပိုင်ခွင့် ဧရိယာ၏ အနောက်ဘက်ရှိ မြူလွှမ်းနေသော ထူထပ်သည့်တောင်တန်းများ (သက်ဦးမောင်)

တွဲပါ ခွင့်ပြုစာကို ရှုပါ)။ ထိုပမာဏမှာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် MSPP ကုမ္ပဏီမြေပေါ်တွင် ထောင်ထားသည့် ဆိုင်းဘုတ်တွင် ရေးသားထားသည့် ခွင့်ပြုမြေပမာဏ ၄၂၂၀၀ နှင့် ကိုက်ညီမှုမရှိပေ (နောက်ဆက်တွဲခါတ်ပုံတွင် ကြည့်ပါ)။ ထို့အပြင် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဤအစီရင်ခံစာကို ပြုစုသည့် သုတေသီများက မြေလုပ်ပိုင်ခွင့် နယ်နိမိတ်ပြ MSPP ကုမ္ပဏီမြေပုံကို ရရှိခဲ့သည် (နောက် ဆက်တွဲတွင် ကြည့်ပါ)။ မြေပုံမှတ်တမ်းပြုစုသည့် နည်းပညာရှင်များက GIS ကို အသုံးပြုကာ ကုမ္ပဏီမြေပုံပါလုပ်ပိုင်ခွင့်နယ်နိမိတ်အပါအဝင် နယ်နိမိတ်ကို နည်းပညာဖြင့် တွက်ချက်ရာတွင် ဧရိယာစုစုပေါင်းမှာ ၄၉၂၂၇ ဧက ဖြစ်ကြောင်း တွေ့ရှိရသည်။ (စာမျက်နှာ ၃၄ တွင်ကြည့်ပါ။)

MSPP စီမံကိန်း စာရွက်စာတမ်းများတွင် ပွင့်လင်းမြင်သာမှု နည်းပါးခြင်းနှင့် မြေလုပ်ပိုင်ခွင့် ပမာဏ ကွဲပြားမှုကြောင့် ဒေသခံများနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် MSPP အနေဖြင့် မြေပမာဏမည်မျှကို တိတိကျကျ အစိုးရက အသုံးပြုခွင့် ချထားပေးသည့်အပေါ် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေသည်။

ထိုအခြေအနေက ယခု အစီရင်ခံစာ၏ အခန်း (၄)၊ ခေါင်းစဉ်ခွဲ ၄.၅ တွင် အသေးစိတ်ဖော်ပြထားသည့် ဌာနေတိုင်းရင်းသား ဒေသခံများ၏ အခွင့်အရေးတစ်ရပ်ဖြစ်သော လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် ကြိုတင်သိရှိနိုင်း သဘောတူညီချက်ရယူရခြင်းဆိုသည့်အချက်ကို ချိုးဖောက်နေခြင်း ဖြစ်သည်။ ဒေသခံများသည် မြန်မာ အစိုးရနှင့် MSPP ထံမှ ပွင့်လင်းမြင်သာပြီး အချိန်နှင့် တစ်ပြေးညီ မှန်ကန်သည့် သတင်းအချက်အလက် မရမခြင်း လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော် ပြောကြားသည့် သဘောတူညီချက်ပေးနိုင်မည် မဟုတ်ပေ။



တနင်္သာရီတိုင်း၊ မြိတ်ခရိုင်တွင်းရှိ မိုးသစ်တော (စောဖရန်ကီ)

## ၈) အစိုးရဌာနများမှ မြေခွဲခြားသတ်မှတ်မှုများ ထပ်နေခြင်း

MSPP မြေလုပ်ပိုင်ခွင့်နေရာကို အစိုးရက အမျိုးသားဥယျာဉ်အဖြစ်လည်း အဆိုပြုသတ်မှတ်ထားပြီး ထိုအခြေအနေကို ပြန်လည်ပြင်ဆင်ရန် ကြိုးစားနေဆဲ ဖြစ်သည်။[98] MSPP မြေလုပ်ပိုင်ခွင့်ဧရိယာတွင် ရွာမြေ ၃၈၉၈၈ ဧက ပါနေပြီး ထိုမြေများအားလုံးကိုအမျိုးသားဥယျာဉ်အဖြစ်လည်း သတ်မှတ်ထားရှိခြင်းက အစိုးရသည် မြေအသုံးချစီမံချက်နှင့် မြေယာကို ဇုန်အလိုက်သတ်မှတ်ခြင်းကို လုပ်နေသော ဝန်ကြီးဌာနများအချင်းချင်းကြား ညှိနှိုင်းဆက်သွယ်လုပ်ကိုင်၊ လုပ်ဆောင်နေခြင်းမရှိကြောင်း အတိအလင်းဖော်ထုတ်ပြသလျှက်ရှိနေသည်။[99]

အဆိုပြုထားသော တနင်္သာရီအမျိုးသား ဥယျာဉ်နယ်မြေသည် ဇီဝမျိုးစိတ်စုံလင်မှုများပြားလှပြီး မပျက်စီးသေးသည့်အလွန်ကောင်းမွန်လှသည့် အမြဲစိမ်းသစ်တောဖြင့် နယ်မြေအားလုံးကို ဖုံးလွှမ်းထားရှိခြင်းအနေအထားကြောင့် ထိုနေရာကို ရွေးချယ်သတ်မှတ်အဆိုပြုထားခြင်းဖြစ်သည်။ အဆိုပြုထားသည့် ဥယျာဉ်နယ်မြေအတွင်း ဆတ်၊ အာရှ ဆင်၊ ခြေ၊ တောင်ဆိတ်နီ၊ ရှားပါးသည့် ငှက်မျိုးစိတ်များ၊ ကျားသစ်နှင့် ကျားများကို အများအပြားတွေ့ရှိရပါသည်။[100]

ကာကွယ်တော စနစ်စတင်သည့်အခါ အစိုးရသစ်တောအရာရှိများသည် ဒေသခံများထံမှ လွတ်လပ်ပြီး ကြိုတင်အသိပေး ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး သဘောတူခွင့်ပြုချက် တောင်းခံရမည့် လုပ်ငန်းစဉ်(FPIC)[101] ရှိသည်။ သို့သော် လက်တွေ့တွင်မူ ထိုသို့လုပ်ဆောင်ခဲ့ခြင်း မရှိဘဲ သစ်တောဌာန အရာရှိများက နယ်မြေတွင်းရှိ ရွာများသို့လာရောက်ကာ ထိန်းသိမ်းနယ်မြေပြုလုပ်ရန်အတွက် ရွာသားများမှ လက်မှတ် ရေးထိုးပေးရန်သာ တောင်းဆိုခဲ့သည်။ ကာကွယ်တော၏ အဓိပ္ပါယ်၊ မည်သည့်နေရာသည် နယ်နိမိတ်စတင်ပြီး အဆုံးသတ်မည်နှင့် ထိုသို့လုပ်ဆောင်ရသည့် အကျိုးကျေးဇူးရလဒ်များနှင့် နောက်ဆက်တွဲများကို တစ်စိုးတစ်စိမျှ ရှင်းလင်းဆွေးနွေးခဲ့ခြင်း မရှိပေ။ [102]

အထက်ပါအဖြစ်အပျက်များမှ အစိုးရဌာနများက လက်တွေ့မြေယာအသုံးပြုနေမှုကို မြေပြင်တွင် ကွင်းဆင်းလေ့လာ စစ်ဆေးခြင်းမရှိ

98. At the time of writing (July, 2016) the Government with the assistance of FFI is trying to amend this, and there is a new proposed national park boundary that is waiting to be approved by the Regional Minister

99. There is little or no coordination, and the Ministry of Natural Recourses and Environmental Conservation (MONREC) and the Ministry of Agriculture and Irrigation (MOAI) both rely on territory as their power base and have a long history of trying to expand areas under their respective jurisdiction. Both ministries are also very reluctant to relinquish land to another ministry especially to each other.

100. Instituto Oikos & BANCA (2011). Myanmar Protected Areas: Context, Current Status and Challenges. Milano, Italy, Ancorra Libri.

101. Supra note 13

102. Focus group discussions with affected communities, February 2016.



MSPP မြေလုပ်ပိုင်ခွင့် ဧရိယာမှ အမှတ်အသား မပြုထားသော သစ်ပုံများ

ကြောင်း (သို့မဟုတ်) မြန်မာနိုင်ငံသားများကို ကာကွယ်ရန်လုပ်ဆောင်ချက်များ မလိုက်နာကြောင်း မီးမောင်းထိုးပြနေသည်။ သည့်အပြင် အစိုးရဂန်ကြီးဌာနများအကြား အချင်းချင်း ဆက်သွယ်မှုမရှိကြဘဲ အလုပ်လုပ်ပုံများ အမျိုးမျိုးကွဲပြားပြီး မြေယာနှင့် ပတ်သက်၍ ကျိုးကြောင်းမဆီလျော်သော ဆုံးဖြတ်ချက်များကို မိမိတို့ဌာနအတွင်းတွင် အဆင်ပြေသလို ချမှတ်ဆောင်ရွက်လျှက်ရှိကြောင်း ဥပမာပြလျှက်ရှိနေပါသည်။ အကျိုးဆက်အနေဖြင့် အစိုးရဂန်ကြီးဌာနတစ်ခုဖြစ်သည့် MONREC က ဇီဂမျိုးစိတ်စုံလင်မှုနှင့် အမြဲ စိမ်းသစ်တောဖြစ်တည်နေမှုကြောင့် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုသတ်မှတ်ထား ရှိသည့် ဒေသတွင်းရှိ ထိန်းသိမ်းနိုင်သည့် တန်ဖိုးမြင့်ပြီး တန်ဖိုးမဖြတ်နိုင်သည့် သစ်တောကြီးကို MSPP လုပ်ငန်းအား လုပ်ငန်းလုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ဖျက်ဆီးလျှက်ရှိနေသည်။

| အချက်အလက်ရရှိသော အရင်းအမြစ် | လုပ်ပိုင်ခွင့် ဧရိယာ |
|---|---|
| ၂၀၁၁ ခုနစ် ဖေဖော်ဂါရီလတွင် ထုတ်ပေးသည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုချက် | ၃၈၀၀၀ ဧက |
| ၂၀၁၄ ခုနစ် အောက်တိုဘာလတွင် MSPP ကုမ္ပဏီမှ စိုက်ထူထားသည့် ဆိုင်းဘုတ် | ၄၂၂၀၀ ဧက |
| ၂၀၁၅ ခုနစ် ဇူလိုင်လတွင် ရယူခဲ့သည့် MSPP ကုမ္ပဏီမြေပုံပါ လုပ်ပိုင်ခွင့် နယ်နိမိတ်ကို အခြေခံ တိုင်းတာထားသည့် GIS တွက်ချက်မှု | ၄၉၂၂၇ ဧက |

နေရာလုပ်ပိုင်ခွင့်အချက်အလက်များ ကွဲပြားမှုပြဇယား



အမျိုးသမီးများနှင့် ကလေးများ MSPP မြေလုပ်ပိုင်ခွင့်ကို ဆန္ဒပြနေပုံ။

# MSPP ၏အဖြစ်အပျက်များ ရက်စွဲမှတ်တမ်း

| | |
|---|---|
| ၁၉၉၆ - ၁၉၉၇ | မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုကြောင့် ကျေးရွာသားများ မိမိတို့၏ ကျေးရွာမှ စွန့်ခွာ ထွက်ပြေးရသည်။ |
| ၂၀၀၇ ခုနစ်မှစ၍ | လူများသည် ဒုက္ခသည် စခန်းနှင့် စစ်ရှောင်စခန်းများမှ တဆင့် ရွာသို့ အများအပြား ပြန်လာကြသည်။ |
| ၂၀၀၇ | မြန်မာကုမ္ပဏီဖြစ်သော Stark Industires က ဓားသွေးရွာသို့ လာရောက်၍ သစ်ထုတ်ခြင်း စတင်သည်။ (ဓားသွေးရွာသည် ယခု MSPP စီမံကိန်းစိုက်ခင်းကြီး၏ အဂင်ဂိတ်အနီးတွင် ရှိသည်) |
| ၂၀၁၁ ဖေဖော်ဂါရီ | မြန်မာ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က မြေ ၃၈၀၀၀ ဧကပေါ်တွင် ဒေါ်လာ ၃၆ ဒသမ ၇၅ သန်းတန်ဖိုးရှိ ဆီအုန်းစီမံကိန်း လုပ်ကိုင်ရန် MSPP အား အနှစ် ၃၀ လုပ်ကိုင်ခွင့် ချပေးသည်။ |
| ၂၀၁၁ ဇွန် | MSPP ဖက်စပ်လုပ်ငန်းကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားဝင် စတင်ခဲ့သည်။ |
| ၂၀၁၁ ဇွန်-ဒီဇင်ဘာ | MSPP မြေစတင်ရှင်းလင်းသည်။ |
| ၂၀၁၂-၂၀၁၃ | မြေဧက ၂၅၀၀ ကျော်မှ သစ်ထုတ်ခြင်း၊ မြေယာရှင်းလင်းခြင်းများလုပ်ကာ ဆီအုန်းများ စိုက်သည်။ |
| ၂၀၁၃ နှင့်နောက်ပိုင်း | MSPP စိုက်ပျိုးမြေ ဧရိယာမှ ဓာတု ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသင့် သောက်ရေ သောက်သုံး မိရာမှ ရွာသားများ၏ ကျွဲများနှင့် ဆိတ်များ ပုံမှတ်မဟုတ်သော သေဆုံးမှုနှုန်းဖြင့် အများအပြားသေဆုံးမှု ဖြစ်လာသည်။ |
| ၂၀၁၄-၂၀၁၅ | ယေဘုယျအားဖြင့် မြေဧက ၃၀၀၀ မှာ ခုတ်ထွင်ရှင်းလင်းခံရသည်။ |
| ၂၀၁၄ အောက်တိုဘာလ | ကုမ္ပဏီက တိုင်းရင်းသားများအား ၎င်းတို့၏ မြေအသုံးပြုခွင့်ကို ပိတ်ပင်ကြောင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြု မိန့်ပါ ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြသည်။ |
| ၂၀၁၅ မတ် | KNU မြိတ်-ထားဝယ် ခရိုင်က MSPP အား လုပ်ငန်းများ ရပ်ဆိုင်းရန် အမိန့်ထုတ်ခဲ့သည်။ သို့သော်လည်း လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေခဲ့သည်။ |
| ၂၀၁၅ ဒီဇင်ဘာ | ကုမ္ပဏီက လျော်ကြေးအဖြစ် မြေဧက ၁၀၀၀ အတွက် ကျပ်သိန်းတစ်ရာ (၇၉၀၀ အမေရိကန်ဒေါ်လာ) ပေးရန် ကမ်းလှမ်းသည်။ မြေတစ်ဧကအတွက် မြန်မာကျပ် ၁၀၀၀၀ (၇.၉ ဒေါ်လာ) ဖြစ်သည်။ ကုမ္ပဏီက ယခုအချိန်သည် လျော်ကြေးရရန် နောက်ဆုံးအခွင့်အရေး ဖြစ်သည်ဟု လယ်သမားများအား ခြိမ်းခြောက်သည်။ |
| ၂၀၁၅ ဒီဇင်ဘာ | ဇွန် ၂၀၁၆ ကုမ္ပဏီက သစ်ထုတ်လုပ်ခြင်း လုပ်ငန်းကို အဆမတန် ဆက်လက်လုပ်ကိုင်သည်။ |
| ၂၀၁၆ မေ | အပစ်အခတ်ရပ်စဲသည့် ဒေသများတွင် တိုင်စာများကို စိစစ်ရန် တာဝန်ရှိသည့် ပူးတွဲ စောင့်ကြည့်ရေး ကော်မတီသို့ ဒေသခံတိုင်းရင်းသားများမှ တိုင်စာပေးပို့သည်။ |
| ၂၀၁၆ ဇူလိုင် | ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ အစည်းအဝေး အပြီး တနင်္သာရီ မြို့နယ်ရဲတပ်ဖွဲ့က MSPP သို့ လုပ်ငန်းများကို ဆိုင်းငံ့ရန် အမိန့်ပေးစာ ပေးပို့ပြီး မြေယာအသစ်ရှင်းလင်းခြင်းများကိုလည်း ဆိုင်းငံ့ထား ခိုင်းသည်။ |

## ၄.၄ MSPP မြေလုပ်ပိုင်ခွင့်ကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းအပေါ် ထိခိုက်မှုများ

မတ်လ ၂၀၁၁ မှစ၍ MSPP ဖက်စပ်လုပ်ငန်း၏ မြန်မာမိတ်ဖက်ဖြစ်သော Stark Industries ကုမ္ပဏီလီမိတက်သည် မြေလွတ်၊မြေလပ်၊ မြေရိုင်းအဖြစ် အမည်တပ်ခြင်းခံရသော ဒေသခံများ ပိုင်ဆိုင်သည့် မြေများသို့ လာရောက်ကာ ကျေးရွာဧရိယာအတွင်းတွင် ရှိသော တန်ဖိုးရှိသည့် သစ်ပင်များကို စတင်ခုတ်လှဲခဲ့ကြသည်။[103] ထိုအပင်အိုကြီးများကို ကျေးရွာဧရိယာများအတွင်းမှ သယ်ဆောင်သွားကြသည်။ တန်ဖိုးရှိသည့် သစ်ပင်များအားလုံးကို ဖယ်ရှားပြီးနောက် တက်ကာစ၊ အပင်ငယ်လေးများအားလုံးကို မီးရှို့ရှင်းလင်းဖျက်ဆီးခဲ့ကြပြီး ဆီအုန်းပင်များ စတင်စိုက်ပျိုးခဲ့ကြသည်။

### က) သစ်ထုတ်လုပ်ခြင်းနှင့် သီးနှံများ ပျက်စီးခြင်း

ကုမ္ပဏီက ထိုလုပ်ငန်းလုပ်ကိုင်ရန် အဖွဲ့နှစ်ဖွဲ့ အသုံးပြုခဲ့ပြီး တစ်ဖွဲ့က တန်ဖိုးရှိသည့် သစ်ပင်များကို ရွေးချယ်ခုတ်လှဲခြင်း ပြုလုပ်ကာ ဒုတိယတစ်ဖွဲ့က ကျန်သစ်ပင်များနှင့် သစ်ရွက်များကို ရှင်းလင်းသည်။ အလုပ်ပမာဏပေါ် မူတည်၍ တစ်ကြိမ်လျှင် စုစုပေါင်း အလုပ်သမားဦးရေ ၂၀၀ မှ ၃၀၀ အကြား ရှိသည်။ မြေရှင်းလင်းရာတွင် ဘူဒိုဇာများ၊ လွှစက်များ၊ ထရပ်ကားများကိုလည်း အသုံးပြုခဲ့သည်။ ရွာသားများ၏ ပြောဆိုချက်အရ အလုပ်သမား ပမာဏ အများအပြားအသုံးပြုထားမှုကြောင့် တစ်နေ့လျှင် တောင်နှစ်လုံးမှ သုံးလုံးအထိ ရှင်းလင်းနိုင်သည်ဟု ဆိုသည်။ [104] ရွာသားအများစုမှာ ကွမ်းပင်နှင့် သီဟိုဠ်ပင် ဥယျာဉ်ခြံများကို စိုက်ပျိုးကြပြီး တစ်မိသားစုလုံး ထိုစိုက်ပျိုးရေးလုပ်ငန်းအတွက် မြေပြုပြင်ရာတွင် အချိန်ပမာဏများစွာလူ အားဖြင့် ရင်းနှီးမြှုပ်နှံထားခဲ့ကြရသည်။ မြေပြုပြင်ပြီးပါက အပင် စိုက်ပျိုးပြီးသည့်အခါ အပင်ကြီးလာရန် ငါးနှစ်ခန့်စောင့်ရပြီး အပင် ကြီးလာပါက ဥယျာဉ်ခြံမြေဈေးမှာ အဆမတန် တန်ဖိုးတက်လာသည်။ ကွမ်းပင်သည် ဒေသတွင်းရှိ တောင်သူများအတွက် ဝင်ငွေကောင်းသည့် သီးနှံဖြစ်ပြီး နှစ်ရှည် ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ကာ အချို့အပင်များမှာ နှစ် ၁၀၀ ကျော်အထိ သက်တမ်းရှိသည်။ ကွမ်းပင်များ သက်တမ်းရှည်မှုကြောင့် ဒုက္ခသည်များနှင့် စစ်ဘေးရှောင်များသည် ၎င်းတို့၏ ဥယျာဉ်ခြံများရှိရာ ပြန်လာကာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ကြသည်။ [105]

ထိခိုက်ခံစားရသည့် ဒေသခံများပိုင် သီဟိုဠ်နှင့် ကွမ်းသီးစိုက်ခင်းတော်တော်များများမှာ မြန်မာဥပဒေအရ (စာမျက်နှာ ၄၀ ကို ကြည့်ပါ) တရားဝင် ကြိုတင်သတိပေးခြင်းနှင့် လျော်ကြေးပေးခြင်း မရှိဘဲ ဖျက်ဆီးခံရကာ မီးရှို့ခြင်းများကိုခံရသည်။ [106] ၂၀၁၆ ခုနှစ်မတိုင်မီက မြေဧက ၆၀၀၀ကို ရှင်းလင်းခဲ့ရာတွင် ရွာသားများ၏ ဥယျာဉ်ခြံ ၁၂၀၀ ဧက ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ်အစောပိုင်းက ကုမ္ပဏီက မိုးမဝင်မီ မြေရှင်းခြင်းကို တရစပ်ပြုလုပ်ခဲ့ရာ ရွာသားအမြောက်အမြား၏ မြေများ ဆုံးရှုံးခဲ့ရသည်။

### ခ) MSPP ကြောင့် ရေများညစ်ညမ်းခြင်း

အဖိုးတန်ကျွန်းသစ်များကို ထုတ်ယူပြီးနောက် အကြွင်းအကျန်များကို ရှင်းလင်းပြီးနောက်တွင် MSPPကုမ္ပဏီသည် မြေယာများကိုပြုပြင်ကာ ဆီအုန်းစိုက်ပျိုးသည်။ ထိုဆီအုန်းစိုက်ခင်းများအတွက် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို ပုံမှန်အသုံးပြုခဲ့ကြသည့်အတွက် ဓာတုဗေဒဓာတ်များသည် မြေမျက်နှာပြင်မှ မြေထုအတွင်း စိမ့်ဝင်ကာ သဘာဝရေကြောနှင့် ကုမ္ပဏီက တူးဖော်ထားသည့် စိုက်ခင်းမြောင်းများထဲမှတဆင့် မြေမျက်နှာပြင်မှ မြေထုအတွင်းသို့စိမ့်ဝင်ကာ အရှေ့သို့ ရောက်ရှိသည်။ ဓာတ်သင့်နေသည့် ထိုရေများ သည် ထိုမှတဆင့် မြောင်းငယ်များ၊စမ်းချောင်းငယ်များထံ စီးဆင်း ကာ မြစ်ကြီးများအတွင်းသို့ ရောက်ရှိသည်။[107]

သဘာဝရေကြောများသို့ဓာတုဗေဒအဆိပ်သင့်ခြင်းကြောင့်သောက်သုံးရေအတွက် ထိုရေအရင်းအမြစ်များအပေါ် မှီခိုနေရသည့် ဒေသခံများအပေါ် ဆိုးဝါးသည့် အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေသည်။[108] ဒေသခံများသည် ထိုရေကို သောက်သုံး၍ မရတော့သည့်အတွက် သောက်ရေအတွက် အခြားရေအရင်းအမြစ်များကို ရှာဖွေရသည်။

အနီးအနားမှ ဒေသခံများသည် ယခုအခါ ဓာတုဗေဒဓာတ်ကြောင့် အရေပြားယားယံခြင်းများ ဝေဒနာများကို စတင်ခံစားနေရသည်။[109] ဒေသတွင်းကျန်းမာရေးဝန်ဆောင်မှုလည်းမရှိသည့်အတွက်ကုသရန်ခက်ခဲလှသည်။ သောက်သုံးရေ အဆိပ်သင့်သည့် ရွာများအားလုံးမှ ကျွဲ၊ နွား စသည့်တိရိစ္ဆာန်များလည်း ပုံမှန်၊ဖြစ်ရိုး၊ ဖြစ်စဉ်မဟုတ်သော နည်းလမ်းများဖြင့် သေဆုံးမှုများဖြစ်လာနေသည်။[110]

တနင်္သာရီတိုင်းတွင် ဧပြီလမှ နိုဝင်ဘာလထိ မိုးရာသီဖြစ်သည့်အတွက် မြေယာရှင်းလင်းရန် စက်ကြီးများ အသုံးပြုခြင်းကြောင့် ရွှံ့များနှင့် ရေထဲတွင် အနည်ကျခြင်းများ ဖြစ်စေသည်။ ကုမ္ပဏီသည် ရွာအချို့တွင် ရေတွင်းများ တူးဖော်ပေးသော်လည်း ဒီဇိုင်းမကောင်းသည့်အတွက် ကျွဲ၊ နွားများ ရေတွင်းထဲ ပြုတ်ကျခြင်း ဖြစ်ကာ အသုံးပြုရန်လည်း မသင့်တော်ပေ။ အချို့သော ရွာများတွင် ရွာသားများ သုံးနိုင်သည့် ရေတွင်းများ ရှိသော်လည်း နွေရာသီတွင် ရေခန်းခြောက်ကာ တစ်ရွာလုံးတွင် ရေလုံလုံလောက်လောက် မရရှိနိုင်

103. Testimony by affected community members, February 2016

104. Testimony by affected community members, February 2016

105. Testimony by affected community members, February 2016

106. Interview with key informant, June 2016

107. Testimony by affected community members, February 2016

108. Eleven Myanmar, “Tanintharyi villagers demand end to palm-oil project,” May 2016. http://www.elevenmyanmar.com/local/tanintharyi-villagers-demand-end-palm-oil-project

109. Testimony by affected community members, February 2016

110. Ibid.

111. Ibid.

ပေ။ [111]

ပိုးသတ်ဆေးများနှင့် တိရိစ္ဆာန်မစင်များပါဝင်သော အဆိပ်သင့်သောက် သုံးရေများကြောင့် ဝမ်းကိုက်ရောဂါလည်း မကြာခဏဖြစ်ပွားနေသည်။[112] ယင်းကြောင့် တောင်သူများကို စိုးရိမ်စိတ်ပိုများစေပြီး ကလေးများနှင့် လူကြီးများအတွက်လည်း ဆိုးဝါးသည့် အကျိုးဆက်များ ဖြစ်စေသည်။ ရေကြောထဲသို့ ရောက်ရှိလာသည့် ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများကြောင့် တိရိစ္ဆာန်များ အထူးသဖြင့် ဆိတ်အုပ်၊ ကျွဲအုပ်၊ နွားအုပ်များ စတင်သေဆုံးလာသည်။ ကုမ္ပဏီက နယ်မြေတစ်ခုပြီးတစ်ခု မြေရှင်းလင်းမှု လုပ်လာသည်နှင့် အမျှ စားကျက်မြေများလည်း လျော့နည်းလာသည်။ အချို့အိမ်ထောင်စုမှာ ၎င်းတို့၏ တိရိစ္ဆာန်များအားလုံးဆုံးရှုံးရသည်။[113]

## ဂ) အသက်မွေးဝမ်းကြောင်း ဆုံးရှုံးခြင်းနှင့် အကြွေးတင်လာခြင်း

MSPP က သီးနှံများကို ဖျက်ဆီးခြင်း၊ ရေအရင်းအမြစ်များကို အဆိပ်သင့်စေခြင်းနှင့် ကျွဲ၊ နွား၊တိရိစ္ဆာန်များ သေဆုံးစေခြင်းတို့ကြောင့် ဒေသခံ ရွာသားများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာလည်း ပျက်စီးလာသည်။ မိသားစုများ မှီခိုနေရသည့် လယ်မြေမှာလည်း ဖျက်ဆီးခံရပြီး ၎င်းတို့သည် ပိုင်ဆိုင်သမျှအားလုံး ဆုံးရှုံးရသည်။ အကျိုးဆက်အနေဖြင့် အိမ်ထောင်စု အများစုမှာ အသက်ရှင်ရပ်တည်ရေးအတွက် ငွေချေးရသည့်အတွက် အကြွေးများထူပြောလာသည်။ [114]

နောက်ဆက်တွဲအနေဖြင့် လုပ်ပိုင်ခွင့် ဧရိယာမှ ရွာသားအများစုသည် လုပ်ခအနည်းငယ်ဖြင့် နေ့စားအလုပ်သမားများအဖြစ်သို့ မဖြစ်မနေ ရောက်ရှိသွားကြပြီး လုပ်ကိုင်နေကြရသည်။[115] မိသားစုကိုလည်း ကောင်းမွန်စွာ မကျွေးမွေးနိုင်ဘဲ (သို့မဟုတ်) ကလေးများအတွက် သင့်တော်သည့် အဂတ်အစားများအားဆင်မြန်းပေးနိုင်ခြင်းမရှိတော့ဘဲ အစားအသောက်လည်း ပြည့်စုံဖူလုံမှု မရှိပေ။ ထိုဧရိယာတွင် နေထိုင်သည့် ကရင်တိုင်းရင်းသားနှင့် ဗမာရွာသားများမှာ မျိုးရိုးစဉ်ဆက် ထွန်ယက်လာသည့် မိမိတို့လုပ်ကိုင်စားသောက်နေသော မြေယာများနှင့် ထူးခြားလှသော ဆက်စပ်၊ ဆက်နွယ်မှု ရှိနေပါသည်။ ထို့ကြောင့်မြေသိမ်းခံရသော အမှုများကြောင့် ဒေသခံများနှင့် ထူးခြားစွာမြေယာနှင့် ရင်ချင်းဆက်နွယ်မှုရှိနေသည့် အပေါ် များစွာသက်ရောက်ထိခိုက်မှု ရှိခဲ့ပါသည်။

112. Ibid.

113. Ibid.

114. Ibid.

115. This is the definition of modern day slavery: the company has created conditions whereby local communities have no economic alternative than to work as laborers on the plantation, and can consequently pay low wages knowing they cannot afford to leave.

"အရင်ကဆိုရင် ကွမ်းသီးရောင်းပြီး တစ်မိသားစုလုံးကို ထောက်ပံ့နိုင်တယ်။ ကိုယ့်မြေလည်း ကိုယ်ပိုင်တယ်။ မိသားစုဘယ်လောက်များများ စိတ်ပူစရာမလိုဘူး။ အခုတော့ နေ့တိုင်း စိတ်ပူရတယ်။"

MSPP ဧရိယာမှ ရွာသားတစ်ဦး

## ဃ) ထိခိုက်ခံစားရသည့် ဒေသခံဌာနေ တိုင်းရင်းသားများထံမှ ပြန်လည်တုန့်ပြန်မှု

ကုမ္ပဏီသည် ဒေသသို့ ဝင်ရောက်ကာ မြေလွတ်၊မြေလပ်၊မြေရိုင်းဟုသမုတ်ကာ၊ တစ်ဖက်သတ် သတ်မှတ်ခံထားရသည့် ဒေသခံပိုင်မြေပေါ်တွင် ဆီအုန်းစီမံကိန်း စတင်အကောင်အထည်ဖော်သည့် အချိန်တွင် ဒေသခံများက ကုမ္ပဏီနှင့် အစိုးရများထံမှ ထိုလုပ်ငန်းစဉ်နှင့် ပတ်သက်သမျှ သတင်းအချက်အလက်များကို တောင်းခံရယူပြီး တာဝန်ယူမှု၊တာဝန်ခံမှုရှိစေရန် အထူးကြိုးစားခဲ့ကြဖူးပါသည်။ ဒေသခံများက သိမ်ပြင်ကျေးရွာတွင်၂၀၁၄ ခုနှစ် ဒီဇင်ဘာလ၊(၄) ရက်နေ့က ရွာသားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ KNU ခေါင်းဆောင်များနှင့် MSPP ကုမ္ပဏီမှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးကြီးတစ်ခု ပြုလုပ်ကာ ၎င်းတို့၏ မြေများကို တရားမဝင် သိမ်းယူနေခြင်းကို လက်မခံကြောင်း စတင်ဆွေးနွေးခဲ့ကြပါသည်။[116] နှစ်ပတ်အကြာ ရွာသားနှစ်ဦးနှင့် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်သုံးဦးသည် KNU ခရိုင်အရာရှိနှင့် တွေ့ဆုံကာ MSPP ကိစ္စနှင့် ပတ်သက်၍ ထပ်မံ မိမိတို့သဘောထားများအား ရှင်းလင်းစွာတင်ပြပြီး တိုင်တန်းမှုအားပြုလုပ်ခဲ့ကြပါသည်။ ဇန်နဝါရီလ၊ ၂၀၁၅တွင် တစ်ခါ၊ ထိခိုက်ခံစားရသည့် ဒေသမှ ကိုယ်စားလှယ် ခုနစ်ဦးသည် မြိတ်မြို့ရှိ MSPP ရုံးခန်းသို့ သွားရောက်ကာ ကုမ္ပဏီကို လုပ်ငန်းများအားလုံး ရပ်တန့်ပေးရန် နောက်ထပ်တကြိမ် ထပ်မံတောင်းဆိုမှုအား ပြုလုပ်ခဲ့ကြပါသည်။ ဤကဲ့သို့ သုံးကြိမ်၊သုံးခါတိုင်တိုင် အစည်းအဝေးဖြင့်တရားဝင်တောင်းဆိုမှုများ၊ သဘောထားဆန္ဒများအား ပွင့်လင်းစွာထုတ် ဖော်ပြောကြားခဲ့သော်လည်း MSPP က လုပ်ငန်းများကို ရပ်ဆိုင်းမည့် ဟန်တစ်ချက်မျှပင် မပြခဲ့ချေ။

ထို့ကြောင့် ဒေသခံများက ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် ပြည်ထောင်စုအစိုးရ (နေပြည်တော်)၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးတို့ထံ တိုင်ကြားစာ ပေးပို့ခဲ့သည်။ ထိုကဲ့သို့တိုင်ကြားစာပေးပို့ခြင်းသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ်၊ မေလအထိ တနင်္သာရီတိုင်းအစိုးရ၊ ကုမ္ပဏီ ဒါရိုက်တာနှင့်နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့သည့်စာများ

116. Interview with key informant, June 2016

# ဒေသခံများ၏ တုန့်ပြန် လှုပ်ရှားမှု အဖြစ်အပျက် ရက်စွဲမှတ်တမ်းများ

| | |
|---|---|
| ၄ ဒီဇင်ဘာ ၂၀၁၄ | MSPP ၏ မြေယာသိမ်းဆည်းမှုကို ဆွေးနွေးရန် ရွာသားများ၊ ဘာသာရေး ခေါင်းဆောင်များ၊ KNU ခေါင်းဆောင်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များ တွေ့ဆုံခဲ့သည်။ |
| ၂၁ ဒီဇင်ဘာ ၂၀၁၄ | ရွာသားနှစ်ဦးနှင့် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် သုံးဦးသည် KNU ခရိုင်အရာရှိနှင့် တွေ့ဆုံကာ MSPP ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ |
| ၁၃ ဇန်နဝါရီ ၂၀၁၅ | ပြည်ထောင်စုအစိုးရ (နေပြည်တော်)၊ KNU ဗဟိုကော်မတီနှင့် တနင်္သာရီ တိုင်းရင်းသားရေးရာ ဝန်ကြီးသို့ MSPP နှင့် ပတ်သက်သည့် တိုင်ကြားစာပို့ခဲ့သည်။ |
| ၂၅ ဇန်နဝါရီ ၂၀၁၅ | ရွာသား ခုနစ်ဦး မြိတ်မြို့ရှိ MSPP ရုံးသို့ သွားရောက်ကာ ရွာသားများပိုင် မြေရှင်းလင်းခြင်းကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့သည်။ |
| ၂၁ ဖေဖော်ဝါရီ ၂၀၁၅ | MSPP ၏ ခွင့်ပြုမိန့်နှင့် လုပ်ပိုင်ခွင့်မြေပုံတောင်းဆိုသည့် စာတစ်စောင် တနင်္သာရီတိုင်း ဝန်ကြီးချုပ်သို့ ပေးပို့ခဲ့သည်။ |
| ၁၅ ဖေဖော်ဝါရီ ၂၀၁၅ | သိမ်းဆည်းခံရသည့် မြေကို ဒေသခံများက မြေပုံရေးဆွဲတိုင်းတာခဲ့သည်။ |
| ၂၀ ဖေဖော်ဝါရီ ၂၀၁၅ | ရွာသားများက မြိတ်မြို့နှင့် ထားဝယ်မြို့မှ ရှေ့နေများနှင့် တွေ့ဆုံကာ MSPP ကိစ္စ ဆွေးနွေးခဲ့သည်။ |
| ၂၃ ဖေဖော်ဝါရီ ၂၀၁၅ | MSPP ဧရိယာသို့ မီဒီယာ ခရီးစဉ်တစ်ခု စီစဉ်ခဲ့ပြီး MSPP ၏ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်၍ ရွာသား ၁၅၀ ဦးနှင့် တွေ့ဆုံခဲ့သည်။ ရွာသား ၁၂၀ ဦးနှင့် မီဒီယာ သမားများသည် MSPP ရုံးသို့ သွားရောက်ကာ တရားဝင် စာရွက်စာတမ်းနှင့် ခွင့်ပြုမိန့်များ တောင်းခံခဲ့သော်လည်း မည်သည့် တုန့်ပြန်မှုမှ မရခဲ့ပေ။ |
| ၁၂-၁၄ မတ် ၂၀၁၅ | သိမ်ပြင်ရွာမှ ရွာသားများနှင့် FPIC အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ |
| ၃၀ ဇူလိုင် ၂၀၁၅ | MSPP ကြောင့် ထိခိုက်ခံစားရသည့် ဒေသခံများမှ သဘာဝ အရင်းအမြစ် ထိန်းသိမ်းရေးနှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုလုပ်ဆောင်ရန် ခိုင်မြဲသစ္စာ ကော်မတီဖွဲ့စည်းခဲ့သည်။ |
| မတ်-ဒီဇင်ဘာ ၂၀၁၅ | ပုံမှန် တွေ့ဆုံစည်းဝေးခြင်းနှင့် လှုပ်ရှားမှုပွဲများ။ |
| ၁၆-၂၆ ဩဂုတ် ၂၀၁၅ | သရဘွင်ကျေးရွာအုပ်စု ရွာနယ်နိမိတ် မြေပုံသတ်မှတ်ခြင်း။ |
| ၁၂ စက်တင်ဘာ ၂၀၁၅ | MSPP မှ မြေရှင်းလင်းခြင်းကို ရပ်တန့်ရန် ဒေသခံများမှ ဘာသာပေါင်းစုံ ဆုတောင်းခြင်း။ |
| ၂၈ ဧပြီ ၂၀၁၆ | အပစ်အခတ် ရပ်စဲထားသည့် နယ်မြေတွင် တိုင်ကြားချက်များကို ကိုင်တွယ်ရန် တာဝန်ရှိသည့် ပူးတွဲ အပစ်အခတ် စောင့်ကြည့်ရေး ကော်မတီထံ တိုင်ကြားစာပေးပို့ခဲ့သည်။ |
| ၁၁ မေ ၂၀၁၆ | ရေအဆိပ်သင့်မှုနှင့် ပတ်သက်၍ MSPP စီမံခန့်ခွဲမှု ဒါရိုက်တာထံ တိုင်ကြားစာ ပေးပို့ခဲ့သည်။ |
| ၁၂ မေ ၂၀၁၆ | နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတ ဦးထင်ကျော်နှင့် ဒုသမ္မတ ဦးဟင်နရီ ဗင်ထီးယူထံ တိုင်ကြားစာ ပေးပို့ခဲ့သည်။ |

အနက် ပထဆုံးပေးပို့သော အသုတ်ဖြစ်သည်။ (ထိုတိုင်ကြားစာ အနှစ်ချုပ်များကို နောက်ဆက်တွဲတွင် ကြည့်ပါ)။ MSPP နှင့် ပတ်သက်သည့် ထိုကဲ့သို့ပေးပို့ ထားရှိသောတိုင်ကြား စာများမှန် သမျှနှင့် ပတ်သက်၍ မြန်မာအစိုးရမှသော်လည်းကောင်း၊ ကရင် အမျိုးသားအစည်းအရုံး (KNU) မှ သော်လည်းကောင်း၊ ကုမ္ပဏီ တို့ထံမှသော်လည်းကောင်း ထိုမြေယာပဋိပက္ခအတွက်ပြန်ကြား ခြင်း၊ အရေးယူလုပ်ဆောင်ပေးမည့် ကတိကဝတ်များပေးခြင်း၊ ဖြေ ရှင်းပေးမည့် လုပ်ဆောင်ချက်များပြုလုပ်ခြင်းတို့ကို တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်းမျိုး စိုးစဉ်းမျှ မရှိခဲ့ဖူးပေ။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ထိခိုက်သည့် ဒေသခံများမှ MSPP ၏ မြေသိမ်းဆည်းမှုအကြောင်း မှတ်တမ်းတင်နိုင်ရန် မီဒီယာများအား ဖိတ်ခေါ်ခဲ့ပြီး ပြည်တွင်း သတင်းဌာန ၁၀ ခုမှ လာရောက်ကာ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းခြင်း အချက်အလက်များကောက်ခံ ရယူခဲ့ခြင်းများရှိခဲ့သည်။ မြေသိမ်းခံရပြီး သီးနှံများ ဖျက်ဆီးခံရ သည့် ရွာသားများသည် မြိတ်မြို့နှင့် ထားဝယ်မှ ရှေ့နေများနှင့် တွေ့ဆုံကာ ဥပဒေအကြောင်းအရာများကိုလည်း ညှိနှိုင်းဆွေးနွေး တိုင်ပင်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။ ကုမ္ပဏီက မိမိတို့၏ မြေ မည်မျှသိမ်းယူခြင်းခံရသည်ကို တိကျစွာသိရှိပြီး မှတ်တမ်းပြုစုနိုင်ရန် အတွက် GPS နည်းပညာဖြင့် မြေကို ရွာသားများက တိုင်းထွာခဲ့ကြပါ သည်။

၂၀၁၅ ခုနှစ် မတ်လတွင် ကရင်အမျိုးသား အစည်းအရုံး(KNU) က MSPP ၏ လုပ်ငန်းများ အားလုံး ဆိုင်းငံ့ထားရန် အမိန့် ထုတ်ပြန်ခဲ့သော်လည်း MSPP က လိုက်နာခြင်း မရှိဘဲ လုပ်ငန်း များ ဆက်လက် လုပ်ကိုင်မြဲ လုပ်ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ထိခိုက်ခံခဲ့ရသည့် ဒေသခံများသည် ပုံမှန်အလုပ်ရုံ ဆွေးနွေးပွဲများ၊ ကြိုတင်အသိပေး တိုင်ပင်ဆွေးနွေးသဘော တူညီမှုရယူရသော လုပ်ငန်းစဉ်(FPIC) ကဲ့သို့သော အသိပညာပေးပွဲများ၊ သဘာ ဝပတ်ဝန်းကျင်ကာကွယ် ရေးဆိုင်ရာ အသိအမြင်ဖွင့်၊ အစည်း အဝေးပွဲများအား ပြုလုပ်ခဲ့ကြပါသည်။ ထို့ပြင်ဒေသခံ ကရင်တိုင်း ရင်းသားများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သက် ဆိုင်သော လုပ်ငန်းစဉ်များ၊ ဆုတောင်းပွဲများ၊ ရွာသားများအားလုံး ပါဝင်သည့် မိမိတို့ကျေးရွာမြေပုံများပြု လုပ်ရေးဆွဲခြင်း လှုပ်ရှားမှု၊ ကုမ္ပဏီနှင့် ဆက်ဆံခြင်းနှင့် မဟာဗျူဟာစီမံချက်များ ရေးဆွဲခြင်း စသည့် ကျေးရွာ၏ ရေရှည် တည်တံ့ ရေးလုပ်ငန်းများ ပိုမိုလုပ် ကိုင်နိုင်ရန်အတွက် ကော်မတီပုံစံဖွဲ့စည်းထားသော ကျေးရွာများ အားလုံးပါဝင်သည့် ခိုင်မြဲသစ္စာ အမည်ရ မဟာမိတ်တစ်ခုကိုလည်း စတင်တည်ထောင်သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင် ခိုင်မြဲသစ္စာက MSPP နှင့် ပတ်သက်သည့် တိုင်ကြားစာကို အပစ်အခတ် ရပ်စဲသည့် ကာလတွက် ဒေသတွင်းတွင် တိုင်ကြားမှုများကို စစ်ဆေးကြည့်ရှု စောင့်ကြည့်ရသည့် အဖွဲ့ဖြစ်သော တနင်္သာရီ ပူးတွဲအပစ်အခတ် စောင့်ကြည့်ရေး ကော်မတီသို့ ပေးပို့ခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ရေးအဖွဲ့က MSPP စီမံကိန်း ကိစ္စ ဆွေးနွေးရန် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မြိတ်မြို့တွင် တွေ့ဆုံခဲ့ပြီး ရွာသားများ၏ ဥယျာဉ်များကို ဖျက်ဆီးနေသည့် MSPP လုပ်ငန်းများကို ယာယီရပ်တန့်ထားမှုရှိစေရန် ဆုံးဖြတ်ခဲ့ကြသည်။ အပစ်အခတ် စောင့်ကြည့်ရေး အဖွဲ့၏ဆုံးဖြတ် ချက်အရ တနင်္သာရီမြို့နယ်ရဲစခန်းက ရွာသားများနှင့် မြေယာ ပဋိပက္ခကိစ္စကို ဖြေရှင်းရန် ကျေးရွာသားများနှင့် ညှိနှိုင်းမှု သေသေ ချာချာပြုလုပ်ပြီးသည်အထိ MSPP ကုမ္ပဏီအား လုပ်ငန်းလုပ်ဆောင် မှုများကို ဆိုင်းငံ့ရန် အမိန့်စာထုတ်ပြန်ခဲ့သည်။

တစ်နှစ်ခွဲကြာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများနှင့် တိုင်တန်းမှု များ ပြုလုပ်ခဲ့ပြီးနောက် ဒေသခံများသည် MSPP က လုပ်ဆောင်ခဲ့သည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် ထိရောက်သည့် ပြန်လည်အပြစ်ပေးမှုများပြုလုပ်ပေးနိုင်ရန် စတင် လုပ်ဆောင်နိုင်ခဲ့ သည်။

ယခုကဲ့သို့ လုပ်ငန်းကို ယာယီ ဆိုင်းငံ့စေခြင်းသည် MSPP ဆီအုန်း စီမံကိန်းကြောင့် နှစ်ရှည်လများ ဖြစ်ပွားနေသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် အတွက် အခွင့်အလမ်းတစ်ခုသာ ဖြစ်သည်။

## ၄.၅ MSPP မှ လိုက်နာမှု မရှိသော မြန်မာနိုင်ငံတွင်းရှိ ဥပဒေများနှင့် နိုင်ငံတကာ စံနှုန်းများ

မြန်မာနိုင်ငံတွင် ဥပဒေမူဘောင်မှာ ရှုပ်ထွေးပြီး နိုင်ငံရေးခေတ် အမျိုးမျိုးမှ များပြားလှသော ဥပဒေ အမျိုးမျိုးမှာ အသက်ဝင်လျက် ရှိသည်။ ထိုအချိန်ကာလ အမျိုးမျိုးတွင် ဗြိတိသျှ ကိုလိုနီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ စစ်အစိုးရလက်အောက် စီးပွားရေး တဖြည်း ဖြည်း လွတ်လပ်လာသောခေတ် နှင့် ၂၀၁၀ နောက်ပိုင်း ပြုပြင် ပြောင်းလဲရေးခေတ်တို့ စသည်ဖြင့် ပါဝင်သည်။ MSPP နှင့် မြန်မာ အစိုးရသည် မြန်မာနိုင်ငံရှိ ဥပဒေ လုပ်ထုံးလုပ်နည်းများအား လိုက် နာရန် ပျက်ကွက်ခဲ့ပြီး မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ၂၀၁၁ ခုနှစ်တွင် ချပေးခဲ့သည့် ခွင့်ပြုမိန့်ကို ရရှိကာ လုပ်ငန်းစတင်ခဲ့သည်။ ထို့အပြင် MSPP သည် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ၏ လိုအပ်ချက် အသစ်များကိုလည်း

လိုက်နာရန် ပျက်ကွက်ခဲ့သည်။

## က) လိုက်နာခဲ့ခြင်း မရှိသည့် ယခင်ကထုတ်ပြန်ခဲ့သည့် တည်ဆဲ ဥပဒေမူဘောင်များ

### ၁၉၉၁ မြေယာထွန်ယက်စိုက်ပျိုးခွင့် ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

MSPP သည် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၃၈၀၀၀ဧကအား ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွက် ခွင့်ပြုချက်ရရှိခဲ့သည်။ သို့သော်လည်း MSPP သည် ၁၉၉၁ ခုနှစ် မြေယာထွန်ယက်စိုက်ပျိုးခွင့် လုပ်ထုံးလုပ်နည်းအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီထံမှ လိုအပ်သည့် ခွင့်ပြုချက်ကို ရရှိခဲ့ကြောင်း သက်သေမတွေ့ရပေ။[117] ထို့အပြင် ကော်မတီက စိုက်ပျိုးမြေ ဧက ၅၀၀၀ အထိသာ ခွင့်ပြုပေးနိုင်သည့် ၁၉၉၁ ခုနှစ် လုပ်ထုံးလုပ်နည်းကို ကျော်လွန်ချိုးဖောက်ကာ MSPP သည် မြေဧက ၃၈၀၀၀ (၄၉၂၂၇ ဧကအထိဖြစ်နိုင်) လုပ်ပိုင်ခွင့် ရရှိခဲ့သည်။[118]

### ၁၈၉၄ မြေသိမ်း အက်ဥပဒေ

MSPP လုပ်ပိုင်ခွင့်ရှိ မြေအများစုမှာ ကျေးရွာ လေးရွာရှိ ဒေသခံများပိုင်ဆိုင်သည့် စိုက်ပျိုးမြေများ ဖြစ်သည်။ ထိုမြေများကို ရယူရန် ၁၈၉၄ မြေသိမ်း အက်ဥပဒေ၏ လိုအပ်ချက်များကို လိုက်နာသင့်သည်။ MSPP ၏ လုပ်ဆောင်ချက်များသည် အောက်ပါအကြောင်းပြချက်များအရ ၁၈၉၄ မြေသိမ်း ဥပဒေ၏ လိုအပ်ချက်ကိုလည်း လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရသည်။

- ပုဒ်မ-(၄)(၁) – "မည်သည့်အချိန်တွင်မဆို မည်သည့် အရပ်ဒေသမှမဆို မြေတစ်ရပ်ရပ်အား အများပြည်သူအကျိုး တစ်ရပ်ရပ်အတွက် လိုအပ်သည်(သို့) လိုအပ်ဖွယ်ရှိသည်ဟု နိုင်ငံတော်သမ္မတက ထင်မြင်ပါက၊ နိုင်ငံတော်ပြန်တမ်းတွင် ယင်းသို့လိုအပ်ကြောင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ပြီး၊ ကော်လိတ္တော်အရာရှိ (ယခုတွင် ခရိုင်အုပ်ချုပ်ရေးမှူး) က အဆိုပါ အမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန် အလို့ငှာ အဆိုပါအရပ်ရှိ မြင်သာသည့် နေရာများတွင် စွဲကပ် ကြေငြာရမည်။ "ထိုကဲ့သို့မြေကို သိမ်းဆည်းရန် ရည်ရွယ်ကြောင်း ပဏာမအမိန့်ကို သိမ်းဆည်းမည့် မြေရှိရာဒေသရှိ သင့်တော်ရာနေရာများတွင် အများပြည်သူသိရှိအောင် ကြေညာရမည်ဟုဖော်ပြပါရှိသော်လည်း လက်တွေ့တွင် ဆီအုန်းစိုက်ပျိုးလုပ်ပိုင်ခွင့် ဧရိယာအတွင်းရှိကျေးရွာလေးရွာအနက်[119] မည်သည့်ကျေးရွာတွင်မျှ စီမံကိန်း မစတင်မီ ကြိုတင်၍ အသိပေးအကြောင်းကြားခြင်း၊ စာကပ်ခြင်းမျိုး မရှိခဲ့ပေ။

- ၅ (က)(၁) မှ (၃) အထိ - "လိုအပ်သည့် (သို့) လိုအပ်သည်ဟုထင်မြင်သည့် အများပြည်သူ အကျိုးစီးပွားအလို့ငှာ (သို့) ကုမ္ပဏီအတွက်အလို့ငှာ ထုတ်ပြန်သည့် ကြေညာချက်နှင့် သက်ဆိုင်သော မြေများနှင့် စပ်လျှင်း၍ အကျိုးစီးပွားသက်ဆိုင်သူတိုင်းသည် ထိုသို့ကြေညာချက်ထုတ်ပြန်ပြီး ရက်ပေါင်း (၃၀) အတွင်း အဆိုပါ မြေသိမ်းယူမည့် အတွက် ကန့်ကွက်လွှာကို တင်သွင်းနိုင်သည်။ တင်သွင်းသည့်ကန့်ကွက်လွှာတိုင်းကို ကော်လိတ္တော်အရာရှိ (ယခု ခရိုင်အုပ်ချုပ်ရေးမှူး)ထံသို့ ရေးသား တင်သွင်းရမည်ဖြစ်ပြီး၊ ကော်လိတ္တော်အရာရှိ(ယခု ခရိုင်အုပ်ချုပ်ရေးမှူး)သည် ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်သူများအား ထိုသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ရှေ့နေဖြင့်ဖြစ်စေ ထွက်ဆိုမှုများအပေါ် ကြားနာခြင်းနှင့် အခြား လိုအပ်သည်ဟု ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အဆုံးအဖြတ်ပေးနိုင်စေရန်အတွက် ၎င်း၏သဘောထား မှတ်ချက်ဖော်ပြမှုပါဝင်သည့် အစီရင်ခံစာတို့ ပါဝင်သော အမှု တွဲကို နိုင်ငံတော်သမ္မတထံသို့တင်ပြရမည်။ ကန့်ကွက်ချက်များအပေါ် နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ ဤပုဒ်မအလို့ငှာ ကန့်ကွက်လွှာတင်သွင်းသူသည် ဤအက်ဥပဒေအရ မြေကို သိမ်းယူရာတွင် မြေအတွက် လျော်ကြေးငွေ တောင်းဆိုသည့် မြေနှင့်အကျိုးစီးပွားသက်ဆိုင်သူအဖြစ် မှတ်ယူရမည်။" သိမ်းယူမည့်မြေနှင့် ပတ်သက်၍ လျော်ကြေး တောင်းခံနိုင်သူအပါအဝင် မည်သည့် စိတ်ပါဝင်စားသူမဆို မြေယာသိမ်းယူမှုကို ကန့်ကွက်ပိုင်ခွင့် ရှိသည်။ ကန့်ကွက်စာကို ကြေညာချက်ထုတ်ပြန်ပြီး ရက်ပေါင်း ၃၀ အတွင်း ကော်လိပ်တော် အရာရှိ[120] ထံ လိပ်မူထားသည့် ကန့်ကွက်စာရေးသားပေးပို့ရမည်ဟု ဖော်ပြထားသော်လည်း MSPP စီမံကိန်းမှ ရွာသားများမှာ စီမံကိန်းကို ကန့်ကွက်ရန် အခွင့်အရေးရဖို့ မဆိုထားနှင့် အသိပေးအကြောင်းကြားစာထုတ်ပြန်ခဲ့ခြင်းပင်လျှင် မရှိခဲ့ပေ။

- ပုဒ်မ-၆(၁) အရ - "ဤအက်ဥပဒေ အခန်း(၇) ပါ ပြဋ္ဌာန်းချက်များအရ၊ ကုမ္ပဏီအတွက် မြေသိမ်းခြင်းအပါအဝင် အများပြည်သူ အကျိုးအတွက် မြေသိမ်းယူခြင်းသည် ပုဒ်မ၅-က၊ ပုဒ်မခွဲ (၂) အရ တင်ပြလာသည့် အစီရင်ခံစာကို စီစစ်သုံးသပ်ပြီးနောက်၊ နိုင်ငံတော်သမ္မတအနေဖြင့် ကျေနပ်သဘောတူသည့်အခါတွင်။ ထိုသို့ဆောင်ရွက်ရန် အတွက် ကြေညာချက်ကို ထုတ်ပြန်ရမည်။ သို့ရာတွင် သက်ဆိုင်သည့်

117. SLORC notification #44/91

118. Chapter II, Section 3, Article A of the 1991 Procedures

119. Supra note 10

120. A Collector is a person who has been designated by the government to carry out this task. The chain of command for this role is delegated from the Ministry of Home Affairs to the General Administration Department to the GAD district office.

| လုပ်ပိုင်ခွင့်ထုတ်ပေးစဉ်က လိုက်နာရမည့်ဥပဒေများနှင့် လုပ်ထုံး လုပ်နည်းများ | ၂၀၁၁ခုနှစ်မှစပြီး လက်ရှိတွင် လိုက်နာရမည့်ဥပဒေများနှင့် လုပ်ထုံး လုပ်နည်းများ |
|---|---|
| ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ | ၂၀၁၂ခုနှစ် မြေလွတ်၊မြေလပ်၊မြေရိုင်းဥပဒေ |
| ၁၉၉၁ မြေယာထွန်ယက်စိုက်ပျိုးခွင့် ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၂၀၁၂ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ |
| | ၂၀၁၂ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ |
| | ၂၀၁၃ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ |
| | ၂၀၁၅ခုနှစ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအား ဆန်းစစ်သည့် လုပ်ထုံးလုပ်နည်းများ |

ပစ္စည်းများအတွက် ပေးအပ်ရမည့် လျော်ကြေးငွေနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ပေးအပ်မှု (သို့) ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ (သို့) ဒေသန္တရအာဏာပိုင်များ ထိန်းကွပ်သော (သို့) စီမံကွပ်ကဲသော ရန်ပုံငွေမှ အလုံးစုံ (သို့) အရစ်ကျ ပေးအပ်မှု မပြုမှီ၊ မည်သည့် ကြေညာချက်ကိုမျှ ထုတ်ပြန်ခြင်း မပြုရ။" ထိုကဲ့သို့ ဥပဒေမှ မြေသိမ်းယူမည်ဖြစ်ကြောင်းကြေညာချက် ထုတ်ပြန်ရမည်ဖြစ်ပြီး ယင်းကြေညာချက်ကို သိမ်းယူမည့်မြေအတွက် အစိုးရမှ လည်းကောင်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှလည်းကောင်း လျော်ကြေးပေးမည့် အစီအစဉ်ရှိရမည်ဖြစ်သည့်အပြင် လျော်ကြေး မပေးမချင်း မထုတ်ပြန်ရပါဟု ဆိုထားသော်လည်း မည်သည့် သင့်တော်သည့် ကြေညာချက်မှ ထုတ်ပြန်ခဲ့ခြင်း မရှိသည့်အတွက် လုပ်ပိုင်ခွင့် ဧရိယာမှ ဒေသခံတိုင်း ရင်းသားများမှာ ကန့်ကွက်ခွင့်လည်း တစ်ခါဖူးမျှမရရှိခဲ့ပေ။

## ခ) ချိုးဖောက်ထားသောလက်ရှိထုတ်ပြန်ထားသည့် ဥပဒေအသစ်များ

MSPP သည် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ ၂၀၁၁ ခုနှစ်တွင် ခွင့်ပြုချက်ရပြီးနောက် ဥပဒေအသစ်များနှင့် လုပ်ထုံးလုပ်နည်းသစ်များကို ပြဋ္ဌာန်းမှုများ ရှိလာခဲ့သည့်အတွက် အစိုးရသည် ထိုအသစ်ပြဋ္ဌာန်းလာသော ဥပဒေပါ လုပ်ငန်းစဉ်များကို ကျင့်သုံးရန် လိုအပ်ပြီး ကုမ္ပဏီအနေဖြင့်လည်း တည်ဆဲဥပဒေအသစ်များကို အပြည့်အဝ လိုက်နာရန် လုပ်ဆောင်သင့်သည်။

## ပတ်ဝန်းကျင်ရေးရာ နှင့် လူမှုရေးရာ ထိခိုက်နစ်နာမှု

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၃ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကိုထပ်မံပြဋ္ဌာန်းကာ၊ ၂၀၁၅ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှု စစ်တမ်း (EIA) လုပ်ထုံးလုပ်နည်းအရ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုရှိရခြင်းစစ်တမ်းများ ကောက်ယူပြီးထိုကဲ့သို့သောနစ်နာမှုများမှ ကြိုတင်ကာကွယ်မှုရှိရေး မူဘောင်များကို ချမှတ်ပေးထားသည်။ ပုဒ်မ ၈ (က) အရ ယခုလက်ရှိတွင် စတင်လည်ပတ်နေပြီဖြစ်သည့် စီမံကိန်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိ၊မရှိ ကနဦးစစ်ဆေးသည့်စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ထိုကနဦးစစ်တမ်းတွင် "ယခင်နှင့် ယခု စီမံကိန်းကြောင့် ဖြစ်ပေါ်လာနေနိုင်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုကို ကောက်ယူနိုင်ရန် လုပ်ငန်းတွင်း ကွင်းဆင်းစစ်တမ်း" ပါဝင်သင့်သည်။

စစ်တမ်းကောက်ယူအပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ကုမ္ပဏီအား သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု စစ်တမ်း (EIA) ကောက်ယူခြင်းနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲလုပ်ဆောင်ရန် အမိန့်ပေးနိုင်သည်။ ဤကဲ့သို့ သဘာဝ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှု စစ်တမ်း EIA ကောက်ယူရာတွင် ထိုကဲ့သို့လုပ်ဆောင်မှုပြုလုပ်ရန် ကျွမ်းကျင်မှုရှိပြီး မှတ်ပုံတင်ထားသည် တတိယအဖွဲ့အစည်းမှ EIA အတိုင်ပင်ခံက ဦးဆောင်ပြီး ထိခိုက်သည့် ဒေသခံများ အပါအဝင် သက်ဆိုင်သူများ အားလုံးနှင့် ဆွေးနွေးတိုင်ပင်မှု လုပ်ဆောင်ရမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးသားထုတ်ပေးရန် လိုအပ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ကိုသာ တောင်းဆိုပါကလည်း ထိုအစီအစဉ်တွင် ("သဘာဝပတ်ဝန်းကျင်၊ လူမှု၊ လူမှုစီးပွား၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လုပ်ငန်းခွင် လုံခြုံရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ ဒေသခံများအတွက် ကျန်းမာရေးနှင့် လုံခြုံမှု အကျိုးသက်ရောက်မှုများ) ပါဝင်သည့် ထိခိုက်ခံစားနိုင်ချေများကို သတ်မှတ်ကာ ထိုထိခိုက်နိုင်ချေများကို လျော့ပါးစေရန် လုပ်ဆောင်ထားရှိမည့် အစီအစဉ်ရေးဆွဲခြင်းမျိုးကဲ့သို့သော လုပ်ဆောင်မှုများကိုပါ တပါတည်း ထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။ MSPP သည် ဒေသခံများနှင့် မည်သည့်တိုင်ပင်ညှိနှိုင်းမှုမျိုးများမှ ပြုလုပ်ခြင်းမရှိခဲ့ဘဲ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးခြင်းနှင့် ညစ်ညမ်းခြင်းကဲ့သို့သော ဆိုးဝါးသည့် ထိခိုက်မှုများကို လျော့ပါးစေရန်လည်း ထိရောက်သည့် လုပ်ဆောင်ချက်များ ကြိုတင်ပြင်ဆင် လုပ်ဆောင်ခြင်း မျိုးမရှိခဲ့ပေ။ MSPP တွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP)ရေးဆွဲရန် စိတ်ကူးမျှပင်ရှိဟန်မတူဘဲ (သို့မဟုတ်)



MSPP ကုမ္ပဏီမှ ပိုးသတ်ဆေးဖြန်းသည့် ညစ်ညမ်းမှုကြောင့် ပုံမှန်မဟုတ်ဘဲ သေဆုံးခဲ့သည့်နွား

သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုစစ်တမ်းကောက်ယူခြင်း အစီအစဉ်လည်း မရှိကာ ထိုကဲ့သို့သော အစီအစဉ်များအား အများပြည်သူ သိရှိအောင် ထုတ်ပြန်ထားခြင်း မရှိပေ။

ဌာနေတိုင်းရင်းသားများအပေါ် ဆိုးရွားသည့် ထိခိုက်ခံစားမှု ရှိလာစေမည့် စီမံကိန်းများ ရှိလာပါက EIA လုပ်ထုံးလုပ်နည်းအရ မည်သည့်စီမံကိန်းမဆိုသည် "အခမ္မ ပြန်လည် နေရာချထားရေး အပါအဝင် ဌာနေတိုင်းရင်းသားတို့နှင့် ပတ်သက်သည့် နိုင်ငံတကာအလေ့အကျင့်ကောင်းများ (ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် အပါအဝင် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများက လက်ခံထားသည့်အလေ့အကျင့်ကောင်းများ)" ကိုလိုက်နာရမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ပုဂ္ဂလိက ကဏ္ဍအောက်တွင်ရှိသည့် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ မူအရ ကုမ္ပဏီများသည် ညှိနှိုင်းပြီး လွတ်လပ်သော သဘောဆန္ဒဖြင့် ထုတ်ဖော် ပြောကြားသည့် သဘောတူညီချက်များကို ဒေသခံများနှင့် ရယူရမည်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ရမည်ဖြစ်သော "လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်ကို ရယူရမည့် လိုအပ်ချက်"ကို အပိုင်း (ဃ) တွင် ဖော်ပြထားပြီး MSPP အနေဖြင့် ထိုကဲ့သို့ လုံးဝလုပ်ဆောင်ခဲ့ခြင်း မရှိသည်မှာ ထင်ရှားသည်။

## ဂ) နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် လူ့အခွင့်အရေး မူဘောင်များ

အသေးစား လယ်ယာလုပ်ကိုင်သူများနှင့် ဌာနေတိုင်းရင်းသားများ၏ မြေလုပ်ပိုင်ခွင့်ကို ကာကွယ်သည့် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် လူ့အခွင့်အရေး မူဘောင်များ ရှိသည်။ ဌာနေတိုင်းရင်းသားများသည် လူမှုအဖွဲ့အစည်းထံ အစားထိုးမရသည့်ထူးခြားသော ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် တန်ဖိုးမဖြတ်နိုင်သော မတူကွဲပြားမှုများကို ယူဆောင်လာကြောင်း လူတိုင်းအသိအမှတ်ပြုကြသော်လည်း သမိုင်းတလျှောက်တွင်မူ ဌာနေတိုင်းရင်းသားများသည် ဘေးဖယ်ခံထားရသည်။

ယခုအခန်းတွင် FAO ၏ အမျိုးသား အစားအသောက် ဖူလုံရေးဆိုင်ရာ ငါးလုပ်ငန်းများနှင့် သစ်တောများ၊ မြေယာလုပ်ပိုင်ခွင့်အတွက် တာဝန်ယူမှုရှိသည့် အစိုးရစနစ်အတွက် လမ်းညွှန်ချက်များ [121] နှင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ ကြေညာချက် (UNDRIP)[122] တို့ ပါဝင်သည်။

UNDRIP သည် နိုင်ငံတကာ ဥပဒေအရ မဖြစ်မနေ လိုက်နာရမည် မဟုတ်ဘဲ VGGT သည်လည်း မိမိ၏ သဘောဆန္ဒသာလိုက်

121. http://www.fao.org/nr/tenure/voluntary-guidelines/en/

122. Supra note 14

နာရန် ဖြစ်ပါသည်။ သို့သော်လည်း ထိုနိုင်ငံတကာက ညှိနှိုင်းထားသည့် စာရွက်စာတမ်းနှစ်စောင်တွင် လူ့အခွင့်အရေးကို တန်းတူညီမျှစေပြီး ကာကွယ်ပေးရန် အမှုအကျင့်ကောင်းများအတွက် နိုင်ငံတကာကချမှတ်ထားသည့် အကောင်းဆုံး စံနှုန်းသတ်မှတ်ချက်များနှင့် မူဘောင်များ ပါဝင်သည်။ ထိုလမ်းညွှန်ချက်များက မြန်မာနိုင်ငံတွင် မြေယာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်သည့်အခါ ထည့်သွင်းစဉ်းစားသင့်သည့် မူဘောင်များနှင့် အကာအကွယ်ပေးမှုများ ပေး ထားသည်။ သို့သော်လည်း အောက်တွင် ရှင်းပြထားသည့်အတိုင်း MSPP က ထိုလမ်းညွှန်ချက်များ၊ မူဘောင်များအားလုံးကို လျစ်လျူရှုထားသည်။

## ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်း (UNDRIP) [123]

UNDRIP သည် မဖြစ်မနေ လိုက်နာရန် လိုအပ်သည့် ယန္တရားတစ်ခု မဟုတ်သော်လည်း "တစ်ကမ္ဘာလုံးရှိ သန်း ၃၇၀ သော ဌာနေတိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုကိုပပျောက်စေရန်နှင့်၎င်းတို့ကို ဘေးကျဉ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့မှ တိုက်ဖျက်ရာတွင် အကူအညီပေးရန်"[124] ဟုဆိုထားသော UNDRIP ကို မြန်မာအစိုးရက သဘောတူပါသည်ဟုဆိုကာ လက်မှတ်ရေး ထိုးထားသည်။

UNDRIP သည် ကမ္ဘာတစ်ဝန်းမှ တိုင်းရင်းသား၏ ဘဝသာယာရေး၊ ဂုဏ်သိက္ခာနှင့် ရှင်သန်နေထိုင်ရေးအတွက် အနိမ့်ဆုံးလိုအပ်လျက်ရှိသည့် စံချိန် စံနှုန်း များကို ဖော်ထုတ် သတ်မှတ်ပေးထားသော ကမ္ဘာလုံးဆိုင်ရာ မူဘောင်ဖြစ်သည်။ ကြေညာချက်စာတမ်းက ပုဂ္ဂလိကတစ်ဦးချင်း၏ အခွင့်အရေးများနှင့် အများအတွက် စုပေါင်း၊ စုစည်းထားသော အခွင့်အရေးများ၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဘာသာစကားနှင့် အခြား အခွင့်အရေး များအတွက် ရယူပိုင်ဆိုင်ခွင့်ကို ဦးတည်ပြောဆိုထားသည်။ ကြေညာချက်က ဌာနေတိုင်းရင်းသားများ၏ ဓားမဦးချ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ မြေယာလုပ်ကိုင်ခွင့် (အပိုဒ် ၈) ကို ဆုံးရှုံးစေမည့်လုပ်ရပ်များ အပါအဝင် ဌာနေတိုင်းရင်းသားများအပေါ် အကြမ်းဖက်မှုကို နိုင်ငံတော်က ကာကွယ်ရန် တောင်းဆိုထားသည်။ အောက်ပါတို့မှာ ကောင်းစွာ ကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်ရယူခြင်း (FPIC) နှင့် ဆက်စပ်ပြီး UNDRIP တွင် ဖော်ပြထားသည့် ပုဒ်မများဖြစ်ပြီး ဆီအုန်းစိုက်ပျိုးခွင့်ရ ဧရိယာရှိ ရွာများမှ ဌာနေကရင်တိုင်းရင်းသားများနှင့် ဆက်ဆံရာတွင် ကျင့်သုံးမှုလုံးဝ မရှိဘဲ ၎င်းတို့ကို မြန်မာအစိုးရနှင့် MSPP တို့ဘက်မှ လိုက်နာဆောင်ရွက်ကျင့်သုံးရန် ပျက်ကွက်ခဲ့ကြပါသည်။

UNDRIP ၏ အပိုဒ်ခွဲ ၁၀ အရ 'ဌာနေ တိုင်းရင်းသားများအား ယင်းတို့၏ လုပ်ကိုင်စားသောက်နေသောမြေနှင့် နေထိုင်ရာနယ်မြေ ဒေသများမှ အတင်းအဓမ္မဖယ်ရှား၍ ရွှေ့ပြောင်းနေရာချထားခြင်း မျိုး မပြုရ။ ရွှေ့ပြောင်းနေရာချထားခြင်းသည် ကောင်းစွာ ကြိုတင်အသိပေးထားသော ဒေသခံ တိုင်းရင်းသားများ၏ လွတ်လပ်သော ဆန္ဒဖြင့်ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်မပါဘဲ ရွှေ့ပြောင်းခြင်းပြု၍ မရသကဲ့သို့ အကယ်၍ ရွှေ့ပြောင်းနေရာ ချထားမှုအတွက် သဘောတူညီပြီးပါကလည်း မျှတသင့်တင့်သည့် လျော်ကြေးငွေပေးရမည်ဖြစ်ကာ ဖြစ်နိုင်ပါက မိမိနေရာဒေသများသို့ ပြန်လာခွင့် ရှိရမည်။' ဟု ဖော်ပြပါရှိပါသည်။

အပိုဒ်ခွဲ ၁၁ အရ 'နိုင်ငံတော်သည် ထိရောက်သော ယန္တရားများမှတဆင့် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဆိုင်ရာ၊ ဉာဏ ဆိုင်ရာ၊ ဘာသာရေး ဆိုင်ရာနှင့် ယုံကြည်မှုဆိုင်ရာ စည်းစိမ်ဥစ္စာများကို ကောင်းစွာ ကြိုတင် အသိပေးထားသော ဒေသခံ တိုင်းရင်းသားများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော် ပြောကြားသည့် သဘောတူညီချက် မပါဘဲ (FPIC) မပါဘဲ (သို့မဟုတ်) ၎င်းတို့၏ ဥပဒေများ၊ ရိုးရာများ၊ ဓလေ့များကို ချိုးဖောက်ကာ ယူဆောင်သွားခြင်း ခံရသည့် ဒေသခံ တိုင်းရင်းသားများအတွက် တရားမျှတမှု ရှိအောင် လုပ်ဆောင်ပေးရမည်။' ဟုဖော်ပြပါရှိပါသည်။

အပိုဒ်ခွဲ ၁၉ အရ 'နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားများအပေါ် အကျိုးသက်ရောက်နိုင်သည့် ဥပဒေ (သို့မဟုတ်) စီမံအုပ်ချုပ်မှု လုပ်ငန်းများ မပြုလုပ်မီ ကောင်းစွာ ကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်ရယူရန် တိုင်းရင်းသားများ ကိုယ်စားပြုအဖွဲ့အစည်းများမှတဆင့် တိုင်ပင်ကာ ပူးပေါင်းဆောင်ရွက်ထားရမည်။'

အပိုဒ်ခွဲ ၂၈ အရ ဌာနေတိုင်းရင်းသားတို့ပိုင်မြေများ ၊ နယ်မြေဒေသများ၊ သယံဇာတ အရင်းအမြစ်များကို ကောင်းစွာ ကြိုတင် အသိပေးထားသော ဒေသခံ တိုင်းရင်းသားများ၏ လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC) မပါဘဲ 'သိမ်းယူခြင်း ၊ ယူဆောင်သွားခြင်း၊ နေထိုင်ခြင်း အသုံးပြုခြင်း (သို့) ဖျက်ဆီးခြင်းတို့ လုပ်ငန်းစဉ်များအတွက် ဒေသခံတိုင်းရင်းသားများအား တရားမျှတမှု ရှိအောင် ပြန်လည်လုပ်ကိုင်ဆောင်ရွက်ပေးရမည်။'

အပိုဒ်ခွဲ ၃၂ အရ ဌာနေတိုင်းရင်းသားများတို့ မိမိတို့၏ ကိုယ်ပိုင်ဦးစားပေးများ၊ မြေများအတွက် ဗျူဟာများ ချမှတ်ခွင့်ရှိကာ တိုင်းရင်းသားတို့၏ မြေများ ၊ နယ်မြေဒေသများကို ထိခိုက်စေမည့် စီမံကိန်းများ အတည်ပြုရန်အတွက် ကောင်းစွာ ကြိုတင်အသိပေးထားသောဒေသခံ တိုင်းရင်းသားများ၏ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC) ကို ကြိုတင်ရယူထားရမည်။

123. Ibid.

124. http://www.un.org/esa/socdev/unpfii/documents/FAQsindigenousdeclaration.pdf



မြေဆုံးရှုံးပြီး မိသားစုကြုံတွေ့နေရသည့် စီးပွားရေးအခက်အခဲကြောင့် ပြိုလဲကျကာ ငိုကြွေးနေသည့် အမျိုးသားတစ်ဦး (သက်ဦးမောင်)

## အမျိုးသား အစားအသောက် ဖူလုံရေးဆိုင်ရာ အခြေအနေများအတွက် ငါးလုပ်ငန်းများနှင့် သစ်တောများ၊ မြေယာလုပ်ပိုင်ခွင့်အတွက် တာဝန်ယူမှုရှိသည့် အစိုးရစနစ်အတွက် လမ်းညွှန်ချက်များ

VGGTသည်မြေယာ၊ငါးလုပ်ငန်းနှင့်သစ်တောဆိုင်ရာအုပ်ချုပ်မှုစနစ်ကို တိုးတက်စေရန် ရည်ရွယ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အားလုံးအတွက် ဖူလုံစေပြီး ဘေးကျဉ်ခံထားရသူများကို အဓိကထားကာ အစားအသောက် ဖူလုံမှု ရှိစေရေးအတွက် လုံလောက်သော အစားအစာ၊ ဆင်းရဲမွဲတေမှု လျော့ချခြင်း၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းများ၊ လူမှုတည်ငြိမ်မှု၊ နေအိမ် လုံခြုံမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး၊ ရေရှည်တည်တံ့သည့် လူမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိပိုင်ခွင့်တို့ကို အလေးပေးသည်။[125] VGGT ကို ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအဖွဲ့က တရားဝင်ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအဖွဲ့သည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်သည့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်းအတွက် ကမ္ဘာ့ကုလသမဂ္ဂတွင် ထိပ်တန်း ဖိုရမ်တစ်ခု ဖြစ်သည်။ လမ်းညွှန်ချက်ပါ စာကို ၂၀၁၁ ခုနှစ် ဇူလိုင်နှင့် အောက်တိုဘာလနှင့် ၂၀၁၂ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးက ဦးဆောင်သည့် အစိုးရပိုင်းဆိုင်ရာ ညှိနှိုင်းပွဲများအတွင်း အပြီးသတ်လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ထိုစာကို တစ်ကမ္ဘာလုံးရှိ အဖွဲ့အစည်းများစွာက ပိုင်းဝန်းအကြံပြုရေးသားပြုစုထားပြီး ဒေသတွင်းတွင် တိုင်ပင်ဆွေးနွေးမှု ၁၀ ကြိမ်၊ ပုဂ္ဂလိက ကဏ္ဍ တိုင်ပင်မှု တစ်ကြိမ်၊ လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်မှု လေးကြိမ်ခန့် ပြုလုပ်ပြီးအဆုံးသတ်ခဲ့ခြင်းဖြစ်ပါသည်။ [125]

အောက်တွင်ပါရှိသော အပိုဒ်များမှာ FPIC နှင့် သက်ဆိုင်နေပြီး အသေးစား လယ်သမားများ လယ်လုပ်ခွင့်၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု၊ ကောင်းမွန်သော အစိုးရစနစ်ကို အားကောင်းစေရန် အကာအကွယ်ပေးသည့် ပုံစံများပါဝင်ပြီး ထိုအချက်များအားလုံးကို MSPP နှင့် မြန်မာအစိုးရက လိုက်နာရန် ပျက်ကွက်ခဲ့သည်။

အပိုဒ် ၇.၁ နိုင်ငံက မြေလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်း (သို့မဟုတ်) ချပေးသည့်အခါ "လက်ရှိ ဥပဒေအရ အကာအကွယ် မပြုထားသည့် မြေလုပ်ပိုင်ခွင့်ရှိသူများ အပါအဝင် အခြားသူများ၏ မြေလုပ်ပိုင်ခွင့် ချိုးဖောက်မှုကို ရှောင်ရှားရန်နှင့် အကာအကွယ်ပေးမှုများကို အမျိုးသားဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။"

အပိုဒ် ၇.၃ နိုင်ငံတော်က မြေကို ချပေးသည့်အခါ ချပေးသူတို့သည် "ကနဦးတွင် မှတ်တမ်းဝင်ထားခြင်း (သို့မဟုတ်) မဝင်ထားသည့် လက်ရှိ ရှိနေသည့် မြေလုပ်ပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် ရှိသူများအား ရှာဖွေရမည်။ ဓလေ့ထုံးထမ်း မြေလုပ်ပိုင်ခွင့် စနစ်ရှိသည့် ဌာနေတိုင်းရင်းသားများနှင့် အခြားဒေသခံများ၊ အသေးစိတ် မြေလုပ်ကိုင်သူများနှင့် ထိခိုက်နိုင်သည့် မည်သူကိုမဆို ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်စေသင့်သည်။"

အပိုဒ် ၉.၅ "ဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း မြေလုပ်ပိုင်ခွင့် စနစ်ရှိသည့် အခြားဒေသခံများသည် ၎င်းတို့ နေထိုင်သည့် ဘိုးဘွားပိုင်မြေတွင် တရားဝင် မြေလုပ်ပိုင်ခွင့်ရှိပြီး နိုင်ငံတော်က ထိုအခွင့်အရေးကို အသိအမှတ်ပြု ကာကွယ်ပေးရမည်။ ဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း မြေလုပ်ပိုင်ခွင့် စနစ်ရှိသည့်

125. Supra note 119

အခြားဒေသခံများသည် ထိုဘိုးဘွားပိုင်မြေမှ အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း မရှိရ။”

ပုဒ်မ ၁၂.၄ “တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများသည် တရားဝင်မြေလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူများကို ပိုင်ဆိုင်မှုမရှိစေရန်မှ ရှောင်ကျဉ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ကာကွယ်သည့် အကာအကွယ်များ ထားရှိကာ လူ့အခွင့်အရေးကို လေးစားသင့်သည်။”

ပုဒ်မ ၁၄.၂ ပြန်လည် ပေးအပ်ခြင်းနှင့် ပတ်သက်၍ “ဖြစ်နိုင်ပါက မူလနေရာ (သို့မဟုတ်) မူလပိုင်ဆိုင်ခွင့် ကိုင်ဆောင်ထားသူထံ၊ ဆုံးရှုံးမှုကို ခံစားရသူ (သို့မဟုတ်) အမွေဆက်ခံသူထံ အရည်အချင်းရှိသည့် နိုင်ငံအစိုးရ တာဝန်ရှိသူများ၏ အဆုံးအဖြတ်ဖြင့် ပြန်လည် ပေးအပ်ရမည်။ မူလနေရာ (သို့မဟုတ်) မူလပိုင်ရှင်ထံ ပြန်လည်မပေးအပ်နိုင်ပါက ထိခိုက်ခံစားရသူအားလုံး မျှတစွာ ဆက်ဆံမှုရှိကြောင်း သေချာစေပြီး နိုင်ငံတော်က ငွေသားအနေဖြင့် သင့်တင့်မျှတသည့် လျော်ကြေးကို တန်ဖိုးဖြတ်ခြင်းနှင့်အတူ (သို့မဟုတ်) အခြား နေရာ၊ ပိုင်ဆိုင်မှုတစ်ခုဖြင့် ပေးအပ်ရမည်။

## MSPP ၏ ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေညာစာတမ်း (UNDRIP) နှင့် အမျိုးသား အစားအသောက် ဖူလုံရေးဆိုင်ရာ ငါးလုပ်ငန်းများနှင့် သစ်တောများ၊ မြေယာလုပ်ပိုင်ခွင့်အတွက် တာဝန်ယူမှုရှိသည့် အစိုးရစနစ်အတွက် လမ်းညွှန်ချက်များကို ချိုးဖောက်မှုများ

MSPP ကုမ္ပဏီနှင့် မြန်မာအစိုးရ၏ MSPP ဆီအုန်းစိုက်ခင်းကို စတင်ရန် လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်း (UNDRIP) နှင့် (VGGT) လမ်းညွှန်ချက်များကို သိသာထင်ရှား၊ ရှင်းလင်းစွာ ချိုးဖောက်ခြင်းကို တွေ့ရှိရပါသည်။ MSPP ကြောင့် ထိခိုက်ခံစားရသည့် ဒေသခံဌာနေကရင်တိုင်းရင်းသားများ၏ ကြိုတင်အသိပေးထားပြီး ညှိနှိုင်းကာ လွတ်လပ်သောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက် (FPIC) ကိုလည်း ရယူရန် ကြိုးစားအားထုတ် မှုမရှိခဲ့ပေ။[126] ယင်းအစားဒေသခံများ၏ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာသည့် မြေများနှင့် သစ်တောများကို သိမ်းယူခြင်း၊ ခုတ်ထွင်ရှင်း လင်းခြင်းခံရကာ စိုက်ပျိုးရေးသီးနှံများလည်းဖျက်ဆီးခံရပြီး ရေအရင်း အမြစ်များလည်း အဆိပ်သင့်ခြင်း၊ ဆုံးရှုံးခြင်း ခံရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် MSPP က ဒေသခံလယ်သမားများအား ကုမ္ပဏီကသိမ်းယူထားသည့် မြေ ၁ ဧကလျှင် မြန်မာငွေ တစ်သောင်းကျပ် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၉) ဖြင့် အလွန်စျေးနည်းသည့် နှုန်းထားဖြင့်ပေးသည့် လျော်ကြေးငွေကို လက်ခံရန် အတင်းအကြပ်၊ ခြိမ်းခြောက်ခဲ့သည်။[127] ယင်းဖြစ်ရပ် သည် UNDRIP ၏ ပုဒ်မ ၁၀ ဖြစ်သည့် မျှတပြီး သင့်တင့်သည့် လျော်ကြေးရပိုင်ခွင့်အား အကာအကွယ်ပြုထားခြင်းကို ပြောင်ပြောင်တင်းတင်း၊ ရှင်းလင်းစွာ ချိုးဖောက်နေခြင်းဖြစ်သည်။

ထို့အပြင် MSPP လုပ်ပိုင်ခွင့်အတွက် မြေချပေးသည့် လုပ်ငန်းစဉ်သည် ဌာနေတိုင်းရင်းသားများ၏ ဓားမဦးချ မြေလုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးထားသည့် အမျိုးသား အစားအသောက် ဖူလုံရေးဆိုင်ရာ ငါးလုပ်ငန်းများနှင့် သစ်တောများ၊ မြေယာလုပ်ပိုင်ခွင့်အတွက် တာဝန်ယူမှုရှိသည့် အစိုးရစနစ်အတွက် လမ်းညွှန်ချက်များပါ စံနှုန်းများနှင့်ကိုက်ညီမှုမရှိပေ (ပုဒ်မ ၉.၅)။ မြန်မာအစိုးရသည် MSPP အတွက် မြေလုပ်ပိုင်ခွင့်ချပေးရာတွင် ဌာနေကရင်တိုင်းရင်းသားများ၏ ဓားမဦးချမြေလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည် (ပုဒ်မ ၇.၃)။

126. See UNDRIP Articles 10, 11, 19, 28, 32 above

127. Focus group discussions with impacted communities, February 2016

# ၅။ နိဂုံးနှင့် အကြံပြုချက်များ

၂၀၁၀ ခုနှစ်မှစ၍ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင်မြန်မာအစိုးရသည် လာဘ်စားမှုကို တိုက်ဖျက်ရန်၊ ဆင်းရဲမှုကိုလျော့ချရန်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးဖြစ်စဉ်များဖြစ်အောင် လုပ်ဆောင်မည်ဟု ကတိကဝတ်များ ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာတွင် မျက်နှာပန်းလှရန်လည်း ရေကုန်ရေခန်း ကြိုးပမ်းခဲ့သည်။ သမ္မတ ဦးသိန်းစိန် တာဝန်ယူစဉ် ငါးနှစ်တာ သက်တမ်းကာလအတွင်း (၂၀၁၀ မှ ၂၀၁၅) တွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၂၈ ဘီလျံရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ခန့်မှန်းခြေ ၈ ရာခိုင်နှုန်းခန့်ထိ တစ်ဟုတ်တိုးတိုးတက်မှုများ ရှိခဲ့ပါသည်။[128]

လက်ရှိ စီမံရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းက “မတ်လ ကုန်မှာ (၂၀၁၆) အာဏာရလာတဲ့ အစိုးရအသစ်အနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေကို မြေငှားယခွင့်ပေးခြင်းစတဲ့ ပြောင်းလဲမှုတွေလုပ်ပြီး နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ဖို့ မျှော်လင့်ထားပါတယ်[129]” ဟု မကြာသေးမီက ပြောဆိုခဲ့သည်။ လက်ရှိအခြေအနေအရ ထိုသို့ပြုလုပ်ပါက မြေယာပဋိပက္ခများကို ပိုမိုများပြားလာမည်ဖြစ်ကာ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလည်း ဖြစ်လာနိုင်မည် မဟုတ်ပေ။

လုပ်ထုံးလုပ်နည်းကို လိုက်နာသည့် အစိုးရဌာနများနှင့် ခိုင်မာသည့် မြေယာဥပဒေများနှင့် မြေလုပ်ပိုင်ခွင့် အာမခံချက်များ မရှိဘဲ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု အများအပြား စုပြုံဝင်ရောက်လာပါက MSPP တွင်တွေ့ကြုံရသော ပြဿနာများကဲ့သို့သော မြေယာပဋိပက္ခများနှင့် ပိုင်ဆိုင်မှု အငြင်းပွားမှုများကို ပိုမိုတိုးပွားလာမည်ဖြစ်သည်။

နိုင်ငံတွင်းရှိ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာပြီး တာဝန်ယူမှု ရှိသည့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် ခိုင်မာသည့် တရားဥပဒေနှင့် လုပ်ထုံးလုပ်နည်းမူဘောင်များရှိနေရန် အလွန်အရေးကြီးသည်။ နိုင်ငံ ခြားရင်းနှီးမြှုပ်နှံသူများအား မြေအလွယ်တကူဝယ်ယူခွင့် ပြုလိုက်ပါက အမည်ဆိုးနှင့် ကျော်ကြားသည့် Samling အုပ်စုနှင့် ၎င်း၏ လုပ်ငန်း အဖွဲ့ ကုမ္ပဏီ Glenealy တို့ကဲ့သို့သော မြန်မာနိုင်ငံ၏သဘာဝသယံဇာတကို အမြတ်ထုတ်ရန် လူ့အခွင့်အရေးချိုးဖောက်မှုများပြုကျင့်လေ့ရှိသည့် ကျင့်ဝတ်မညီသော ကုမ္ပဏီများ အလုံးအရင်းနှင့် ဝင်လာ ရောက်ရန် မက်လုံး ပေးလိုက်သကဲ့သို့ပင် ဖြစ်နေပါသည်။

ဤအစီရင်ခံစာသည် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုများကိုစနစ်တစ်ကျစောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့်စနစ်တစ်ခုပေါ်ပေါက်လာသည့် အချိန်အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့ထားပေးရန် တောင်းဆိုလိုက်ပါသည်။ အစီရင်ခံစာတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအကြား နှစ်ပေါင်း ၆၀ ကျော်ကြာ အကြမ်းဖက် ပဋိပက္ခများ ဖြစ်ပွားနေသည့်အတွက် မြေယာပိုင်ဆိုင်မှု သက်သေအထောက်ထားအဖြစ် တိုင်းရင်းသားဒေသခံများမှ မြေယာမှတ်ပုံတင်ရန်မှာ မဖြစ်နိုင်ပေ။ တိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် ဒေသခံများ၏ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုသည့် တရားဝင် ဥပဒေမူဘောင်လည်း မရှိပေ။ ယင်းအစား စစ်ဘေးရှောင်များနှင့် ဒုက္ခသည်များ ယခင်ကလုပ်ကိုင်ခဲ့ပြီး မျိုးရိုးစဉ်ဆက် အသုံးပြုနေသည့် မြေရိုင်းများနှင့် ထိန်းသိမ်းသစ်တောတွင် မြေလွတ်၊မြေလပ်၊မြေရိုင်းအဖြစ် တစ်ဖက်သတ်သတ်မှတ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်များချထားပေးခြင်းတို့ ဖြစ်ပေါ်နေသည်။

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြားရောပြွန်းကာအပြိုင်အုပ်ချုပ်နေသည့် နေရာများတွင် ဤကဲ့သို့ စီမံကိန်းများ အတွက် လုပ်ပိုင်ခွင့်များ ချထားပေးခြင်းက ဒေသခံများအတွက်အန္တရာယ်ပိုများစေသည်။ ထိုနေရာများကို ရောထွေးထိန်းချုပ်နေခြင်းသည် ထိုနေရာများတွင် နှစ်ဖက်စလုံးမှ အပြိုင်ထိန်းချုပ်နေခြင်းဖြစ်ပြီး ထိုပဋိပက္ခများကြောင့် ဒေသခံများတွင် မြေယာပိုင်ဆိုင်ခွင့် အာမခံမှု လုံးဝမရှိပေ။ ထို့ကြောင့် အသက်မွေးဝမ်းကြောင်းနှင့် မြေယာအပေါ်ခြိမ်းခြောက်မှုပိုမိုများပြားလာမည်ဖြစ်သည်။ ထိုသို့ခြိမ်းခြောက်မှုများအနက် လက်နက်ကိုင် နယ်မြေများဖြစ်သည့်အတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှု၊ အခွန်ကောက်သည့် အဖွဲ့များ များပြားခြင်း၊ မြေယာပိုင်သည်ဟု ဆိုသည့် အဖွဲ့များပြားခြင်းနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ် အင်မတန်အားနည်းလှသည့် ဝေးလံသည့် ဒေသများဖြစ်သည့် နယ်စွန်နယ်ဖျားများတွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ဖက်စလုံးမှ စီးပွားရေး အကျိုးအမြတ်အတွက် အမြတ်ထုတ်ခြင်းများလည်း တိုးလာနိုင်သည်။

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား မြေယာနှင့် သဘာဝသယံဇာတများ ပိုင်ဆိုင်ကြောင်း အချင်းချင်းအငြင်းပွားစရာမလိုတော့သည့် အခြေအနေ၊ ဥပမာအားဖြင့် အဓိပ္ပါယ်ရှိပြီး အားလုံးပါဝင်သော ငြိမ်းချမ်းရေး စာချုပ် ရှိလာသည့် အချိန်မှသာ ထိုကဲ့သို့သော အကြီးစားရင်း နှီးမြှုပ်နှံမှုများ ပြန်လည်စတင်ခွင့်ပြု ပေးသင့်သည်။ အားကောင်းသည့် တာဝန်ယူ၊ တာဝန်ခံနိုင်သည့် ယန္တရားများနှင့် ခိုင်မာသည့် ဥပဒေနှင့် အဖွဲ့အစည်းများတည်ဆောက်မှု မပြီးဆုံးခင် (သို့) မဖြစ်ပေါ် မလာမချင်း၊ ထိုကဲ့သို့သော လုပ်ငန်းစဉ်များကို

128. http://asia.nikkei.com/Politics-Economy/Policy-Politics/Myanmar-seeks-to-build-on-foreign-investment-momentum-finance-minister

129. Ibid.

အောက်ပါ အကြံပြုချက်တို့မှာ -

- MSPP စီမံကိန်းတွင် ပါဝင်သော စပ်တူလုပ်ငန်း လုပ်ကိုင်သည့် မြန်မာနှင့် မလေးရှား မိတ်ဖက်များ
- ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဦးစီးဌာနများ
- ကရင်အမျိုးသား အစည်းအရုံး (KNU)
- မေဘဏ်၊ နော်ဝေးနိုင်ငံ ကမ္ဘာလုံးဆိုင်ရာ အစိုးရပင်စင်ရံပုံငွေ (GPFG)၊ ဂျပန်နိုင်ငံရှိ (JBIC) နှင့် အခြား ရင်းနှီးမြှုပ်နှံသူတို့အတွက် ဖြစ်သည်။

စောင့်ကြပ်ကြည့်ရှု ထိန်းကွပ်သည့် စနစ်တစ်ခုအား အလျှင်အမြန် အကောင်အထည် ဖော်ကာစောင့်ကြည့်မှုများပြုလုပ်သင့်ပြီး၊ အချိန်အတိုင်းအတာ တစ်ခုအထိ လုပ်ငန်းများကို ဆိုင်းငံ့ထားသင့်သည်။

## ၅.၁ MSPP နှင့် ၎င်း၏နောက်ခံ Samling Group (မလေးရှား) နှင့် Stark Industries ကုမ္ပဏီလီမိတက် (မြန်မာ) သို့

- တနင်္သာရီတိုင်းအတွင်းပစ်ခတ်တိုက်ခိုက်မှုပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ အစည်းအဝေးအပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ပေးပို့လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများအားလုံးကို ထပ်မံ စုံစမ်းစစ်ဆေးမှုမတိုင်မီ၊ ဒေသခံတိုင်းရင်းသားများနှင့် ညှိနှိုင်းဆွေးနွေးမှုမပြီးမချင်း လက်ရှိလုပ်ဆောင်လျှက်ရှိသော လုပ်ငန်းများအားလုံးကို ဆိုင်းငံ့ထားရမည့် အမိန့်အတိုင်း လိုက်နာရန်။

- MSPP၏ ဧရိယာတွင်ရှိနေသည့် ဆီအုန်း မစိုက်ရသေးသည့် မြေများကို စွန့်လွှတ်ရန်။ မြေရှင်းပြီးသား ဖြစ်နေသော်လည်း ဆီအုန်း မစိုက်ရသေးသည့် ကျေးရွာပိုင်မြေများကို ပြန်ပေးရန်နှင့် ဒေသခံများ ထိခိုက်နစ်နာမှုနှင့် ပိုင်ဆိုင်သည့် မြေပျက်စီးမှုအတွက်လျော်ကြေးများပေးရန်။

- MSPP နှင့် ဆက်စပ်သည့် အစိုးရနှင့် စီမံကိန်းအကြား ချုပ်ဆိုထားသောစာချုပ်များ၊ သတင်းအချက်အလက်များ၊ Samling Group နှင့် Stark Industries Co., Ltd တို့အကြားချုပ်ဆိုထားသော စာချုပ် အပါအဝင် စာရွက်စာတမ်းများအားလုံးကို အများပြည်သူလက်လှမ်းမီလွယ်လာနိုင်ရေး ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြသပြီး အမြဲတမ်းထိုကဲ့သို့လုပ်ဆောင်ပေးရန်။ စီမံကိန်းစတင်ကတည်းက မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ သုံးလ တစ်ကြိမ်ပို့ရသည့် အစီရင်ခံစာများကိုလည်းကို အများသိအောင် ထုတ်ပြန်ပေးရန်။

- ထိခိုက်နစ်နာမှုရှိသည့် ရွာသားများနှင့် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက် ရယူကာ တရားမျှတပြီး သင့်တင့်လျှောက်ပတ်သော လျော်ကြေးများပေးရန်။

- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအသစ်နှင့် အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် လေ့လာဆန်းစစ်မှု ပြုလုပ်ရန်နှင့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲရန်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုမှုကြောင့် မြေနှင့် ရေအရင်းအမြစ် အဆိပ်သင့်မှုကို လွတ်လပ်သည့် ဆန်းစစ်ချက် ပြုလုပ်ရာတွင် ဘဏ္ဍာငွေ မတည်ပေးရန်။

## ၅.၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထံသို့အကြံပြုချက်များ

### ၁) တရားသူကြီးချုပ်ရုံး

- ဥပဒေကို ချိုးဖောက်ပြီး အစိုးရ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် MSPP ကုမ္ပဏီ အား စုံစမ်းစစ်ဆေးမှု စတင်ရန်နှင့် စပ်တူလုပ်ငန်းတွင် ပါဝင်သည့် အဖွဲ့များအား ဥပဒေနှင့် ကိုက်ညီသည့် သင့်တော်သည့် အရေးယူမှုများ ပြုလုပ်ရန်။

- စုံစမ်းစစ်ဆေးပြီး ထိခိုက်နစ်နာသည့် ဒေသခံများအတွက် ပြန်လည်ကုစားပေးမည့် လုပ်ဆောင်ချက်များလုပ်ရာတွင် ထိခိုက်နစ်နာသည့် ဒေသခံများသည် MSPP ကြောင့် ဖြစ်ပွားသည့် ကျွဲနွား၊ တိရိစ္ဆာန်များ ဆုံးရှုံးမှုအပါအဝင် မြေယာဆုံးရှုံးမှု၊ သီးနှံများပျက်စီးမှု၊ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက်ပါ အပြည့်အဝလျော်ကြေးပေးရန် လိုအပ်သည်။

### ၂) မြန်မာ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

- မြန်မာအစိုးရက ချမှတ်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်သည့်အတွက် MSPP ၏ လုပ်ငန်းများကို ဆိုင်းငံ့ကာ ခွင့်ပြုမိန့်ကို ရုပ်သိမ်းပေးရန်။

- ၂၀၁၁ ခုနှစ် ခွင့်ပြုမိန့်ထုတ်ပေးခဲ့စဉ်က ပြဋ္ဌာန်းဥပဒေများ အပါအဝင် လက်ရှိ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များအတိုင်း လိုက်နာဆောင်ရွက်မှု မရှိမချင်း MSPP ၏ လုပ် ငန်းများကို ဆိုင်းငံ့ထားရန်။

- မြန်မာနိုင်ငံတွင် တာဝန်ခံမှုရှိသော ကုမ္ပဏီများကိုသာ လာရောက် လုပ်ကိုင်ခွင့်ပေးနိုင်ရန်နှင့် နောင်အနာဂတ်တွင် Samling Group ကဲ့သို့သော ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံမှုမရှိ စေရန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် ကုမ္ပဏီများကို စိစစ်နိုင်ရေးလမ်းညွှန်ချက်များ နှင့် အစီအစဉ်များကို ရေးဆွဲဖော်ထုတ်ထားရှိရန်။

- MSPP နှင့် ပတ်သက်သည့် မူလခွင့်ပြုမိန့်နှင့် သက်တမ်းတိုးထားသည့် ခွင့်ပြုမိန့် (၂၀၁၃) အပါအဝင် လုပ်ပိုင်ခွင့် မပေးမီ ဧရိယာတွင် မြေယာအသုံးပြုမှုကို အသေးစိတ် ဖော်ပြထားသည့် ပုံစံ ၁၀၅ နှင့် သုံးလပတ် အစီရင်ခံစာများ စသည့် စာရွက်စာတမ်းများကို အများပြည်သူတို့ တင်ပြရန်။

## ၃) လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊(MOALI), သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရ

- သင့်တော်သည့် ဥပဒေများ၊ အကာအကွယ်များနှင့် အဓိပ္ပါယ်ပြည့်ဝသည့် ငြိမ်းချမ်းရေး စာချုပ်သို့မရောက်ရှိသေးမီကာလအတွင်း ဆီအုန်းအတွက် မြေယာရှင်းလင်းခြင်းတို့ကို ကာကွယ်နိုင်ရန်၊ လုပ်ပိုင်ခွင့် အသစ်များချထားပေးခြင်း အပါအဝင် လက်ရှိဆီအုန်းစိုက်ခင်းများကို သေချာစွာစောင့်ကြပ်ကြည့်ရှုနိုင်မည့် လုပ်ငန်းစဉ်တစ်ခု စတင်အကောင်အထည်ဖော်ရန်နှင့် ထိုကာလအတွင်းတွင် အချိန်အတိုင်းအတာ တစ်ခုအထိ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးအားလုံးကို ဆိုင်းငံ့ထားရန်။

- ဆီအုန်းလုပ်ကွက်အသစ်များနှင့် လက်ရှိ ဆီအုန်းလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်မှုမှတ်တမ်းကောက်ယူခြင်း (EIA) လုပ်ဆောင်ရန်နှင့် သဘာဝ ပတ်ဝန်းကျင်စီမံခန့် ခွဲရေး အစီအစဉ် (EMP) ရေးဆွဲ အကောင် အထည်ဖော်နိုင်ရန်အတွက် တွန်းအားပေးလုပ်ဆောင်ရန်။

- ဆီအုန်း လုပ်ပိုင်ခွင့် ဧရိယာတွင် မစိုက်ပျိုးရသေးဘဲ မြေရှင်းလင်းခြင်းမရှိသေးသည့် ဧရိယာရှိကြောင်း လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့်အတူ အထူးစုံမ်းစစ်ဆေးမှုကိုစတင်ပြုလုပ်ရန်နှင့် ချိုးဖောက်မှုရှိနေသည့် ချုပ်ဆိုထားသော စာချုပ်များ၊ လက်ရှိတည်ဆဲဥပဒေများ၊ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ဒေသခံများအကြား မြေယာပဋိပက္ခ (ဒုက္ခသည်များနှင့် စစ်ပြေးရှောင်များ အပါအဝင်) ဖြစ်ပွားခြင်းများ အပေါ်မူတည်၍ မည်သည့် လုပ်ပိုင်ခွင့် ဧရိယာများကို အစိုးရသို့ ပြန်ပေးသင့်ကြောင်း သတ်မှတ်ရန်။

- MSPP က အသုံးပြုခဲ့သည့် ဓာတုပဗေဒများ၏ အဆိပ်သင့်ဓာတ်ကြောင့် ရေအဆိပ်သင့်မှု ခံစားနေရသည့် ရွာသားများအတွက် သောက်သုံးရေနှင့် အရေးပေါ် ဆေးဝါး အကူအညီပေးရန်။

- MSPP ကြောင့် ဖြစ်ပွားသည့် ကျွဲနွားများ ဆုံးရှုံးမှု အပါအဝင် မြေယာဆုံးရှုံးမှု၊ သီးနှံများ ပျက်စီးမှု၊ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက်ပါ ထိခိုက်ခံစားရသည့် ဒေသခံများအတွက် သင့်တင့်သည့် လျော်ကြေးပေးစေရန်။

- MSPPသည်ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများသုံးကာသဘာဝပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုဖျက်ဆီးနေမှုမရှိစေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်စောင့်ကြည့်မှု ပြုလုပ်ရန်။ ထိုသို့လုပ်ဆောင်နေမှုကို တွေ့ရှိပါက ထိခိုက်သည့် ဒေသခံများအတွက် လျော်ကြေးရရှိရန် အရေးယူဆောင်ရွက်မှုများ ချက်ခြင်း လုပ်ဆောင်ရန်။

## ၄) နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများ အားလုံး

- ခိုင်မာသည့် တာဝန်ခံနိုင်သော ယန္တရားနှင့် အတူ သင့်တော်သည့် ဥပဒေများ၊ အဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ရှိပြီး အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးစာချုပ်မရှိသေးမီပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် အကြီးစား ရင်းနှီးမြှုပ်နှံမှုများကို အချိန်အတိုင်းအတာ တစ်ခုအထိ ဆိုင်းငံ့ထားပြီး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုကို အချိန်နှင့် တစ်ပြေးညီပြုလုပ်နိုင်သော စနစ်တစ်ခုကို ဖော်ထုတ်ရန်။

- လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားမူဝါဒများနှင့် ဥပဒေများအားလုံးကို ပြန်လည် သုံးသပ်ရန်။ အထူးသဖြင့် အားလုံးပါဝင်ပြီး အလွှာစုံ ပါဝင်ပတ်သက်သူများ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားများလည်း ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြင့် မြေယာဥပဒေအသစ်နှင့် စည်းမျဉ်းစည်းကမ်းကိုရေးဆွဲရန်။

- ယခုလက်ရှိတွင် စိုက်ပျိုးပြီးသားဖြစ်သော ဆီအုန်းခြံများအတွက် နိုင်ငံတကာ ဆီအုန်း လုပ်ငန်း စံချိန်စံနှုန်း တစ်ခုဖြစ်သော RSPO (ရေတည်တည်တံ့သည့် ဆီအုန်းအပေါ် ဆွေးနွေးပွဲ)[130]စသည့် စံနှုန်းကို မြန်မာနိုင်ငံရှိ ဆီအုန်းကုမ္ပဏီများ အားလုံး မဖြစ်မနေ လိုက်နာစေရန်။

## ၅.၃) ကရင်အမျိုးသားအစည်းအရုံး (KNU) အကြံပြုချက်များ

- ခိုင်မာသည့် ဥပဒေများနှင့် အဖွဲ့အစည်းများနှင့်အတူ အဓိပ္ပါယ်ပြည့်ဝပြီး အားလုံး ပါဝင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်မရှိမချင်း ကရင်တိုင်းရင်းသားများ နေထိုင်ရာများတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုကို အချိန်အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့ထားရေး နားလည်မှုစာချွန်လွှာကို စတင်လုပ်ဆောင်ရန်။ ထိုနားလည်မှုစာချွန်လွှာ ရှိသည့်အခါ ကရင်အမျိုးသား အစည်း အရုံး နယ်မြေတွင် စီမံကိန်းမစတင်မီ EIA၊ SIA နှင့် FPIC တို့ ပါဝင်ပြီး

130. http://www.rspo.org/certification

တာဝန်ခံမှုရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကာအကွယ်များရှိသည့် နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့် ညီ သည့် အကြီးစားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒရေးဆွဲရန်။

- ကရင်လူမျိုးတို့၏ မြေယာကို ကာကွယ်နိုင်ရန် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲခြင်းကို ဦးစားပေးတစ်ရပ်အနေဖြင့် ထားရှိရန်။ မိမိသဘောဆန္ဒဖြင့် နေရပ်သို့ ပြန်လာသည့် ဒုက္ခသည်များနှင့် စစ်ဘေးရှောင်များအတွက် လုံလောက်သည့် ထောက်ပံ့မှုနှင့် ကုလသမဂ္ဂ၏ ဒုက္ခသည်များနှင့် ဘေးရှောင်သူများ အတွက် နေအိမ်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ရေးဆိုင်ရာ မူဝါဒသဘောတရား (The Pinheiro Principles) နှင့် အညီ ထားရှိပေးရန်။

- KNU ဗဟိုကော်မတီက MSPP အား စုံစမ်းမှုတစ်ရပ် ပြုလုပ်ကာ မြေယာပဋိပက္ခကို ဖြေရှင်းနိုင်ရေး လုပ်ငန်းဆိုင်းငံ့ခြင်း၊ ကရင်လူမျိုးများ၏ မြေယာမှတ်ပုံတင်ခြင်းနှင့် လာဘ်စားမှုတွင် ပါဝင်ပတ်သက်နေသော KNU အရာရှိများကို အရေးယူခြင်း၊ ကရင်လူမျိုးများအား မြေပြန်လည်ပေးအပ်နိုင်ရန် MSPP အား တွန်းအားပေး ကူညီမှုပြုလုပ်ပေးရန်။

- KNU မြိတ်-ထားဝယ်ခရိုင်အနေဖြင့် အနာဂါတ်တွင် ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်ရန်နှင့် လုပ်ဆောင်ချက်များအပေါ် တာဝန်ခံမှုရှိရန်။ KNU မြိတ်-ထားဝယ်ခရိုင်အနေဖြင့် မြိတ်-ထားဝယ်ခရိုင်တွင်းရှိ ကုမ္ပဏီများကပေးသည့် ငွေပေးချေမှု အပါအဝင် မှတ် တမ်းများနှင့် စာချုပ်စာတမ်းများကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးရန်။

## ၅.၄) Sampling အဖွဲ့ကြီးနှင့် ၎င်း၏လက်ခွဲဖြစ်သော Glenealy စိုက်ခင်းများအား အမေရိကန်ဒေါ်လာ ၁၂၄သန်း ဖြင့် အစပြုထောက်ပံ့မှုပေးနေသော မေဘဏ်သို့။

- မေဘဏ်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ပြုလုပ်နေသည့် Samling အုပ်စုမှ နုတ်ထွက်ရန်။
- ၎င်းအထောက်အပံ့ပြု ရင်းနှီးမြှုပ်နှံမှုရှိနေသော ဆီအုန်းစိုက်ခင်းစိုက်ပျိုးခြင်းလုပ်ငန်းအား ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းပြုလုပ်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအား ထပ်ခါတစ်လဲလဲ ပြုလုပ်ကျူးလွန်မှုများပြုလုပ်လျှက်ရှိသော ကုမ္ပဏီများမှ မိမိတို့ထောက်ပံ့မှုများအား ပြန်လည်ရုတ်သိမ်းရန်။

## ၅.၅) MSPP လုပ်ငန်းသို့ Samling နှင့် လုပ်ငန်းခွဲ Glenealy စိုက်ခင်းလုပ်ငန်းကြီးများမှတစ်ဆင့် တိုက်ရိုက်(သို့) သွယ်ဝိုက်သောနည်းအမျိုးမျိုးဖြင့် ရင်းနှီးမြှုပ်နှံပြီး ငွေကြေးစီးဆင်းမှုကို ပြုလုပ်နေကြသော ငွေကြေးအဖွဲ့အစည်းများအသီးသီးသို့။

- ဂျပန်နိုင်ငံမှ JBIC, နော်ဝေးနိုင်ငံအစိုးရကမ္ဘာလုံးဆိုင်ရာ ပင်စင်ရံပုံငွေ (GPFG) နှင့် အခြား ဘဏ္ဍာရေးအဖွဲ့အစည်းများ အသီးသီးအနေဖြင့် ၎င်းတို့၏ မေဘဏ်တွင် ရင်းနှီးမြှုပ်နှံမှုများသည် Samling Group နှင့် ၎င်း၏လုပ် ငန်းခွဲ၊ အဖွဲ့ခွဲများသို့ သွယ်ဝိုက်သောနည်းဖြင့် ငွေကြေးထောက်ပံ့ပေးနေခြင်းမျိုး မရှိကြောင်း သေချာအောင် ပြန်လည်စစ်ဆေးမှုတစ်ခုလုပ်ဆောင်ရန်။

# နောက်ဆက်တွဲ


နောက်ဆက်တွဲ (၁)၊ ဒေသခံတိုင်းရင်းသားများမှ MSPP ကုမ္ပဏီနှင့် ပတ်သက်ပြီးသက်ဆိုင်ရာအဖွဲ့ အစည်းအသီးသီးသို့ တင်ပြပေးပို့ခဲ့သော တိုင်တန်းစာအချို့၏အနှစ်ချုပ်များ

| # | သို့ | ပို့သည့်ရက်စွဲ | အဓိကအချက်များ | အကြောင်းအရာ |
|---|---|---|---|---|
| 1 | မြန်မာဗဟိုအစိုးရ၊ KNU ဗဟိုကော်မတီနှင့် တနင်္သာရီ တိုင်း တိုင်းရင်းသားရေးရာ ဝန်ကြီး | ၁၃ ဇန်နဝါရီ ၂၀၁၅ | စုစုပေါင်း လူဦးရေ (၁၅၆၇) ဦး ရှိသည့် ကျေးရွာ ရှစ်ရွာမှ အမျိုးသမီး (၇၆၉) ဦးနှင့် အမျိုးသား (၇၉၈) ဦးတို့သည် မိမိတို့နေထိုင်သည့် ကျေးရွာတွင် အခက်အခဲများစွာနှင့် ရုန်းကန်နေရသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရှုထောင့်မှ ကူညီပေးပါရန် အယူခံစာတင်ခဲ့သည်။ကျွန်ုပ်တို့သည့် ၁၉၈၆ ခုနှစ် မတိုင်မီကတည်းက ရွာတွင်ပျော်ရွှင်စွာ နေထိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်နောက်ပိုင်း ပဋိပက္ခများ ဖြစ်ပွားလာပြီးနောက်နေအိမ်များ အပါအဝင် မြေယာများ၊ ဥယျာဉ်ခြံများနှင့် ကျွဲနွားများ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ပဋိပက္ခအပြီး မိမိတို့ရွာဆီပြန်လာပြီး ဘဝကို တဖန် ပြန်လည် တည်ဆောက်သော်လည်း MSPP ၏ ရင်းနှီး မြှုပ်နှံမှုနှင့် တဖန် ကြုံရပြန်သည်။ ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့၏ အသံများကို တခါမှ နားထောင်ခြင်း မရှိသည့်အတွက် မိမိတို့ပိုင် မြေပေါ်တွင် မည်သည့် စီမံကိန်းများလုပ်မည်ကို စိုးရိမ်မိပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ဘာသာပြန်တစ်ဦးကို အမြဲခေါ်လာပြီး နေပြည်တော်မှ လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်ရထားသဖြင့် အရာရာကို နေပြည်တော်နှင့်သာ ပြောဆိုရန်တုန့်ပြန်လေ့ရှိသည်။ သူတို့နှင့် သဘောမတူပါကလည်း စစ်တပ်သို့ပြန်လည်ပေးအပ်မည်ဖြစ်ကာ ယခင်အခြေအနေ ပြန်ဖြစ်လာမည်ဟု ဆိုသည်။ ထို့အပြင် ခြံပိုင်ရှင်များကို ခြံကို ယခုအတိုင်းသာထားရန် ပြောဆို သော်လည်း သူတို့က ဥယျာဉ်ခြံများအတွက် လျော်ကြေးပေးထားပြီး ဖြစ်သည့်အတွက် မြေများကို ရှင်းလင်းမည်ဟု ပြောဆိုသည်။ ထို့အပြင် စိုက်ခင်းတွင် အသုံးပြုသည့် ပိုးသတ်ဆေးများသည် ရွာသားများ အသုံးပြုသည့် မြစ်ရေထဲကျရောက်ရာမှ ထိုမြစ်ရေကို သောက်ဆုံးသည့် ငါး၊ ခွေးနှင့် တိရိစ္ဆာန်များ သေဆုံးမှု ရှိခဲ့သည်။ ထို့ကြောင့် ထိုအမျိုးအစား ဓာတုပစ္စည်းများကို မသုံးရန် ကျွန်တော်တို့က ပြောသော်လည်း နားထောင်ခဲ့ခြင်း မရှိပေ။ အဆုံးတွင် သူတို့သည် ကျွန်တော်တို့ ပြောသမျှ နားထောင်ခဲ့ခြင်း မရှိဘဲ သူတို့ လုပ်ချင်သည်များကိုသာ လုပ်နေသည့်အတွက် ကျွန်တော်တို့ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးရန် စာပို့အကူအညီတောင်းခံရခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ အသံများကို ကြားနိုင်ရန် ယခုစာနှင့်အတူ ရွာသားများ၏ လက်မှတ်များကိုပါ ပေးပို့ပါသည်။ | အယူခံစာ |
| 2 | တနင်္သာရီ တိုင်း ဝန်ကြီးချုပ် | ၂၁ ဖေဖော်ဝါရီ ၂၀၁၅ | • ရွာသားများ၏ ဥယျာဉ်ခြံနှင့် မြေယာများသည့် MSPP မြေလုပ်ပိုင်ခွင့် ဧရိယာတွင် ပါနေသည်ဟု သိရသဖြင့် MSPP စီမံကိန်း၏ မြေပုံကို ကြည့်ရှုခွင့် တောင်းဆိုခဲ့သည်။<br>• MSPP၏ခွင့်ပြုမိန့်နှင့်ကုမ္ပဏီအကြောင်းကိုမိတ္တူတောင်းခံခဲ့သည်။ | ကုမ္ပဏီအကြောင်း အပါအဝင် MSPP ကုမ္ပဏီ စီမံကိန်း မြေပုံနှင့် ခွင့်ပြုမိန့်ကို တောင်းဆိုခဲ့သည်။ |

နောက်မျက်နှာသို့

| # | သို့ | ပို့သည့် ရက်စွဲ | အဓိကအချက်များ | အကြောင်းအရာ |
|---|---|---|---|---|
| 3 | တနသ်ာရီတိုင်း ပစ်ခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ဥက္ကဋ္ဌ | ၂၈ ဧပြီ ၂၀၁၆ | • ဒေသခံများသည် MSPP စီမံကိန်းအတွက် လွတ်လပ်သော ဆန္ဒဖြင့် ထုတ်ဖော် ပြောကြားသည့် သဘောတူညီချက် ပေးထားခြင်း မရှိကြောင်းနှင့် MSPP သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လုပ်ဆောင်နေသည်။<br>• ကျေးရွာသားများက ဖျက်ဆီးခံရသော ဥယျာဉ်ခြံများအတွက် MSPP ထံမှ လျော်ကြေးတောင်းခံထားသော်လည်း ကုမ္ပဏီက ထိုတောင်းဆိုချက်များကို ပယ်ချလိုက်ပြီး ဗဟိုအစိုးရထံ တောင်းဆိုရန် ပြောဆိုလိုက်သည်။<br>• MSPP က ရွာသားများ၏ သောက်သုံးရေအတွက် ရေတွင်း ငါးတွင်း တူးပေးမည်ဟု ကတိပေးထားသော်လည်း ယခုချိန်ထိ တူးပေးခြင်း မရှိသေးပေ။ ကုမ္ပဏီသည် အခြားလုပ်ငန်းများ ဆက်မလုပ်ခင် ရေတွင်းတူးပေးခြင်းကို လုပ်ပေးသင့်သည်။ | MSPP ကုမ္ပဏီကြောင့် ထိခိုက်ခံစားရသည့် ရွာသားများ၏ သောက်သုံးရေ ပြဿနာကို ဖြေရှင်းပေးရန် တိုင်ကြားစာ |
| 4 | MSPP မြိတ်မြို့နယ်ရုံးမှ စီမံခန့်ခွဲမှု ဒါရိုက်တာ | ၁၁ မေ ၂၀၁၆ | • MSPP စီမံကိန်းမှ ရေအဆိပ်သင့်နေသည့် ပြဿနာကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။<br>• MSPP က ကတိပေးခဲ့သည့်အတိုင်း သောက်သုံးရေအတွက် ရေတွင်းတူးပေးမည့် အစီအစဉ် မရှိခဲ့ပေ။ | လောဆန္ဒေးရွာတွင် ရေပြဿနာရှိသဖြင့် ရွာတွင် သစ်တောရှင်းလင်းခြင်းကိုယာယီ ဆိုင်းငံ့သင့်ကြောင်းစာ ပေးပို့ခဲ့သည်။ |
| 5 | သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုသမ္မတ ဟင်နရီ ဗင်ထီးယူ | ၁၂ မေ ၂၀၁၆ | • MSPP သည် မြေသိမ်းယူခြင်း ဥပဒေ၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း မရှိသည့်အတွက် သင့်တော်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း လက်ရှိ ပြဿနာများကို မဖြေရှင်းမခြင်း သစ်တော ရှင်းလင်းခြင်းကို ဆိုင်းငံ့ထားသင့်သည်။ MSPP ကုမ္ပဏီသည် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ ခွင့်ပြုချက်ရခဲ့သော်လည်း မြေလွတ်မြေရိုင်းကို စီမံခန့်ခွဲသည့် မြေစီမံခန့်ခွဲသည့် ကော်မတီများထံမှ ခွင့်ပြုချက် မရခဲ့ပေ။<br>• MSPP သည် ဌာနေတိုင်းရင်းသားများထံမှ မြေသိမ်းယူခဲ့ပြီး ဥယျာဉ်ခြံများနှင့် သစ်တောများကို ဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံများသည် အသက်မွေးဝမ်းကြောင်းအတွက် အခက်အခဲများ ရင်ဆိုင်နေရသည်။ ပိုးသတ်ဆေးနှင့် ဓာတုဖြန်းဆေးများ အသုံးပြုခြင်းကြောင့် ဒေသခံများ၏ ကျွဲ၊ နွားတိရိစ္ဆာန်များ သေဆုံးမှုများ ဖြစ်နေသည်။ MSPP က သစ်တောရှင်းလင်းမှုကြောင့် သောက်သုံးရေလည်း မရတော့ပေ။ MSPP က မြေယာပြဿနာကို ဥပဒေနှင့်အညီ မဖြေရှင်းပေးသရွေ့ လုပ်ငန်းဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။ | MSPP က သစ်တော ရှင်းလင်းနေသည့် လုပ်ငန်းများကို မြေယာသိမ်းယူသည့်ဥပဒေအရ မြေယာလွှဲပြောင်းယူခြင်း လုပ်ငန်းစဉ်အတိုင်း ပြဿနာများကို မဖြေရှင်းမခြင်း |

နောက်ဆက်တွဲ ၂။ ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ MSPP ကုမ္ပဏီသို့ထုတ်ပေး ခဲ့သည့် ပါမစ်



FIRST RENEWAL ORIGINAL

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

FORM 1

FORM OF PERMIT

(See section 27 A)

Permit No. 007/2011

Date 1st November, 2013

The Ministry of National Planning and Economic Development of the Government of the Republic of the Union of Myanmar in pursuance of the Myanmar Companies Act hereby grants a permit to the MYANMAR STARK PRESTIGE PLANTATION COMPANY LIMITED. in respect of which particulars are detailed below, to carry on its business within the Republic of the Union of Myanmar subject to the provisions contained in the said Act.


| | | |
|---|---|---|
| (1) | Name of the Company | Myanmar Stark Prestige Plantation Co.,Ltd. |
| (2) | Country of incorporation of the company. | The Republic of the Union of Myanmar. |
| (3) | Location of the company's Head Office and / or Principal Office in the Republic of the Union of Myanmar. | No.33, Nawaday Road, Yaw Min Gyi Ward, Dagon Township, Yangon. |
| (4) | The object for which the company is formed (field of business). | Mentioned in back page. |
| (5) | (a) The amount of Capital and the number of shares into which the Capital is divided. | K. 500,000,000 /- divided into 5000 shares of K. 100,000/- each. |
| | (b) If more than one class of shares is authorised, the description of each class. | Only one class. |
| (6) | The names, addresses and nationality of the directors. | As per List attached. |
| (7) | The maximum amount of indebtedness which may be incurred by the company and also a prohibition against the contracting of debts in excess of that amount. | As per conditions attached. |
| (8) | Period of validity of permit. | June 3, 2013 to June 2, 2018. |
| (9) | Statement of compliance with legal requirements for issue of Capital including the amount to be paid in before business is commenced. | As per conditions attached. |
| (10) | Statement of compliance with such conditions as may be prescribed. | The conditions attached to the permit and conditions as may be prescribed from time to time are also to be strictly adhered to by the company. |

By order

For Director General
(Nang Yi Yi Than, Director)
Directorate of Investment and Company Administration

Original received.
1-8.2014.

နောက်ဆက်တွဲ ၃ ။ ။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ MSPP ကုမ္ပဏီသို့ထုတ်ပေးခဲ့သည့် ပါမစ် (၁)



Confidential

[illegible]

MYANMAR INVESTMENT COMMISSION

Building No.(32), Nay Pyi Taw

Our ref: [illegible] 2011
Dated: [illegible] February 2011

Tel: [illegible]
Fax: [illegible]

**Subject:** **Decision of the Myanmar Investment Commission on the Proposal for "Palm Oil Plantation and Oil Palm Mill" with under the name of "Myanmar Stark Prestige Plantation Co., Ltd.".**

Reference: Ministry of Agriculture and Irrigation Letter No.11 MSPP(972/2010) dated (3-12-2010)

1. The Myanmar Investment Commission, at its meeting (42/2010) held on (17 - 12 -2010) and the Trade Council, at its meeting (1/2011) (12-1-2011) had reviewed the proposal for investment in "Palm Oil Plantation and Oil Palm Mill" under the name of "Myanmar Stark Prestige Plantation Co., Ltd." submitted as a Joint Venture between the "Prestige Platform Sdn. Bhd. from Malaysia and Stark Industries Co., Ltd. from Myanmar. After careful review, it was deliberated that the proposed project be approved in principle for implementation and the proposal be submitted to the Cabinet meeting for [illegible] approval.

2. The Cabinet, at its meeting (3/2011) held on (20-1- 2011), had resolved to permit the implementation of the said project. Hence, the "Permit" is herewith issued in accordance with Chapter VI, Section 10 of the Union of Myanmar Foreign Investment Law and Chapter VI, Rule 13 of the Procedures relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be an initial period of 30(Thirty) years from the effective date of signing of the Product Sharing Agreement between Myanma Industrial Crops Development Enterprise (Perennial Crops and Farm Department) and Myanmar Stark Prestige Plantation Co., Ltd. For the extension of another 2(Two) times of 15(Fifteen) years, Myanmar Stark Prestige Plantation Co., Ltd. shall submit the application 5(Five) years before the expiration of first extension period 15(Fifteen) years with the approval of Myanmar Investment Commission.

4. Myanma Industrial Crops Development Enterprise(Perennial Crops and Farm Department) shall provide the utilization of the granted land to Myanmar Stark Prestige Plantation Co., Ltd., 38,000 acres in total, located in Kawet & Kawtmapyin Area, Tanintharyi Township, Myeik District, Tanintharyi Region, for Oil Palm Plantation including research and development facilities and granted land for palm oil mill and or refinery plant.

Confidential

[illegible]

Confidential

Commission as prescribed vide letter No. Na-Ya 9/101/92(116) dated 3-12-92 [Annexure (1)]

18. Myanmar Stark Prestige Plantation Co., Ltd. shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Myanmar Stark Prestige Plantation Co., Ltd shall be responsible for the preservation of the environment at and around the area of the project site. Hence, it shall observe the directive issued by the Commission vide letter No. Ya Ka-1/139/94(0440) dated 30-6-94[Annexure(2)] to undertake all proper treatment systems and other necessary environmental control systems.

20. Payment of principal and interest of the loan(if any) as well as payment for import of raw materials and spare parts etc. shall only be made out of the official foreign exchange earnings of Myanmar Stark Prestige Plantation Co., Ltd.

21. Myanmar Stark Prestige Plantation Co., Ltd. in consultation with Myanma Insurance, shall effect such types of insurance defined under Chapter VIII, Rule 15 of the Procedures relating to the Union of Myanmar Foreign Investment Law.

(Maung Maung Thein)
Chairman


Mr. Tan Ghee Kiat
Prestige Platform Sdn. Bhd.

c/o Managing Director
Myanma Industrial Crops Development Enterprise (Perennial Crops and Farm Department)


cc:
1. Office of the Chairman of State Peace and Development Council
2. Office of the State Peace and Development Council
3. Office of the Government of the Union of Myanmar
4. Ministry of National Planning and Economic Development
5. Ministry of Finance and Revenue
6. Ministry of Commerce
7. Ministry of Agriculture and Irrigation
8. Ministry of Foreign Affairs
9. Ministry of Home Affairs
10. Ministry of Immigration and Population

Confidential

နောက်ဆက်တွဲ ၄ ။ ။ MSPP ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းဧရိယာအတွင်းရှိ တနင်္သာရီအမျိုးသားဥယျာဉ်အဖြစ် အဆိုပြု ထားသော တည်နေရာပြမြေပုံ။



နောက်ဆက်တွဲ ၅ ။ ။ MSPP ကုမ္ပဏီမှ ယင်းစိုက်ခင်းနေရာတွင် စိုက်ထူထားသော မြေဧက ၄၂၂၀၀ သတင်းအချက်အလက်ဆိုင်းဘုတ်။



နောက်ဆက်တွဲ ၆ ။   ။ ရွာသားများ၏ လူဦးရေစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူထု | | | ကျေးရွာအုပ်စုအမည် |
|---|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း | |
| ၁ | သိမ်ပြင် | ၁၂၀ | ၄၂၀ | ၄၃၀ | ၈၅၀ | သရဘွင် |
| ၂ | ဆွယ်ချောင်း | ၂၄ | ၆၀ | ၅၈ | ၁၁၈ | သရဘွင် |
| ၃ | ကဝက် | ၇၀ | ၁၆၀ | ၁၈၅ | ၃၄၅ | သရဘွင် |
| ၄ | ဘောဆန္နေး | ၄၃ | ၁၁၇ | ၉၉ | ၂၁၆ | သရဘွင် |
| ၅ | ပိန်းချောင်း | ၆၀ | ၁၄၅ | ၁၃၂ | ၂၇၇ | သရဘွင် |
| ၆ | အရှေ့ ကမ်း | ၂၄၀ | ၅၄၃ | ၆၅၃ | ၁၁၉၆ | သရဘွင် |
| ၇ | သာယာကုန်း | ၃၀ | ၇၈ | ၆၄ | ၁၄၂ | သရဘွင် |
| ၈ | ကျောက်တောင် | ၈၀ | ၁၉၇ | ၂၀၃ | ၄၀၀ | သရဘွင် |
| ၉ | မိုးပြေး | ၃၀ | ၆၄ | ၈၇ | ၁၅၁ | သရဘွင် |
| ၁၀ | တစ်လိုင်းတပ် | ၇၀ | ၁၆၉ | ၁၈၇ | ၃၅၆ | သရဘွင် |
| ၁၁ | ပြင်းကတိုး | ၅၀ | ၁၁၇ | ၁၂၉ | ၂၄၆ | သရဘွင် |
| ၁၂ | ကော့မပြင် | ၁၅ | ၃၄ | ၄၂ | ၇၆ | ကော့မပြင် |
| ၁၃ | ဟိန်းလတ် | ၂၀ | ၄၈ | ၅၉ | ၁၀၇ | ကော့မပြင် |
| စုစုပေါင်း | | ၈၅၂ | ၂၁၅၂ | ၂၃၂၈ | ၄၄၈၀ | |